မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၃၅၃)

သဘာဝသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် အသုံးပြုနိုင်အောင် စနစ်တကျထိန်းသိမ်း မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများတွင် လိုအပ်သည့်နည်းပညာအဆင့်မြှင့်တင်နိုင်ရန် လိုအပ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၀

အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနၶကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက မိမိတို့ဗဟိုကော်မတီအနေဖြင့် အစည်းအဝေးကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် စတုတ္ထအကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင်တစ်ကြိမ်နှင့် ၂၀၁၇ ခုနှစ် ဇွန်လတွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ပြီးခဲ့သည့် အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက ချမှတ်အတည်ပြုထားသည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသက်ဖြစ်ပြီး လေးစားလိုက်နာရန်လိုအပ်

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) က ချမှတ်အတည်ပြုထားသည့် လုပ်ထုံးလုပ်နည်း (SoP)နှင့် လုပ်ငန်းလမ်းညွှန်(ToR) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသက်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်ကို လေးစားလိုက်နာမှသာလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဟု ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားသည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၂) ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဘယ်လိုလုပ်ငန်းစဉ်တွေ ပေါ်ပေါက်လာရင်၊ ဘယ်လိုအခက်အခဲတွေ၊ ဘယ်လိုထိတွေ့မှုတွေ၊ ဘယ်လိုမျိုးပဋိပက္ခတွေ ပေါ်ပေါက်လာရင် ဘယ်လိုမျိုးလုပ်မယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ မူဝါဒတွေကို JMC-U မှာ ချမှတ်ထားတာရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အသက်ဖြစ်ပါတယ်။ အစည်းအဝေး တက်ရောက်လာတဲ့ JMC-U ခေါင်းဆောင်တွေက တစ်ချက်ချင်း၊ တစ်ချက်ချင်း ဆွေးနွေးဆုံးဖြတ်ပြီးတော့မှ အတည်ပြုထားတာဖြစ်တဲ့အတွက် အဲ့ဒီ SoP၊ ToR တွေကို လေးစားလိုက်နာမှသာလျှင်

စာမျက်နှာ ၇ ကော်လံ ၁ ❖

သီလဝါအထူးစီးပွားရေးဇုန် ဇုန် B အပိုင်းကို မကြာမီစတင်မည် စာ » ၃

ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် တပ်မတော်သင်တန်းသားအရာရှိများအား ပြန်လည်စေလွှတ်ခြင်းအပေါ် သဘောထားထုတ်ပြန် စာ » ၅

မြောက်ကိုရီးယားအပေါ် စစ်ရေးအရ ဆောင်ရွက်ရန်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အရိပ်အမြွက်ပြောကြားခဲ့ စာ » ၁၄

မြန်မာ့အလင်း

မဆုတ်မနစ် လျှောက်လှမ်းကြရမည့်ခရီးတွင်

ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး(ဝါ) တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ပစ္စုပ္ပန်ကာလ ပြည်သူတို့၏မျှော်လင့်ချက်များဖြစ်ကြသည်။ ထို့အပြင် ပြည်သူတို့၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည့် ပြည်သူ့အစိုးရတစ်ရပ်အတွက် စိန်ခေါ်မှုများလည်း ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီခရီးလမ်းပေါ် လျှောက်လှမ်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုစာ မရှိသေး။ ဒီမိုကရေစီစနစ်၏ အလေ့အထနှင့် ယဉ်ကျေးမှုတို့ မရင့်ကျက်၊ မပြည့်စုံသေး။ မျိုးဆက်သုံးဆက်ခန့် (ရာစုနှစ်တစ်ဝက်ခန့်) ဒီမိုကရေစီနှင့် ကင်းဝေးခဲ့ရသည့် နိုင်ငံ၏ လက်ရှိအနေအထားမှာ အလင်းရောင်ကင်းမဲ့သော ဥမင်လိုဏ်ခေါင်း၏ အဆုံးသို့ ရောက်ရှိလာပြီးနောက် အလင်းရောင်နှင့် နေသားမကျသေးသည့်နှယ် ဖြစ်သည်။ အမှောင်ထဲမှာ စမ်းတဝါးဝါးလျှောက်ခဲ့ရသော ခြေလှမ်းများက အလင်းရောင်အောက်တွင်လည်း ထင်တိုင်းမပေါက်နိုင်သေး။ သမိုင်း၏ အမွေခံအဖြစ် ဖြေရှင်းဆောင်ရွက်ရမည့် သမိုင်းကြွေးကျန်ပြဿနာများကလည်း ရှိနေသေးသည်။

"ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာလည်း ပြည်သူအများစုရဲ့မျှော်လင့်ချက်၊ လိုလားတောင့်တချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ ဦးစားပေးဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုများရဲ့ အရေးကိစ္စရပ်များကိုလည်း မလွဲမသွေ ထည့်သွင်းစဉ်းစားဆုံးဖြတ် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ပြည်သူများရဲ့ မျှော်လင့်ချက်များကို တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ ထင်သာမြင်သာရှိမှုစတဲ့ ဒီမိုကရေစီစံနှုန်းများနဲ့အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြဖို့ အထူးအရေးကြီးပါတယ်"ဟူ၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြခဲ့သည်။

ပြည်သူတို့၏ မျှော်လင့်ချက်များဖြစ်သလို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းပန်းတိုင်များဖြစ်သည့် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသော ဆက်နွယ်ဆက်စပ်နေသော အကြောင်းတရားများနှင့် အကျိုးရလဒ်များဖြစ်ကြသည်။မြန်မာ့လူ့ဘောင်တွင် ဒီမိုကရေစီစံနှုန်းများ ပြည့်ဝလာသည်နှင့်အမျှ ငြိမ်းချမ်းသာယာလာနိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သာယာဝပြောလာမည်ဖြစ်သည်။ တစ်ဖန်ဖွံ့ဖြိုးတိုးတက်မှုကလည်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းမှုတို့ကို ပိုမိုခိုင်မြဲစေမည်ဖြစ်သည်။

"ပြည်သူပြည်သားတို့၏ စိတ်နေစိတ်ထား ရင့်ကျက်ပြည့်ဝမှု၊ အတွေးအခေါ် မြင့်မားမှုနှင့် စည်းကမ်းကောင်းမွန်မှုတို့သည် ဒီမိုကရေစီဖော်ဆောင်မှု အောင်မြင်ရန် အဓိကကျသည့်အချက်များဖြစ်ကြောင်း" ဖြင့်လည်း နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြထားရာ တိုင်းရင်းသားလူမျိုးစု အများအပြား စုပေါင်းနေထိုင်ကြသည့် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်အဖြစ် ဖော်ဆောင်ကြရမည့် အနာဂတ်ခရီးတွင် နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းစီအတွက် လိုအပ်သော အရည်အချင်းများပင် ဖြစ်သည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်ဆီသို့ မဆုတ်မနစ် လျှောက်လှမ်းကြရမည့်ခရီးတွင် အရည်အချင်းပြည့်ဝသော နိုင်ငံသူနိုင်ငံသားများအဖြစ် အားလုံးက တက်ကြွစွာပါဝင်ကြရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

မြစိမ်းရောင် (အသားကဏ္ဍ) စီမံကိန်း မြစိမ်းရောင် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ရွေးချယ်

ကဝ စက်တင်ဘာ ၂၀

မြစိမ်းရောင် (အသားကဏ္ဍ) စီမံကိန်းအတွက် မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ရွေးချယ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကြာတောကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဖြူဖြူဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းတို့က မြစိမ်းရောင် (အသားကဏ္ဍ) စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရခိုင်တိုင်းရင်းသားဘာသာအချပ်ပိုအတွက် စစ်တွေကိုယ်ပွားသတင်းစာတိုက်၌ စတင်ပုံနှိပ်

စစ်တွေ စက်တင်ဘာ ၂၀

တိုင်းရင်းသားရေးရာကဏ္ဍ စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရခိုင်ပြည်နယ်အတွက် ထုတ်ဝေဖြန့်ချိမည့် "ရှိုပြည်ရခိုင်ပုံရိပ်" Rakhine Image ရခိုင်တိုင်းရင်းသားဘာသာအချပ်ပိုကို စစ်တွေမြို့ရှိ စစ်တွေကိုယ်ပွားသတင်းစာတိုက်တွင် စက်တင်ဘာ ၂၀ ရက်မှစတင်၍ ပုံနှိပ်ပြီဖြစ်ကြောင်း သိရသည်။

စတင်ပုံနှိပ်ရာသို့ စစ်တွေကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံအရာရှိ ဦးဇော်လွင်နှင့်ကြီးကြပ်သူများ၊ "ရှိုပြည်ရခိုင်ပုံရိပ်"စာတည်းအဖွဲ့မှ စာတည်းမှူးများက လာရောက်ကြည့်ရှုကြပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

"ကျွန်တော်တို့ အပိုင်းကတော့ "ရှိုပြည်ရခိုင်ပုံရိပ်"စာတည်းအဖွဲ့က စိစစ်တည်းဖြတ်ပြီး ပေးပို့လာတဲ့ စာမူတွေကိုပုံနှိပ်ပြီးတော့ ရခိုင်ပြည်နယ်က မြို့နယ် ၁၇ မြို့နယ်လုံးကို ဖြန့်ဖြူးပေးသွားမှာပါ။ နိုင်ငံတော်အစိုးရရဲ့ ယခုဆောင်ရွက်နေတဲ့ တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးမှာ ရခိုင်ပြည်နယ်အတွက် ခုလိုကျရာကဏ္ဍမှာ ပါဝင်ဆောင်ရွက်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလိုရခိုင်ဘာသာနဲ့ ထုတ်ဝေနိုင်မှာဖြစ်လို့လည်း ဝမ်းသာမိပါတယ်"ဟု စစ်တွေကိုယ်ပွား သတင်းစာတိုက်မှ ဦးစံသာကျော်က ပြောပြသည်။

အဆိုပါ "ရှိုပြည်ရခိုင်ပုံရိပ်" ရခိုင်ဘာသာအချပ်ပိုကို ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း ဖြန့်ဖြူးနေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများနှင့်အတူ ဖြန့်ဝေသွားမည်ဖြစ်သည်။

စာပေဝါသနာရှင်များ အနေဖြင့် "ရှိုပြည်ရခိုင်ပုံရိပ်" ရခိုင်တိုင်းရင်းသားဘာသာကဏ္ဍသို့ စာမူများပေးပို့လိုလျှင် စာတည်းအဖွဲ့၊ ရှိုပြည်ရခိုင်ပုံရိပ် ရခိုင်တိုင်းရင်းသားဘာသာကဏ္ဍ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးလမ်းမကြီး စစ်တွေမြို့သို့လည်းကောင်း၊ email-rakhineimage@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော

ထင်သာမြင်သာပြုပြင်စရာ

အရှိန်ထိန်းအချက်ပြမီးဝါများ ပျက်စီးပျောက်ဆုံးနေမှုအား ပြန်လည်ထားရှိပေးစေလို

ဖျာပုံမြို့၌ အထက(၁/၂/၃) ကျောင်းများ၊ အထက(ခွဲ) အလက(၁)နှင့် အမကမြောက်ပိုင်းကျောင်းများသည် မြို့မရပ်ကွက်များ၏ လမ်းဆုံလမ်းမများတွင်တည်ရှိပြီး ကျောင်းသားကျောင်းသူများလည်း သွားလာနေသဖြင့် ကျောင်းများအနီးအဝင် အထွက်နေရာတို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အရှိန်ထိန်းအချက်ပြမီးဝါများကို ဆိုလာစနစ်ဖြင့် တပ်ဆင်ထားသည်မှာ နှစ်နှစ်ခန့်ရှိပြီး အဆိုပါ အရှိန်ထိန်းအချက်ပြမီးဝါများမှာ ပျက်စီး၍ မီးမလင်းခြင်း၊ အချို့မီးဝါတိုင် မရှိခြင်းများကို တွေ့နေရသည်။

စက်တင်ဘာ ၁၈ ရက်က မြို့နယ်စည်ပင်ကော်မတီဝင် ဦးအေးအောင်အား တွေ့ဆုံမေးမြန်းရာ ၎င်းက အချို့ပျက်နေ၍ ပြန်လည်ပြင်ထားကြောင်း၊ အချို့မီးဝါတပ်ဆင်ထားသည့် ဆိုလာပြားနှင့် ဘက်ထရီအိုးများ အခိုးခံရကာ တပ်မည်ဆိုပါက ငွေကျပ်သုံးသိန်းငါးသောင်းခန့်ကုန်ကျနိုင်ပြီး သက်ဆိုင်ရာဌာနတွင် ငွေကြေးအခက်အခဲကြောင့် ပြန်လည်တပ်ဆင်မပေးနိုင်သေးကြောင်း ပြောသည်။

အရှိန်ထိန်းအချက်ပြမီးဝါတိုင်များ ပျက်စီးနေခြင်းနှင့် မရှိသည့်ကျောင်းများရှေ့တွင် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များတွင် ယာဉ်ထိန်းရဲများက ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသော်လည်း ယာဉ်ထိန်းရဲများ အခြားအရေးကြီးသည့်လုပ်ငန်းများ ဆောက်ရွက်နေသည့်အချိန်မျိုးတွင် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်စိုးရိမ်ရသဖြင့်အရှိန်ထိန်းအချက်ပြမီးဝါများ ပြုပြင်ပေးပါရန် ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက လိုလားလျက်ရှိနေကြကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၁၇) ကို စက်တင်ဘာလ ဒုတိယပတ်က ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်နယ်မြေ မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဌေးတို့က မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၀-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၈၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၂၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၇၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၉၀/၇၁၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၀၀/၇၂၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၄၅/၇၆၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၇၁၀/၇၃၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၄	・၀
ဥရောပ	တစ်ယူရို	၁၆၁၇	・၆
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅	・၈
ထိုင်းဘတ်	တစ်ဘတ်	၄၀	・၉
အိန္ဒိယ	တစ်ရူပီး	၂၁	・၁
တရုတ်	တစ်ယွမ်	၂၀၆	・၆၄
မလေးရှား	တစ်ရင်းဂစ်	၃၂၃	・၂

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

မကြာမီတွင် ထုတ်ပြန်မည့် ကဏ္ဍအလိုက် မူဝါဒများ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များနှင့် အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်

● ရှေ့ဖုံးမှ
ဆုံးဖြတ်ချက် စုစုပေါင်း ၅၄ ချက်တွင် ဆောင်ရွက်ပြီး ၁၄ ချက်၊ ဆောင်ရွက်ဆဲ ၃၆ ချက်နှင့် ဆောင်ရွက်ရန် ကျန်လေးချက်ရှိပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကိုလည်း အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ယင်းဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များကို ခြုံကြည့်မည်ဆိုလျှင် အဓိကအားဖြင့် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်ရန်၊ ဗဟိုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် အောက်ခြေအဆင့်အထိ ထိထိရောက်ရောက် အကောင်အထည် ဖော်သွားနိုင်ရန်အတွက် လိုအပ်သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊ အသိပညာပြန့်ပွားရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ စဉ်ဆက်မပြတ် အသုံးပြုနိုင်အောင် စနစ်တကျထိန်းသိမ်း ဆောင်ရွက်ရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ မြို့ပြဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုများ၊ လိုအပ်သည့် နည်းပညာ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရန်ဟူသည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါကြောင်း။

ယင်းဆုံးဖြတ်ချက်များထဲက မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အတည်ပြုထုတ်ပြန်နိုင်ရန် ယခုဆိုလျှင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာမူဘောင်၊ မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အဆင့်ဆင့်တင်ပြဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အလားတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

ထို့ကြောင့် ပြီးခဲ့သည့်အစည်းအဝေးများတွင် ဆုံးဖြတ်ခဲ့သည့် အချက်များထဲမှ ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်သည့် ပညာပေးရေး၊ အသိပညာပြန့်ပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်မှုများကို အရှိန်အဟုန်မြှင့်ပြီး နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းရန်၊ အကျိုးရှိစွာ စဉ်ဆက်မပြတ် အသုံးပြုနိုင်အောင် စီမံခန့်ခွဲရန်၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ မြို့ပြဒေသ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုများတွင်လည်း လိုအပ်သည့် နည်းပညာ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရေရှည်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပိုမိုထိရောက်အောင် ဆောင်ရွက်

ယင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်မှုကော်မတီများ အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ ဝန်ကြီးဌာနအလိုက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အောက်တွင်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စသည့်ဌာနများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြည်သူလူထု အသိပညာပြန့်ပွားရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် များစွာ အားရကျေနပ်မိပါကြောင်း၊ ဆက်လက်ပြီးလည်း ပိုမိုထိရောက်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။

အလားတူ အခြားဝန်ကြီးဌာနများ အနေဖြင့်လည်း မိမိတို့၏ လက်ရှိဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သလိုညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် Performanceကို အခြေခံသည့် ရလဒ်ကောင်းများရရှိစေနိုင်မည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်မှုကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

မကြာမီတွင် ထုတ်ပြန်မည့် ကဏ္ဍအလိုက်မူဝါဒများ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များနှင့် အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ဦးစားပေးအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆုံးဖြတ်ချမှတ်ဆောင်ရွက်သွားရန်၊ လက်ရှိဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ကိစ္စများကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

လစဉ်တင်ပြ

ဗဟိုကော်မတီအနေဖြင့် ဆောင်ရွက်တိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်နိုင်ရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်မှုကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးအနေဖြင့် ပြီးခဲ့သည့် အစည်းအဝေး သုံးကြိမ်နှင့် ယနေ့အစည်းအဝေးတွင်ချမှတ်မည့် လုပ်ငန်းစဉ်များထဲမှ မိမိတို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အခြေအနေပေါ်မူတည်ပြီး သင့်လျော်မည့် ဦးစားပေးလုပ်ငန်းများနှင့် ရေတို၊ ရေရှည်လုပ်ငန်းများ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန်၊ ဆောင်ရွက်တိုးတက်မှုများကို ဆွေးနွေးကြရန်နှင့် ဗဟိုကော်မတီသို့ လစဉ်တင်ပြကြရန် လိုအပ်ပါကြောင်း။

မိမိတို့ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအား အကောင်အထည်ဖော်မှုကို အထောက်အကူပြုမည်ဖြစ်ပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကိုလည်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ရည်မှန်းပြီး ဆိုင်ရာကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် အခက်အခဲရှိနိုင်သော်လည်း ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုလျှင် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားသွားနိုင်မည်ဟု လေးလေးနက်နက် ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး အကြံဉာဏ်ကောင်းများ ဆွေးနွေးအကြံပြုပေးကြရန်နှင့် အားသာချက်၊ အားနည်းချက်များကို အပြုသဘောနှင့် ဝေဖန်ထောက်ပြပေးကြရန် တိုက်တွန်းပါကြောင်း။

ပြီးခဲ့သည့် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနက် အခြားသောကဏ္ဍအလိုက် ဗဟိုကော်မတီများ၏ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ယနေ့တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များ၊ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများသည် မိမိပါဝင်ဆောင်ရွက်နေသည့် အခြားသောကော်မတီများတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ပေါင်းစပ်ဆွေးနွေးပေးရန်နှင့် ယင်းကော်မတီများက ဆွေးနွေးဆုံးဖြတ်ချက်များကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးပေးကြရန် အထူးပြောကြားလိုပါကြောင်း၊ သို့မှသာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ရရှိမည်ဖြစ်ပါကြောင်း။

ဗဟိုအဆင့် လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၊ အလားတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် ဗဟိုကော်မတီဝင်၊ ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ အပါအဝင် ကော်မတီဝင်များက အခါအားလျော်စွာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ရောက်ရှိသည့်အခါ ဆိုင်ရာကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဗဟိုကော်မတီနှင့် ကော်မတီအသီးသီးက ဆောင်ရွက်မည့် လုပ်ငန်းစဉ်အများအပြားကို ဆုံးဖြတ်ချမှတ်ခဲ့မှု၊ ယင်းဆုံးဖြတ်ချက်များထဲမှ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှု၊ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လိုက်ဖက်ညီထွေမှုရှိသည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ထုတ်ပြန်နိုင်ရန် တင်ပြထားမှု၊ ကျန်ရှိနေသည့် အမျိုးသားအဆင့် မဟာဗျူဟာမူဘောင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အစိမ်းရောင်စီးပွားရေး မဟာဗျူဟာမူဘောင်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာများကိုလည်း ဆက်လက်ပြီး အဆင့်ဆင့် တင်ပြရန် စီစဉ်ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆုံးဖြတ်ပေးရမည့် အချက်များ

ယင်းနောက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ၊ အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဗဟိုကော်မတီ အတွင်းရေးမှူးတို့က ကော်မတီအလိုက် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဗဟိုကော်မတီမှ ဆုံးဖြတ်ပေးရမည့် အချက်များကို တင်ပြကြသည်။

ယင်းနောက် အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေအနေများနှင့် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြ ဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သီလဝါအထူးစီးပွားရေးဇုန် ဇုန် B အပိုင်းကို မကြာမီစတင်မည်

ရန်ကုန် စက်တင်ဘာ ၂၀
ရန်ကုန် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်ပြီး ဇုန် B အပိုင်းကို မကြာမီ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဇုန် B အပိုင်းကို တော့ မကြာမီစတင်သွားမှာ ဖြစ်ပါတယ်။ ဒီအတွက် ဂျပန်အစိုးရနဲ့လည်း ၁၆၅ ဧကမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အာဂျီနိုမိုတို အချိုမှုန့်ထုပ်ပိုးစက်ရုံဖွင့်ပွဲတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးဋ္ဌေးဟိန်းက ပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ဧကပေါင်း ၅၇၂၃ ဧကရှိရာ ဇုန် A အတွင်း ဧက ၁၀၀၀ ကျော် အကောင်အထည်ဖော် ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဇုန်Bကို မကြာမီအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဇုန် A တွင် ကုမ္ပဏီ ၈၄ ခုအား လုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုထားပြီဖြစ်ကြောင်း၊ ယင်းဇုန်တွင် ဂျပန်နိုင်ငံက ကုမ္ပဏီ ၄၃ ခု ရင်းနှီးမြှုပ်နှံထားကြောင်း၊ စုစုပေါင်း ဂျပန်နိုင်ငံက ၅၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း၊ ယခုအခါ လုပ်ငန်း ၃၅ ခုမှာ လုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ ကျန်ကုမ္ပဏီများမှာ အဆောက်အအုံများ ဆောက်လုပ်ဆဲဖြစ်ကြောင်း သိရသည်။

ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်ကုမ္ပဏီများက မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ရေဒီယေတာများ၊ ကူဘိုတာများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်များ စတင်ထုတ်လုပ်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နိုင်ငံတော်စီးပွားရေးအတွက် ပို့ကုန်ဦးစားပေး ဆောင်ရွက်နေသော်လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးကိုလည်း ဦးစားပေးလုပ်ကိုင်နေရကြောင်း သိရသည်။ **မြင့်မောင်စိုး**

မြန်မာနိုင်ငံပြန်တမ်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ပြည်မြို့နယ် ဝက်ထီးကန် အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ယာယီဒုတိယရဲမှူးကြီး လှမြင့်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာလတတိယပတ်က အထွေထွေရောဂါကုဆေးရုံ (ခုတင် ၅၀၀)၌ အမှိုက်များရှင်းလင်းပြီး စုပေါင်းသွေးလှူဒါန်းကြရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇနှင့် ပြည်ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်တို့က ကြည့်ရှုအားပေးစဉ် (ခရိုင် ပြန်/ဆက်)

✻ ကျော့ဖုံးမှ

အတွေ့အထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ "Focusing on People – Striving for Peace and a Decent Life for All on a Sustainable Planet" ဖြစ်သည်။

ယနေ့ကျင်းပသည့် အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲတွင် ဘရာဇီးသမ္မတနှင့် အမေရိကန်သမ္မတတို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး နိဘိုဂျင်ဘရောင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှုနှင့် တစ်ကောကွက်များဖြင့် မြေပြုပြင်၍ စပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရွှေမင်းဂံလှေဆိပ်မှ အမြန်သွားရေယာဉ်များဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာ တပ်ရင်းခန်းမ၌ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ထို့နောက် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက စားသောက်ဖွယ်ရာများနှင့် တပ်ရင်း မိခင်နှင့် ကလေးအသင်းအတွက် ရန်ပုံငွေအားလည်းကောင်း ပေးအပ်ပြီးနောက် အရာရှိ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အကြီးတန်းနှင့်အလယ်အလတ်အဆင့်အရာရှိများ စီမံခန့်ခွဲမှုသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၀

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) နှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သည့် လွှတ်တော်ဝန်ထမ်းများအတွက် အကြီးတန်းနှင့် အလယ်အလတ်အဆင့်အရာရှိများ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ UNDP မှ Country Director, Mr. Peter Bachelor ၊ လီကွမ်ယု သင်တန်းကျောင်းမှ Dr. Ora Orn Poocharoen ၊ House of Representatives of the parliament of Australia မှ Mr. Peter Banson နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ လည်းကောင်း ကျင်းပသည်။ **(ယာပုံ)**

ဘိုးဝဇီရခန်းမ၌ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအနေဖြင့် မိမိတို့သတင်းစာကို သိက္ခာသမာဓိနှင့်ပြည့်စုံပြီး စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ မှန်ကန်မျှတသည့် သတင်းစာများအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူ့အသံ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသံ၊ နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်၊ ဆောင်ရွက်ချက်များကို ထည့်သွင်းဖော်ပြပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ နေ့စဉ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ဖိအားများကိုလည်း ကြုံတွေ့နိုင်ပြီး နေ့စဉ်ထုတ်သတင်းစာများဖြစ်ခြင်းကြောင့် အချိန်နှင့်တစ်ပြေးညီ စုပေါင်းဆောင်ရွက်နေကြရသည်ဖြစ်ရာ မတော်တဆ အမှားအယွင်းများ ကြုံတွေ့ရတတ်သည့်အတွက် အမှားအယွင်းကင်းစင်စေရေး အားလုံးဝိုင်းဝန်းအဖြေရှာကာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် စာအုပ်ထုတ်ဝေရေးနှင့် ပုံနှိပ်ရေးလုပ်ငန်းများတွင် အဆင့်အတန်းပြည့်မီသည့် ထုတ်လုပ်မှုများ၊ ပုံနှိပ်မှုများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပြင်ပမှ လုပ်ငန်းများနှင့် ရင်ပေါင်တန်း၍ ထုတ်လုပ်မှု အဆင့်အတန်းကို မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ စာပေဗိမာန်သည် ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိပါကြောင်း၊ မကြာမီ ပုံနှိပ်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းကာ ဆွေးနွေးပွဲများ ကျင်းပသွားရန် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ပြန်လည်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Auditorium ခန်းမ၌ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်၏ တစ်ခုတည်းသော ရုပ်သံမီဒီယာအနေဖြင့် ရပ်တည်ခဲ့ရာမှ လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်ကစတင်ပြီး ပုဂ္ဂလိကမီဒီယာနှစ်ခုကို စတင်လမ်းဖွင့်ပေးခဲ့ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲနိုင်ရေး သေချာစဉ်းစားလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာနည်းပညာများကို ကြည့်ရှုလေ့လာပြီး ပြောင်းလဲလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ မီဒီယာတစ်ခုအနေဖြင့် ခိုင်မာစွာတည်ရှိစေလိုပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှု ဗဟိုပြု မီဒီယာအဖြစ် ရပ်တည်မလား၊ အစိုးရမီဒီယာအနေဖြင့် ရပ်တည်သွားမလား၊ နည်းလမ်းနှစ်ခုလုံးဖြင့် ရပ်တည်သွားမလားဆိုသည်ကို ဆွေးနွေးနေကြဆဲဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံမှုသည် လတ်တလောလုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ပိုမိုအဆင်ပြေကောင်းမွန်စေရန် ရည်ရွယ်တွေ့ဆုံခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆွေးနွေးမှုများအပေါ် လတ်တလော ဆောင်ရွက်သွားမည့် အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၁၀)ကြိမ်မြောက် အာရှပစိဖိတ် ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး တက်ရောက်သည့် ကြည်းတပ်ဦးစီးချုပ်များနှင့်သီးခြားတွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့်ပတ်သက်၍ အထောက်အထားများနှင့် ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် (၁၀)ကြိမ်မြောက် အာရှပစိဖိတ်ကြည်းတပ် ဦးစီးချုပ်များအစည်းအဝေးတက်ရောက်စဉ် အမေရိကန်ကြည်းတပ် ပစိဖိတ်တပ်မှူး Gen. Robert B. Brown ၊ သြစတြေးလျကြည်းတပ်ဦးစီးချုပ် Lt. Gen. Angus Campbell ၊ ကိုရီးယားကြည်းတပ်ဦးစီးချုပ် Gen. Kim Yong-woo ၊ ဂျပန် ကြည်းတပ်ဦးစီးချုပ် Gen. Koji Yamazaki တို့နှင့် သီးခြားတွေ့ဆုံ၍လည်းကောင်း၊ ဟန်မြစ်တွင်းသွား သင်္ဘောပေါ်တွင် ကျင်းပပြုလုပ်သည့် ညစာစားပွဲအတွင်း အမေရိကန်ကြည်းတပ်ဦးစီးချုပ် Gen. Mark A. Milley ၊ ကနေဒါကြည်းတပ်ဦးစီးချုပ် Lt. Gen. Paul Wynnyk ၊ မွန်ဂိုလီးယားကြည်းတပ်ဦးစီးချုပ် Maj. Gen. Amglanbaatar Bujinov အပါအဝင် ဘင်္ဂလားဒေ့ရှ်ကြည်းတပ် အမှတ်(၉)တပ်မမှူးဖြစ်သူ Maj. Gen. Sajjadul Haque တို့ကိုလည်း သီးသန့်တွေ့ဆုံ၍ လည်းကောင်း ရခိုင်ပြည်နယ်၏ ဖြစ်စဉ်ဖြစ်ရပ်မှန်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း၊ ၁၉၄၂ ခုနှစ် အလယ်သံကျော် အရေးအခင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မတိုင်မီ ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂါလီကျေးရွာများ အခြေအနေနှင့် ၎င်းရက်နောက်ပိုင်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုအရေအတွက်၊ မီးရှို့ဖျက်ဆီးကျေးရွာအရေအတွက် အပါအဝင် အေးချမ်းစွာနေလိုပြီး အကြမ်းဖက်မှုကိုဆန့်ကျင်သည့် တစ်ဖက်နိုင်ငံသို့ ထွက်မပြေးဘဲ ဆက်လက်နေထိုင်နေသည့် ဘင်္ဂါလီကျေးရွာအခြေအနေများကို ရှင်းလင်းပြသပြီး နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် Genocide နှင့် Ethnics Cleansing အဖြစ် စွပ်စွဲနေမှုများမှာ ဟုတ်မှန်မှုမရှိကြောင်း ရှင်းပြခဲ့သည်။

ထို့ပြင် ၂၀၁၂ ခုနှစ် ဖြစ်စဉ်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက် တိုက်ခိုက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဩဂုတ် ၂၄ ရက်တွင် ကိုဖီအာနန်ကော်မရှင်က ရခိုင်ပြည်နယ် အကြံပြုချက်တင်ပြခြင်း၊ သတင်းစာရှင်းလင်းခြင်း ပြုလုပ်မှုတွင် ရခိုင်ဒေသရှိ ဘင်္ဂါလီများက တိုက်ရိုက်နိုင်ငံသားအခွင့်အရေးရလိုမှုအတွက် တောင်းဆိုနေသည့် ၁၃၅ မျိုးသော တိုင်းရင်းသားမျိုးနွယ်စု၌ မပါသည့် "ရိုဟင်ဂျာ" အသုံးအနှုန်းများ ပါဝင်လာမှုမရှိခြင်းအပါအဝင် ဘင်္ဂါလီများ မျှော်လင့်သည့်အချက်မပါလာခြင်း၊ ၎င်းအပေါ် စက်တင်ဘာလအတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာမှ အထူးအာရုံစိုက်စေရန် ရည်ရွယ်ချက်တို့ဖြင့် ရဲစခန်း ၃၀ အပါအဝင် တပ်ရင်းဌာနချုပ်တို့အား နေရာတစ်ခုလျှင် ၃၀၀ နှင့် အထက် လူအုပ်စုကြီးများက လက်နက်ကြီး/ ငယ်အပါအဝင် တုတ်၊ ဓား၊ လုံ၊ ဂျင်ကလိ စသည့် လူကိုသေစေနိုင်သည့် လက်နက်များကို အသုံးပြု၍ အကြမ်းဖက်မှု ၊ အတူနေထိုင်သည့် ဟိန္ဒူဘာသာဝင်များကို အကြမ်းဖက်ကာလအတွင်း အစ္စလာမ်ဘာသာသို့ အတင်းကူးပြောင်းခိုင်းရာမှ လက်မခံနိုင်သူများကို သတ်ဖြတ်မှု၊ နိုင်ငံတော်အစိုးရက အုပ်ချုပ်မှုအာဏာစက်နှင့် နိုင်ငံတော်လုံခြုံရေးထိပါးလာမှုအပေါ် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ကြေညာမှု၊ တပ်မတော်က နိုင်ငံတော်အစိုးရ၏ စစ်ဆင်ရေးနယ်မြေသတ်မှတ်တာဝန်ပေးမှုအရ နိုင်ငံတကာ စစ်ပွဲဥပဒေနှင့် ပြည်တွင်း ရာဇသတ်ကြီး ဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသည့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို အနည်းဆုံးအင်အားသုံး၍ အသုံးပြုခဲ့မှု ၊ ထုတ်ပြန်ထားသည့် Rule of Engagement (ROE) ကို စစ်သည်တိုင်း လိုက်နာဆောင်ရွက်နေမှု၊ အေးချမ်းစွာနေထိုင်လိုပြီး အကြမ်းဖက်မှုကို မလိုလားသည့် ဘင်္ဂါလီရွာများက အကြမ်းဖက်သမားများကို ဖမ်းဆီး၍ ရဲစခန်းသို့အပ်နှံပေးမှု၊ နိုင်ငံတော် အစိုးရအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်တော- ဘူးသီးတောင်ဒေသ ရွှေ့ပြောင်းဒုက္ခသည် တိုင်းရင်းသားအများစုအား လူသားချင်းထောက်ထားမှု အကူအညီများ၊ ဆေးဝါးကုသပေးသကဲ့သို့ အေးချမ်းစွာနေလိုပြီး အကြမ်းဖက်မှုကိုဆန့်ကျင်၍ အကြမ်းဖက်ကာလအတွင်း ကျေးရွာအတွင်းသို့ ဝင်ရောက်စည်းရုံး၊ ခြိမ်းခြောက်လာသည့် အကြမ်းဖက်သမားများကို ဖမ်းဆီးလာသော ဘင်္ဂါလီကျေးရွာမှ ဘင်္ဂါလီများကိုလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်း၊ ဆေးကုသမှုပြုလုပ်ပေးနေမှု ၊ မိမိတိုင်းရင်းသားများ ရွာလုံးကျွတ်ထွက်ပြေးရမှု၊ ထွက်ပြေးစဉ် မလိုက်နိုင်၍ အကြမ်းဖက်သမားများ ဖမ်းမိမှုကြောင့် ရက်ရက်စက်စက် လူမဆန်စွာ လည်လှီးအသတ်ခံရသည့် တိုင်းရင်းသူ မိခင်နှင့် နှစ်နှစ်အရွယ် ကလေးနှစ်ဦး အခြေအနေ၊ ဘာသာပြောင်းရွှေ့မှုအား လက်မခံသည့် ဟိန္ဒူအမျိုးသမီးနှင့် ငါးနှစ်အရွယ် ကလေးအား အနီးကပ်မျက်နှာများ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်၍ သတ်ဖြတ်မှုတို့ကို ဓာတ်ပုံအထောက်အထားများဖြင့် ဆက်လက်ရှင်းပြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သြစတြေးလျ ကြည်းတပ်ဦးစီးချုပ် Lt. Gen. Angus Campbell နှင့် တွေ့ဆုံဆွေးနွေးစဉ်

ထို့ပြင် ရဲစခန်းသို့ရောက်ရှိလာသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများအား စစ်ကြောချက်အရ ဘင်္ဂါလီကျေးရွာအလိုက် ရွာလုံးကျွတ် အကြမ်းဖက် စစ်ပညာသင်ကြားရမှု၊ တပ်ဖွဲ့ဝင်အဖြစ် ကိုရ်ရမ်ကျမ်းကိုင်၍ သစ္စာဆိုရမှုအပါအဝင် အကြမ်းဖက်သမားအမည်နှင့် ဓာတ်ပုံများကိုလည်း ဖော်ထုတ်ရရှိမှုနှင့် ဖော်ထုတ်ဆဲ အခြေအနေများ၊ လက်ရှိထွက်မပြေးဘဲ အေးဆေးစွာနေထိုင်နေသည့် ဘင်္ဂါလီကျေးရွာများတွင်မှု အကြမ်းဖက်သမားများ အနည်းစုပါရှိသော်လည်း အများစုမှာ အကြမ်းဖက်အုပ်စုကို ဆန့်ကျင်သဖြင့် အနည်းစုသာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးမှု အခြေအနေများကို ဓာတ်ပုံနှင့် စာရင်းဇယားအထောက်အထားများဖြင့် ရှင်းလင်းသည်။

အဆိုပါ ကြည်းတပ်ဦးစီးချုပ်များက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆွေးနွေးပြောကြားချက်များကို မိမိတို့သက်ဆိုင်ရာအကြီးအကဲများထံ နှုတ်ဖြင့် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် ယခုစိန်ခေါ်မှုပြဿနာအား အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြစ်ရပ်မှန်မှတ်တမ်းဓာတ်ပုံများပါဝင်သည့် Memory Stick ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဂျပန်ကိုယ်ပိုင်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General.Koji Yamazaki နှင့် ယနေ့နံနက်ပိုင်းတွင် ဆိုးလ်မြို့ Grand Hyatt Hotel၊ Bilateral Meeting Room တွင် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး (Humantarian Assistance and Disaster Relief) ဆိုင်ရာနယ်ပယ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ လက်ရှိ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသောဖြစ်ရပ်မှန်များအား ရှင်းလင်းပြောကြားသည်။

ဂျပန်ကိုယ်ပိုင် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General.Koji Yamazaki က မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏ မိတ်ဆွေရင်းနိုင်ငံဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တည်းခိုရာ Grand Hyatt Hotel ၊ Nansam Hall ၌ ကျင်းပသော ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Lee Nak- Yeon က အာရှပစိဖိတ်ကြည်းတပ် ဦးစီးချုပ်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

(သတင်းစဉ်)

ထားဝယ်ရိုးရာသပိတ်မျှောပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ထားဝယ် စက်တင်ဘာ ၂၀

ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်ရိုးရာသပိတ်မျှောပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ် ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်း၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်းသိရှိရပြီး ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦးမှစ၍ အကွေ့ ၁၂ ကွေ့ပါသောဝင်္ကပါ ပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထူးခြားချက်အနေဖြင့် ယခုနှစ်ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်တွင် ပျောက်ကွယ်နေသောရှေးထားဝယ် ရိုးရာယိမ်းအကကို ကပြတင်ဆက်သွားမည်ဖြစ်ကြောင်းသိရှိရပြီး ယိမ်းအကမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်ကတည်းက ရှိခဲ့၍ထားဝယ်မြို့၌ ယိမ်းအက မကဖြစ်သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိနေပြီး ယခုနှစ်ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်မြို့နယ်တောင်ပိုင်းမှ အမျိုးသမီးများက ယိမ်းအကကို ပြန်လည်ကပြမည်ဖြစ်ကြောင်း သိရှိရသည်။

(ပြန်/ဆက်)

ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် တပ်မတော်သင်တန်းသားအရာရှိများအား ပြန်လည်စေလွှတ်ခြင်းအပေါ် သဘောထားထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၀

ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် တပ်မတော်သင်တန်းသား အရာရှိများအား ပြန်လည်စေလွှတ်ခြင်းအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်ချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်၌ ယနေ့ ပါတီစုံဒီမိုကရေစီခေတ်ကာလတွင် တပ်မတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာတပ်မတော်များနှင့်ပါ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားတွင်လည်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး လုပ်ဆောင်ခဲ့ရာ မြန်မာ့တပ်မတော်မှ သင်တန်းသား အရာရှိငါးဦး ဗြိတိန်နိုင်ငံတွင် သင်တန်းများ တက်ရောက်လျက်ရှိကြောင်း၊ သို့သော် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဗြိတိန်ပါလီမန်အမတ်များက ဗြိတိန်နိုင်ငံတွင် သင်တန်းတက်ရောက်နေသော မြန်မာ့တပ်မတော်သင်တန်းသားများအား သင်တန်းဆိုင်းငံ့ပေးရန်တောင်းဆိုမှုအရ အဆိုပါ သင်တန်းသားအရာရှိများအား မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် လန်ဒန်မြို့ရှိ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး၌ သင်တန်းသားအားလုံး စုစည်းရောက်ရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ယင်းသင်တန်းသားများအား မြန်မာနိုင်ငံသို့ အမြန်ပြန်လည်ခေါ်ယူသွားမည်ဖြစ်ပြီး ယခင်က ကမ်းလှမ်းသဘောတူညီထားသည့် သင်တန်းသားများအပါအဝင် ဗြိတိန်နိုင်ငံသို့ သင်တန်းသားများ ထပ်မံစေလွှတ်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့် ရှိမည်

နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

ငါးဖြာသီလစောင့်ထိန်းကြ

ဒေါက်တာ အောင်သန်းဝင်း (အရှေ့တိုင်းပညာ)

မိုးလေဝသကောင်းမွန်ပြီး ဆန်ရေစပါးပေါ်များကာ ကမ္ဘာကြီး သာယာဝပြောစေရန် လူသားတိုင်းငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းရန်လိုပေသည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်တိုးတက်အောင်မြင်မှုကို မြှင့်တင်ပေးရန် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရမည်ဖြစ်

သီလသည်လူတစ်ဦးချင်းစီ၏ အသက်သွေးခဲဖြစ်၏။ သီလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလဟူ၍ အသီးသီးရှိ၏။ ထိုအထဲမှငါးပါးသီလသည်လူမျိုးမရွေး ဘာသာမရွေးလိုက်နာကျင့်သုံးအပ်သည့် အခြေခံလူ့ကျင့်ဝတ်များဖြစ်သည်။ ငါးပါးသီလသည် လူတို့အတွက် ကျင့်ဆောင်ရန် လွန်စွာခက်ခဲလှသည့် ကျင့်စဉ်မဟုတ်ပေ။ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ စာသင်ရင်း၊ ကျောင်းသွားရင်း၊ ရုံးတက်ရင်းကျင့်ဆောင်၍ ရသောသီလဖြစ်သည်။ ထို့ကြောင့် ငါးပါးသီလသည် စကြာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောလူတိုင်းကျင့်သုံးရမည့်အခြေခံသီလ ဖြစ်သည်။

ငါးပါးသီလ၏ အခြားအမည်ထူးများလည်း ရှိပေသေးသည်။လူမှန်လျှင်လိုက်နာကျင့်သုံးရမည့် ဓမ္မတရားဖြစ်သောကြောင့် ဓမ္မတာသီလ၊ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မသီလ၊ စကြာဝတေးမင်းတို့ ဓမ္မသတ်သဖွယ်ကျင့်သုံးသောကြောင့် စက္ကဝတ္တိဓမ္မသတ်၊ ကုရုတိုင်းနေလူတို့လိုက်နာကျင့်သုံးသော တရားဖြစ်၍ ကုရုဓမ္မသီလ၊ လူပုဂ္ဂိုလ်တို့၏ကိုယ်ကျင့်တရားဖြစ်သောကြောင့် ဂဟဋ္ဌသီလ၊ အရေအတွက်ငါးပါးရှိသောကြောင့်ပဉ္စသီလ၊ လူတို့အမြဲနိစ္စစောင့်သုံးအပ်သောကြောင့် နိစ္စသီလ၊ မြတ်စွာဘုရားရှင်ကတားမြစ်ထားသောကြောင့် ဝါရိတ္တသီလ၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် အရိယကန္တသီလ၊ ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးထိုက်သောကြောင့် သိက္ခာပဒသီလဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ထိုငါးပါးသီလမှာအောက်ပါအတိုင်းဖြစ်သည်။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။ သူများ အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။ ပိုင်ရှင်မပေးသောပစ္စည်းကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။

၄။ မုသာဝါဒါဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။ မူးယစ်မေ့လျော့စေတတ်သောသေရည်သေရက်၊ မူးယစ်ဆေးဝါးစသည်တို့ကို သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။

သူများအသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်းသည် သတ္တဝါများ၏ဘဝနှင့်အသက်ကို လေးစားတန်ဖိုးထားခြင်း ဖြစ်သည်။ သူများအသက်သတ်သူသည် အကျိုးဆက်အားဖြင့်မိမိလည်း အသက်တိုမည်ဖြစ်ပြီး သေဆုံးသည့်အခါ အပါယ်ငရဲသို့ကျရောက်မည်ဖြစ်သည်။ ငရဲမှလွတ်၍လူဖြစ်လာလျှင်လည်း ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ အနာရောဂါများခြင်း၊ သူများသတ်၍ သေရခြင်း၊ အသက်တိုခြင်းစသည့်အပြစ်များကို ကြုံတွေ့ရမည်ဖြစ်သည်။ သူများအသက်သတ်ခြင်းသည် မသတ်ဘဲရှောင်ကြဉ်ခြင်းထက် ခက်ခဲပါသည်။ သူများအသက်သတ်တော့မည်ဆိုလျှင် ဦးစွာသေစေနိုင်သော လက်နက်ရှာဖွေရပါမည်။ ထို့နောက် မိမိသတ်မည့် သူလာမည့်နေရာ၊ အချိန်တို့ကို လေ့လာရပါမည်။ အခွင့်အခါကောင်းကို စောင့်ဆိုင်းရပါမည်။ အခွင့်အခါကောင်းပါက ထိုသူကို သတ်ရန်အားထုတ်ရပါမည်။ ထို့ကြောင့် ပါဏာတိပါတကိုကျူးလွန်ရန် လုပ်ငန်းစဉ်များသည် ခက်ခဲလှပါသည်။ ပါဏာတိပါတကို ရှောင်ကြဉ်လိုက်ပါက ထိုလုပ်ငန်းစဉ်များကို လုပ်ရန်မလိုတော့ပါ။ သို့ဖြစ်၍သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက်လွယ်ကူပါသည်။ ထို့ကြောင့် လူသားတိုင်းပါဏာတိပါတကိုရှောင်ကြဉ်ရမည် ဖြစ်သည်။

ပိုင်ရှင်မပေးသောပစ္စည်းကိုယူခြင်းမှရှောင်ကြဉ်ခြင်းသည် အခြားသူများ၏ပစ္စည်းနှင့် ထိန်းသိမ်းမှုကို တန်ဖိုးထားရိုသေလေးစားခြင်း ဖြစ်သည်။ အဒိန္နာဒါနကိုကျူးလွန်သူသည် သေသောအခါငရဲ၌ ဖြစ်ရ၏။ ငရဲမှလွတ်၍လူပြန်ဖြစ်လာလျှင်လည်း ဥစ္စာနည်းခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်း၊ အလိုရှိသော အရာကိုမရခြင်း၊ စည်းပွားဥစ္စာပျက်စီးခြင်း၊ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်း စသောမကောင်းကျိုးများကို ခံစားရမည် ဖြစ်သည်။ ပိုင်ရှင်မပေးသော ပစ္စည်းကိုခိုးယူခြင်းမှရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက် လွယ်ကူပါသည်။ သူတစ်ပါးပစ္စည်းကို ခိုးယူတော့မည်ဆိုလျှင် ဦးစွာပိုင်ရှင်မသိအောင်လျှို့ဝှက်ဆောင်ရွက်ရပါမည်။ ခိုးယူမည့်ပစ္စည်းရှိမည့်နေရာကို စုံစမ်းရပါမည်။ မည်သူမျှမသိနိုင်မည့်အချိန်ကို စောင့်ဆိုင်းပြီး ခိုးယူမှုကိုကျူးလွန်ရပါမည်။ အဒိန္နာဒါနကိုရှောင်ကြဉ်လိုက်ပါက ထိုလုပ်ငန်းစဉ်များ လုပ်ရန်မလိုတော့ပါ။ သို့ဖြစ်၍ ပိုင်ရှင်မပေးသောပစ္စည်းကို ယူခြင်းမှရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက်လွယ်ကူပေသည်။ ထို့ကြောင့်လူသားတိုင်း အဒိန္နာဒါနကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သော အကျင့်ဆိုသည်မှာ မိမိဇနီး၊ မိမိခင်ပွန်းမှတစ်ပါး အခြားသောမိန်းမ၊ ယောကျ်ားတို့နှင့် ဖောက်ပြန်ပေါင်းသင်းကျူးလွန်ခြင်းကို ခေါ်သည်။ ကာမေသုမိစ္ဆာစာရကံကို စောင့်ထိန်းခြင်းသည် လူသားတို့၏ မွန်မြတ်မှုနှင့် မျိုးဆက်စွမ်းအားကို လေးစားတန်ဖိုးထားခြင်း ဖြစ်သည်။ ကာမေသုမိစ္ဆာစာရကံကိုကျူးလွန်သူသည် သေသောအခါငရဲ၌ဖြစ်ရ၏။ ငရဲမှလွတ်၍ လူပြန်ဖြစ်လာလျှင်လည်း ရန်သူများခြင်း၊ လာဘ်လာဘရှားပါးခြင်း၊ မိန်းမဖြစ်ရခြင်း၊ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် (နပုံသကပဏ္ဍုက်) ဖြစ်ရခြင်း၊ ယောကျ်ားဖြစ်သော် အမျိုးယုတ်၌ဖြစ်ရခြင်း၊ ချစ်သူနှင့်ကွေကွင်းရခြင်း၊ အိမ်ထောင်မမြဲခြင်းစသော အဖြစ်ဆိုးများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက်လွယ်ကူပါသည်။ ကာမေသုမိစ္ဆာစာရကံကိုကျူးလွန်တော့မည်ဆိုလျှင် ကျူးလွန်လိုသည့် သားပျို၊ သမီးပျိုတို့ကို ဦးစွာရှာဖွေရပါမည်။ သူတို့ သွားလာတတ်သည့် နေရာများ၊ သူတို့နေထိုင်ရာ ပတ်ဝန်းကျင်တို့ကို လေ့လာစုံစမ်းရပါမည်။ ထို့နောက် ပတ်ဝန်းကျင်ဆိတ်ငြိမ်မှုနှင့် အချိန်အခါကောင်းကို စောင့်၍ကျူးလွန်ခြင်းအမှုကို အားထုတ်ရပါမည်။ ထို့ကြောင့် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခြင်းသည် ခက်ခဲလှပါသည်။ မကျူးလွန်ဘဲရှောင်ကြဉ်လိုက်မည်ဆိုပါက ဖော်ပြပါလုပ်ငန်းစဉ်များကို လုပ်ရန်မလိုတော့ပေ။ သို့ဖြစ်၍ ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက်လွယ်ကူပေသည်။ ထို့ကြောင့် လူသားတိုင်း ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်းသည်သစ္စာတရားကို မြတ်နိုးတန်ဖိုးထားခြင်းဖြစ်သည်။ မုသာဝါဒကံကို ကျူးလွန်သူသည် သေသောအခါ ငရဲ၌ဖြစ်ရ၏။ ငရဲမှလွတ်၍ လူပြန်ဖြစ်လာလျှင်လည်း စကားမပီသခြင်း၊ သွားမညီညာခြင်း၊ ခံတွင်းပုပ်ညှီခြင်း၊ အသားအရေမွဲခြောက်ခြင်း၊ ရုပ်အဆင်းချို့တဲ့ခြင်း၊ ဩဇာအာဏာမတည်ခြင်း၊ နှုတ်လျှာပြောဆိုမှုကြမ်းတမ်းခြင်း၊ စိတ်တည်ငြိမ်မှုမရှိဘဲ လျှပ်ပေါ်လော်လီတတ်ခြင်းစသော အပြစ်များနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ မုသာဝါဒကံကို ရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက်လွယ်ကူပါသည်။ မုသာဝါဒကံကို ကျူးလွန်တော့မည်ဆိုလျှင် မဟုတ်မမှန်ပြောဆိုနိုင်ရန် ဉာဏ်နီဉာဏ်နက်များ ထုတ်ရပါမည်။ လိမ်လည်မှုယုတ္တိရှိစေရန် ကြိုတင်အကွက်ချထားရမည် ဖြစ်သည်။ လိမ်လည်မှုအား ထောက်ခံပေးမည့်သူများကိုလည်း ရှာဖွေထားရမည် ဖြစ်သည်။ ထို့ကြောင့် မုသာဝါဒကံကို ကျူးလွန်ခြင်းသည် ခက်ခဲပါသည်။ မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်မည်ဆိုပါက ဖော်ပြပါလုပ်ငန်းစဉ်များကို လုပ်ရန်မလိုတော့ပေ။ သို့ဖြစ်၍ မုသာဝါဒကံကိုရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက် လွယ်ကူပေသည်။ ထို့ကြောင့် လူသားတိုင်းမုသာဝါဒကံကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

မူးယစ်မေ့လျော့စေတတ်သောသေရည်သေရက်၊ မူးယစ်ဆေးဝါးစသည်တို့ကို သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကျန်းမာရေး၊ ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှုတို့ကို လေးစားတန်ဖိုးထားခြင်း ဖြစ်သည်။ သုရာမေရယကံကို ကျူးလွန်သူသည်သေသောအခါငရဲ၌ဖြစ်ရ၏။ ငရဲမှလွတ်၍ လူပြန်ဖြစ်လာလျှင်လည်း အခွင့်အခါသင့်မသင့်ကိုမသိ တတ်ခြင်း၊ ပျင်းရိတတ်ခြင်း၊ မေ့လျော့မူးဝေတတ်ခြင်း၊ သူ့ကျေးဇူးကိုမသိခြင်း၊ အရှက်အကြောက်ကင်းခြင်း၊ ရူးသွပ်တတ်ခြင်း၊ မကောင်းမှုအားလုံးကျူးလွန်လွယ်ခြင်း စသောများစွာသော အပြစ်များကို ခံစားရမည်ဖြစ်သည်။ သုရာမေရယကံကိုရှောင်ကြဉ်ခြင်းသည် ကျူးလွန်ခြင်းထက် လွယ်ကူပါသည်။ သုရာမေရယကံကို ကျူးလွန်တော့မည်ဆိုလျှင် အရက်သေစာများကို ဝယ်ယူရပေမည်။ တည်ဆဲဥပဒေကို ဆန့်ကျင်ပြီး မူးယစ်ဆေးများကိုခက်ခက်ခဲခဲဈေးကြီးပေး၍ ဝယ်ယူရမည် ဖြစ်သည်။ ထို့နောက် မူးယစ်ဆေးသုံးစွဲရန် လျှို့ဝှက်နေရာကို ရှာဖွေရမည်ဖြစ်သည်။ မူးလာပါကလည်း လူစိတ်ပျောက်ပြီး ပြဿနာရှာမည် ဖြစ်သည်။ ထို့အပြင်သုရာမေရယသီလသည် ကျန်သီလလေးပါးအား ဦးဆောင်ဦးရွက်ပြုနေသည်ဟုလည်း ဆိုနိုင်ပါသည်။ သုရာမေရယသီလကျိုးပျက်ပါကအားလုံးသော သီလတို့ကို ချိုးဖောက်မိမည်ဖြစ်သည်။ ထို့ကြောင့်သုရာမေရယကံကို ကျူးလွန်ခြင်းသည် ခက်ခဲလှပေသည်။ မကျူးလွန်ဘဲရှောင်ကြဉ်လိုက်မည်ဆိုပါက ဖော်ပြပါလုပ်ငန်းစဉ်များကို လုပ်ရန်မလိုတော့ပေ။ သို့ဖြစ်၍ သုရာမေရယကံကို ရှောင်ကြဉ်ခြင်းသည်ကျူးလွန်ခြင်းထက်လွယ်ကူပေသည်။ ထို့ကြောင့် လူသားတိုင်း သုရာမေရယကံကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

သက္ကရာဇ် ၁၁၄၆ ခု၊ ဘိုးတော်မင်းတရားလက်ထက် ထုတ်ပြန်သော ဂရုဓမ္မအမိန့်တော်ပြန်တမ်းကိုလည်း ဤသို့တွေ့ရပါသည်-

“ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ ယခုဝါဆိုကာလရောက်ပြီ။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ရာကိုပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကိုဆိုခြင်း၊ သေရည်သေရက်ကိုသောက်ခြင်း၊

တရားငါးပါးကို မကြဉ်မရှောင်ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးပုံ၌ တလူးလာလာနစ်မွန်းကုန်ရာသည်။

တရားငါးပါးကိုကြဉ်ရှောင်၍အလှူပေးခြင်း၊ သီတင်းသီလဆောက်တည်ခြင်းကို ပြုသောသူတို့သည်လူမင်း၊ နတ်မင်း၊ စည်းစိမ်ကိုခံစား၍ နတ်ရွာ၊ နိဗ္ဗာန်ချမ်းသာသို့ရောက်ရာသည်ကို အသင့်နှလုံးသွင်းလျက် သရဏဂုံသုံးပါး၊ ပဉ္စသီ ငါးပါး၊ အဋ္ဌသီရှစ်ပါးတို့ကို မပြတ်ဆောက်တည်ကြကုန်။

ဝါဆိုလပြည့်ထုတ်ပြန်သော အမိန့်တော်ကို သက္ကရာဇ် ၁၁၄၆ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့ ရွှေပြည်တော်မြို့တွင်း၊ မြို့ပြင်လှည့်၍ဖတ်မြဲဖတ်စေ။

ရွှေပြည်တော်မြို့တွင်း၊ မြို့ပြင်အရပ်ခေါင်းသွေးသောက်ကြီးသွေးဆော်တို့ကိုလည်း စီရင်စုအရပ်သားတို့ကို ပဉ္စသီငါးပါး၊ အဋ္ဌသီရှစ်ပါးစသော အလှူပေးခြင်းများကိုတိုး၍ ကျင့်ဆောင်လှူဒါန်းရမည့်အကြောင်းနှင့် မှတ်စုအပ်၍ ကျင့်ဆောင်နှိုးဆော်ကြစေ ” (၁၁၄၆ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့၊ နာခံဇေယျနော်ရထာတွင်ပြန်)

ငါးပါးသီလခေါ်ဂရုဓမ္မ အမိန့်တော်ပြန်တမ်းနှင့် ပတ်သက်၍ ၁၁၄၆ ခု၊ ဝါဆိုလဆန်း ၁ ရက်နေ့တွင် ဤအမိန့်တော်ပြန်တမ်းကို နာခံတော်ကပြန်ဆိုရေးသားသည်။ ၁၁၄၆ ခု ဝါဆိုလပြည့်နေ့တွင် ဘုရင့်ရွှေလွှတ်တော်က အတည်ပြုထုတ်ပြန်သည်။ နှစ်စဉ်ဝါဆိုလဆန်း ၅ ရက်နေ့ရောက်တိုင်းငါးပါးသီလခေါ် ဂရုဓမ္မအမိန့်တော် ပြန်တမ်းကိုဆင်ပေါ်တင်၍ လှည့်လည်ဖတ်ကြားရသည်။

ဂရုဓမ္မခေါ် ငါးပါးသီလမလုံခြုံမစောင့်စည်းသောသူသည် ဘေးရန်ထူပြောသူ ဒုသီလပုဂ္ဂိုလ်မည်၏။ မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှုဟူသော ဘေးရန်တို့နှင့် ကြုံတွေ့ရတတ်၏။ ထို့အပြင် စီးပွားဥစ္စာပျက်စီးခြင်း၊ သတင်းဆိုးနှင့် ကျော်ကြားခြင်း၊ ပရိသတ်ဗိုလ်ပုံအလယ်၌ ကြောက်ရွံ့ခြင်း၊ တွေဝေမေ့မောမှုနှင့်သေရခြင်း၊ သေလွန်ပြီးနောက် ငရဲသို့လားရခြင်းစသော ဆိုးကျိုးများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ဂရုဓမ္မခေါ် ငါးပါးသီလနှင့် ပြည့်စုံသောသူသည် ဘေးရန်ငြိမ်းအေးသူ၊ သီလဝန္တပုဂ္ဂိုလ်မည်၏။ မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံး မသာယာမှုဟူသောဘေးရန်တို့မှ ကင်းဝေးရ၏။ ထို့ပြင်စီးပွား ဥစ္စာရတနာတို့ကို အစုလိုက်အပုံလိုက်ရနိုင်ခြင်း၊ နာမည်ကောင်း သတင်းကျော်ကြားခြင်း၊ ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ် ရဲရင့်ခြင်း၊ တွေဝေမေ့မောမှုမရှိ သတိကောင်းစွာနှင့် သေလွန်ရခြင်း၊ သေလွန်ပြီးနောက် ကောင်းမြတ်သောလူချမ်းသာ၊ နတ်ချမ်းသာဘဝသို့ ရောက်ရခြင်း စသောကောင်းကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပါဋလိရွာသူရွာသားများအား ဘုရားရှင်အထူးဟောကြားတော်မူသည်။ ထို့အပြင် ငါးပါးသီလ လုံခြုံပါကသော တာပန်ဟု ခေါ်ဆိုနိုင်ကြောင်း အင်္ဂုတ္တရနိကာယ် ဂိဟိသုတ်၌ ဖော်ပြထားပါသည်။

ပါဏာတိပါတသိက္ခာပုဒ်ကိုလုံခြုံအောင်စောင့်ထိန်းခြင်းဖြင့်တစ်ဦးနှင့် တစ်ဦးညှဉ်းဆဲသတ်ဖြတ်နေသောသတ္တန္တရကပ်ဆိုးကြီး မကျရောက်အောင်ကာကွယ်ရာရောက်ပါသည်။ အဒိန္နာဒါနသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းခြင်းဖြင့် ငတ်မွတ်ခေါင်းပါးခြင်းမည်သော ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီး မကျရောက်အောင် ကာကွယ်ရာရောက်ပါသည်။ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ သိက္ခာပုဒ်သုံးပါးကိုလုံခြုံအောင်စောင့်ထိန်းခြင်းဖြင့်ရောဂန္တရကပ်ဆိုးကြီး မကျရောက်အောင်ကာကွယ်ရာ ရောက်ပါသည်။

ထို့ကြောင့်ငါးပါးသီလသည် ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်သောသီလဖြစ်သည်။ လူမျိုးမရွေး ဘာသာမရွေး လူသားတိုင်းမဖြစ်မနေဆောက်တည်ကျင့်သုံးရမည့် အခြေခံသီလတော်မြတ်ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးကလည်း ယမမင်းထံ အစစ်ခံသံပေါက်၌ “ မင်းတို့လူ့ဘောင်သီလကြောင်မိုးရှောင်ကွင်းလိမ့်မည်။ သီလပျောက်ကြားစောင့်လေငြား မိုးကား ကွက်ကြားရွာလိမ့်မည် ” ဟုရေးသားထားပါသည်။

ထို့ကြောင့် မိုးလေဝသကောင်းမွန်ပြီး ဆန်ရေစပါးပေါ်များကာ ကမ္ဘာကြီး သာယာဝပြောစေရန် လူသားတိုင်းငါးပါးသီလကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းရန်လိုပေသည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်တိုးတက်အောင်မြင်မှုကို မြှင့်တင်ပေးရန်ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းရမည် ဖြစ်သည်။ ကမ္ဘာသူ၊ ကမ္ဘာသားတိုင်း ငါးပါးသီလမြဲပါက မိမိကိုယ်တိုင်သာမက မိမိမိသားစု၊ မိမိနေထိုင်ရာကျေးရွာ၊ ရပ်ကွက်၊ မြို့ ခရိုင်၊ တိုင်းဒေသကြီး၊ နိုင်ငံ၊ ကမ္ဘာကြီးတစ်ခုလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ကြွယ်ဝသွားမည် ဖြစ်သည်။ ထို့ကြောင့် ဂရုဓမ္မခေါ်ငါးပါးသီလကို လုံခြုံမြဲမြံစွာစောင့်ထိန်းပြီး ကမ္ဘာကြီးအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

ရည်ညွှန်း---အခါတော်နေ့များ --- မာဂဓီ (သာစည်)
ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)
သာသနာရေးဝန်ကြီးဌာန

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် လုံခြုံရေးဆိုင်ရာ ပစ္စည်းများလွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် လုံခြုံရေးဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က စကားပြောစက်များနှင့် ကျည်ကာဦးထုပ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများအား သံအမတ်ကြီးက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မစ္စတာ ဟုန်လျန်တို့သည် လှူဒါန်းပစ္စည်း လွှဲပြောင်းပေးမှု လက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ လုံခြုံရေးဆိုင်ရာပစ္စည်းများဖြစ်သော ကျည်ကာဦးထုပ်အလုံး ၂၀၀ နှင့် စကားပြောစက်များ စက်အလုံး ၂၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Antonio J.M de Souza e Silva အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘရာဇီးနိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အောင်မြင်မှာဖြစ်ပါတယ်”ဟု ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် ဒေသခံအရပ်သားစောင့်ကြည့်သူများ (Local Civilian Monitors) ဖွဲ့စည်းရေး၊ ထိတွေ့မှုများရှောင်ရှား နိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ဆွေးနွေးခြင်းနှင့် JMC-U အတွက်အရေးကြီးသည့် အတည်ပြုပြီးဖြစ်သော လုပ်ထုံးလုပ်နည်း (SoP) နှင့် လုပ်ငန်းလမ်းညွှန် (ToR)အတွက် ပြန်လည်သုံးသပ်ရန် မူဝါဒတောင်းခံခြင်းတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က “အဓိကအားဖြင့် ကျွန်တော်တို့ JMC-U မှာ ဖွဲ့စည်းထားတာကလည်း အားလုံးသိကြတဲ့အတိုင်း ပဋိပက္ခမှာ အဓိကပါဝင်ပတ်သက်နေသူတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရယ်၊ တပ်မတော်ပိုင်းရယ်၊ အစိုးရပိုင်းရယ်က ပဋိပက္ခမှာ အဓိကပါဝင်သူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ပဋိပက္ခကိုခံစားနေရတဲ့ ပြည်သူလူထု၊ အရပ်သားကိုယ်စားလှယ်တွေနဲ့ အဓိကထားပြီး ဖွဲ့စည်းတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုကြည့်ရင် ပဋိပက္ခမှာ အဓိကပါဝင်နေတဲ့အတွက်ကြောင့် တစ်ဖက်နဲ့ တစ်ဖက်က ကိုယ့်ရဲ့လိုလားချက်တွေ၊ တင်ပြမှုတွေများလာပါတယ်။ သို့သော်လည်း ဒီမှာဘာရှိလဲဆိုရင် တစ်ဖက်က တရားသူကြီးအနေနဲ့ အရပ်သားကိုယ်စားလှယ်တွေကိုခန့်အပ်ထားတာဖြစ်တဲ့အတွက် ဒီအပေါ်မှာ လိုက်နာဆောင်ရွက်သွားဖို့ လိုပါတယ်။ ပြည်သူလူထုက တရားသူကြီးအဖြစ်ဆောင်ရွက်တဲ့ အနေအထားကလည်း ဘယ်ပေါ်မှာထားပြီး ဆောင်ရွက်သလဲဆိုရင် ကျွန်တော်တို့ ကြိုတင်သဘောတူညီထားတဲ့ ToR တွေ၊ SoP တွေအပေါ်မှာ မူတည်ပြီးတော့မှ တိတိကျကျလိုက်နာဆောင်ရွက်ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပုံစံဟာလည်း နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ နိုင်ငံတကာက လက်ခံကျင့်သုံးလာနိုင်တဲ့ မော်ဒန်ပုံစံမျိုးလည်း ဖြစ်တယ်ဆိုတာကို တွေ့ရပါမယ်”ဟု နှုတ်ခွန်းဆက်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အကောင်အထည်ဖော်မှုတွင် မိမိတို့နှစ်ဖက် ယုံကြည်မှုအဆင့်မြင့်မားလာရန်လိုကြောင်း၊ လက်နက်ကိုင်နှစ်ဖက်အကြား လက်ရှိ ယုံကြည်မှုမှ နောက်ဆုတ်မသွားရန်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်သော ရှောင်ရှားသင့်သည့် အပြုအမူများကို နှစ်ဖက်ရှောင်ရှားသွားကြရမည်ဖြစ်ကြောင်း၊ တန်းတူညီတူမှုနှင့် အပြန်အလှန်လေးစားမှုများကို အသိအမှတ်ပြုရမည်ဖြစ်ပြီး နှစ်ဖက်အကြား ပုံမှန်ဆက်ဆံမှုမျိုးရှိရန် လိုအပ်သလိုဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ အရပ်သားပါဝင်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှု၊ အရည်အသွေးမြှင့်တင်မှုများကို JMC-U ၏ အရပ်သားကိုယ်စားလှယ်များက ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ အရပ်သားများသည် မိမိတို့လက်နက်ကိုင်နှစ်ဖွဲ့အကြားတွင် ဘက်လိုက်မှုမရှိဘဲ ကြားနေစောင့်ကြည့်သူအဖြစ် ရပ်တည် သွားနိုင်မှ JMC အကောင်အထည်ဖော်မှုသည် အောင်မြင်သည့် အသိအမှတ်ပြုမှုကိုခံရမည်ဖြစ်ကြောင်း။

NCA နှင့်ပတ်သက်၍ အောက်ခြေလူထု နားလည် သဘောပေါက်ရန်နှင့် JMC အပေါ်တွင် ယုံကြည်မှုတည်ဆောက်ရန်လိုကြောင်း၊ အရပ်သူ၊ အရပ်သားများသည် စစ်၏အနိဋ္ဌာရုံကို တစိုက်မတ်မတ်ခံစားလာရခြင်းကြောင့် JMC အကောင်အထည်ဖော်မှုတွင် ယင်းတို့ကိုယ်တိုင်ရဲရဲတင်းတင်းနှင့်ယုံယုံကြည်ကြည် ပါဝင်ရန် လိုကြောင်း၊ NCA ၏ ရည်မှန်းချက်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်မည်ဖြစ်၍ တစ်ပြည်လုံးတွင်ရှိသည့် လက်နက်ကိုင်အဖွဲ့ အစည်းများအားလုံး နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်လာနိုင်ရန် လိုအပ်ကြောင်း၊ JMC ၏ တရားမျှတမှုနှင့် အောင်မြင်မှုကိုယုံကြည်မှ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့်အခက်အခဲမဆို သည်းခံစိတ်ထား၍ စိတ်ရှည်ရှည်၊ ဇွဲရှိရှိဖြင့် ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်အမှာစကားတွင် ပြောကြားသည်။

အရပ်သားကိုယ်စားလှယ်များအစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စောမက်သယူးအေးက “ကျွန်တော်တို့ရဲ့လေ့လာမှုနဲ့ ကျွန်တော်တို့ရဲ့ပါဝင်လုပ်ဆောင်မှုအရ JMC ရဲ့ ရုပ်လုံးဟာ စတင်ပေါ်ပေါက်လာပြီလို့ပဲ ကောက်ချက်ချချင်ပါတယ်။ အောက်ခြေအဆင့်မှာဆိုရင် အဓိကအားဖြင့် အရပ်သားများရဲ့အခန်းကဏ္ဍ၊ အရပ်သားများရဲ့စောင့်ကြည့်ရေး Civilian Monitor ဟာ အရေးကြီးလာပါပြီ။ ဖြစ်စဉ်နဲ့အတူ ကျွန်တော်တို့ရဲ့ပါဝင်လေ့လာမှုအရ နိုင်ငံတော်က လုပ်ဆောင်နေတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ပြည်သူကလည်း စိတ်ဝင်စားမှုရှိတယ်။ ကူညီပံ့ပိုးလိုတဲ့ဆန္ဒလည်းရှိပါတယ်။ ကျွန်တော်တို့ သုံးသပ်ကြည့်တဲ့အခါကျတော့ ပြည်သူလူထု အနေနဲ့ NCA ကို သိတယ်။ ကြားဖူးတယ်ဆိုပေမယ့် ဂဃနဏသိရှိမှုကတော့ အားနည်းနေပါတယ်။ JMC ကိုလည်း ကြားဖူးတယ်။ သိသလိုလိုရှိတယ်။ ဒီထဲမှာပါဝင်တဲ့ အပိုင်းတွေကိုတော့ သိမှုအားနည်းပါတယ်။ ဒါကိုသိရှိနိုင်ဖို့ ဆက်ပြီးလုပ်ဆောင်တွန်းအားပေးသွားမှာဖြစ်ပါတယ်”ဟုပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) သည် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S ကို သတ်မှတ်ရည်မှန်းထားသည့် နေရာငါးနေရာတွင် အကောင်အထည်ဖော်ဖွဲ့စည်းခဲ့ပြီး အောက်ခြေဒေသန္တရ အဆင့်ဖြစ်သည့် ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ကို နှစ်နေရာတွင် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် အစိုးရကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အရပ်သားကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အမှာစကားပြောကြားစဉ်

ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၌ ယင်းမြို့၏ စိုးရိမ် ရေမှတ်အောက် သုံးပေခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်ရှိ ကလေးဝမြို့နှင့် မင်းကင်းမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသားများကိုယ်တိုင်တက်ရောက်ရမည့် အောက်တိုဘာ သင်တန်းကာလနှင့် ဧပြီ၊ မေ သင်တန်းကာလတို့နှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ် (၃၆) ပထမနှစ် သင်တန်းနှင့် အမှတ်စဉ် (၃၅) ဒုတိယနှစ်သင်တန်းများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ၊ ဧပြီ၊ မေ သင်တန်းကာလ ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိ သင်တန်းများကို နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလ နှစ်ကြိမ်တက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက် (စနေနေ့)နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်(ဗုဒ္ဓဟူးနေ့)တို့တွင် ရန်ကုန်ပညာရေးတက္ကသိုလ် စာပေးစာယူ သင်တန်းဌာန၌ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးတွင် ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် မြေပြင်သွားရောက်ကြည့်ရှုလေ့လာခဲ့မှုအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ စိတ်ခံစားမှုနှင့် ၎င်းတို့ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်ကို တိုက်ရိုက်ကြားသိခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းအခြေအနေများကို တတ်နိုင်သမျှခြုံငုံသုံးသပ်သိရှိခဲ့ပြီးဖြစ်၍ လက်တွေ့ကျကျ လေ့လာပြီး တိုင်းရင်းသားများ၏ စိတ်ခံစားမှု၊ ဘဝပြန်လည်ထူထောင်မှု အပါအဝင် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လေ့လာတွေ့ရှိချက်များကို ခြုံငုံအကောင်အထည်ဖော်နိုင်မည်ဆိုပါက ကော်မတီ၏ လုပ်ငန်းများကို အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ခရီးစဉ်၏ တွေ့ရှိချက်များအပေါ် စုစည်းတင်ပြရန် လိုအပ်ပါကြောင်း။

တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာဌာနအလိုက် တာဝန်ပေးချက်နှင့်အညီ ပြန်လည်နေရာချထားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးကိစ္စရပ်များကို အဆောတလျင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လတ်တလော ရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများပါဝင်သကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ပါဝင်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့က ကျောက်တော်၊ ဘူးသီးတောင်နှင့် မောင်တောဒေသအတွင်း၌ မြေပြင်ကွင်းဆင်းလေ့လာခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် အကောင်အထည်

ဖော်လုပ်ဆောင်ပေးမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးမှုအပေါ် ရခိုင်ပြည်နယ် ဝန်ကြီးများကလည်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(သတင်းအဖွဲ့)

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ မောင်တောဒေသ ကွင်းဆင်းကြည့်ရှု

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များနှင့်အတူ မောင်တောဒေသ ဘက်ပေါင်းစုံပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စက်တင်ဘာ ၁၉ ရက် နံနက်က စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် သွားရောက်ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းဝင်းစုရပ်၌ နေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားများပြောကြားကာ စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်ပြီး ကော်မတီပူးတွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အကြမ်းဖက်မှုတွင်ပါဝင်ခဲ့သော အကြမ်းဖက်သမားများအား ဆေးဝါးကုသပေးနေမှုကို သွားရောက် ကြည့်ရှုကြသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် ကော်မတီ ပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မောင်တောဒေသ တောင်ပိုင်းရှိ ရွှေဇဟိုလ်ကျေးရွာနှင့် မောရဝတီကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ကော်မတီအဖွဲ့ဝင်များ လာရောက်ရခြင်း ရည်ရွယ်ချက်များနှင့် မောင်တောဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြောကြားကြပြီး ပြည်သူများအနေဖြင့်လည်း ပြန်လည်ဆွေးနွေး အကြံပြုစေလိုကြောင်း၊ လတ်တလော ကျေးရွာသူကျေးရွာသားများ ကြုံတွေ့နေရသော အခက်အခဲများကိုလည်း တင်ပြစေလိုကြောင်း၊ ပြည်သူများ၏ အခက်အခဲများကို သိရှိမှသာ ကော်မတီအနေဖြင့် အကောင်းဆုံး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ကော်မတီပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကာ စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးသည်။

ယင်းနောက် ရွှေဇဟိုလ်ကျေးရွာနှင့် မောရဝတီကျေးရွာတို့မှ ကျေးရွာသူကျေးရွာသားများက ကျေးရွာရှိ ကလေးငယ်များနှင့် အမျိုးသမီးများမှာ စိုးရိမ်ထိတ်လန့်မှုဖြစ်ကာ အခြားဒေသများသို့ သွားရောက်ခိုလှုံလျက်ရှိကြောင်း၊ အမျိုးသားအများစုမှာ ကျေးရွာလုံခြုံရေးအတွက် ကျန်ရစ်ခဲ့ပါကြောင်း၊ မိမိတို့ကျေးရွာအတွက် လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းဖန်တီးပေးစေလိုကြောင်း၊ ကျေးရွာ၌ စာသင်ကျောင်းများ အကောင်အထည်ဖော် တည်ဆောက်ပေးစေလိုကြောင်း၊ မိမိတို့ ဒေသခံတိုင်းရင်းသားများအနေဖြင့် အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုသဖြင့် လုံခြုံမှုနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များသည် မောင်တောဒေသ မြောက်ပိုင်း ကျီးကန်းပြင် အမှတ်(၁) နယ်ခြားစောင့် ရဲတပ်ဖွဲ့ဌာနချုပ်စခန်းသို့ရောက်ရှိပြီး ဒေသတွင်းလုံခြုံရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းအဖွဲ့)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က နေရပ်စွန့်ခွာပြည်သူများအတွက် အလှူငွေနှင့် အိမ်သုံးပစ္စည်းများပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၂၀

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အလှူငွေ/ ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီသို့ ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မဏိရတနာကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၆ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးပါ အိတ် ၈၆ အိတ်နှင့် ငါးစရိုင်းချောင်းဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၃၂ စုအတွက် အိမ်သုံးပစ္စည်း ၂၁ မျိုးပါ အိတ် ၃၂ အိတ်တို့ကို ပေးအပ်လှူဒါန်းပြီး အဆိုပါကယ်ဆယ်ရေးစခန်းများရှိ ကိုယ်ဝန်ဆောင် အမျိုးသမီး ကိုးဦးအတွက် ထောက်ပံ့ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ဝင်းမင်းစိုး(ပြန်/ဆက်)

မန္တလေးစက်မှုဇုန်လုပ်ငန်းရှင်များက Family Kit အစုံ ၂၀၀ ၊ ဆန်အိတ် ၃၀ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာတိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

မန္တလေး စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိုင်းရင်းသားများနှင့် ပြည်သူများအား လူသားချင်းစာနာထောက်ထားသော ကူညီထောက်ပံ့မှုများအဖြစ် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးစက်မှုဇုန်လုပ်ငန်းရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိသော Family Kit အစုံ ၂၀၀၊ ဆန်အိတ် ၃၀ တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူ၍ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားခဲ့ သည်။

တင်မောင်(မန်းကိုယ်ပွား)

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ရိုးရာအစဉ်အလာမပျက် ဆွမ်းတော်ကြီးလောင်းလှူ

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ လပြည့်လကွယ်ရက်များတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ရိုးရာအစဉ်အလာမပျက် ဆွမ်းတော်ကြီးလောင်းလှူပွဲကို စစ်တွေမြို့ လောကာနန္ဒာဘုရား၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆွမ်းတော်ကြီးလောင်းလှူပွဲ၌ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၉၄ ကျောင်းမှ ရဟန်းသာမဏေ ၃၄၄ ပါးနှင့် သီလရှင်ကျောင်း လေးကျောင်းမှ သီလရှင် ၇၈ ပါးကို အလှူရှင်များက ဆွမ်းဆန်တော်၊ ဖျော်ရည်ဘူးများ၊ အသင့်သုံးပစ္စည်းများ၊ ခေါက်ဆွဲထုပ်များ၊ ဆပ်ပြာထုပ်များ၊ သွားတိုက်ဆေးဘူးများနှင့် ဆေးဝါးပစ္စည်းများကို လောင်းလှူခဲ့ကြသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ကျေးလက်ဒေသများရေရရှိရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်း များ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UNICEF မှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ကျေးလက်ဒေသများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်းများ၊ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့ပါကြောင်း၊ အဆိုပါ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် ဘတ်ဂျက်ရေးဆွဲရာတွင် ဦးစီးဌာနများအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးမှူး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက ဘတ်ဂျက်များ လျာထားတွက်ချက်ရာတွင် အခြေခံရမည့်အချက်များကို ဆွေးနွေးကြသည်။

တင်ထွန်း(ပြန်/ဆက်)

နီပေါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ

စက်တင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသော နီပေါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် ဇနီး ဒေါ်ခင်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E.Mr.Bhim K . UDAS နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်

(သတင်းစဉ်)

မန္တလေးမြို့ရှိ ဥတ္တရလွင်ပြင်စာပေ စာအုပ်အရောင်းပွဲတော်စည်ကား

မန္တလေး စက်တင်ဘာ ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁×၃၂လမ်းကြား ၈၀လမ်းရှိ ဦးသန်းဌေး(စာရေးဆရာသင့်နော်)ဥတ္တရလွင်ပြင် စာပေ၏ ကြိုက်တာယူ ကြိုက်သလောက်ပေး စာအုပ်အရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ မန္တလေးမြို့မှ စာပေမြတ်နိုးကြသူများ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါ စာအုပ်အရောင်းပွဲတော်တွင် နာရီပိုင်းအတွင်း ဆိုင်ရှိစာအုပ်များ ကုန်စင်အောင် ရောင်းချခဲ့ရကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် အနုပညာရှင်ညီအစ်ကိုများ မောင်တောမြို့မကျောင်းရှိ နေရပ်စွန့်ခွာ ကလေးငယ်များ စိတ်ဓာတ်ခွန်အားတက်ကြွစေရန် ဂိမ်းများလာရောက်ယှဉ်ပြိုင်ကစား

မောင်တော စက်တင်ဘာ ၂၀

မောင်တောမြို့မကျောင်းတွင် နေရပ်စွန့်ခွာပြီး ယာယီခိုလှုံပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အား တက်ကြွစေပြီး အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ဂိမ်းကစားနည်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ကွန်မြူနတီစင်တာ၌ပြုလုပ်ရာ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်နှင့် အနုပညာရှင်ညီအစ်ကိုများ လာရောက်ပါဝင်ယှဉ်ပြိုင် အားပေးခဲ့သည်။

မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာအပါအဝင် အနီးဝန်းကျင်ရှိ ကလေးငယ်များကို စိတ်ဓာတ်ခွန်အား တက်ကြွစေရန် အားပေးကူညီဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က “ ဒီနေ့ပဲ ကျွန်တော် မောင်တောကိုရောက်တယ်၊ ရောက်ရောက်ချင်း မြို့မကျောင်းမှာ ယာယီခိုလှုံနေကြတဲ့ နံ့သာတောင်ကျေးရွာက ကျောင်းသား ကျောင်းသူတွေ ခရိုင် ပြန်/ဆက်ရုံးကို ရောက်နေတယ်၊ လာရောက် အားပေးပါဆိုတဲ့အတွက် လာခဲ့တာပါ။ သူတို့လေးတွေ ကြုံတွေ့ခဲ့ရတဲ့ စိတ်ဒဏ်ရာတွေကို မေ့ပျောက်ပြီး ပျော်ရွှင်သွားအောင် ဒီက ဆရာ ဆရာမတွေနဲ့အတူ ကျွန်တော်တို့ တတ်စွမ်းသမျှ ကူညီအားပေးပြီး ကလေးတွေနဲ့အတူ ဂိမ်းတွေဝင်ကစားပေးတယ်။

ဒေါ်စမ်းစမ်းအောင်
ခရိုင်ဦးစီးမှူး

“အခု ကျွန်တော် ဒီမောင်တောကို ပြန်ရောက်တဲ့အခါမှာ ကျန်နေတဲ့နေရာတွေကိုသွားပြီး ထောက်ပံ့ပေးဦးမှာပါ။ နိုင်ငံတော်ကလည်း လိုအပ်တာတွေကို ပံ့ပိုးပေးနေသလို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အခြားသော ပရဟိတစေတနာရှင် ပြည်သူအားလုံးကလာပြီး ထောက်ပံ့ပေးနေကြပါတယ်။ အားလုံးပြည့်စုံသွားတယ် မဟုတ်ပေမယ့် တတ်နိုင်သလောက် ဝိုင်းကူပေးနေကြတာပါ။ ဖြစ်ပြီးသွားတဲ့ အဖြစ်ဆိုးကို နောက်ထပ်မဖြစ်အောင် ဘယ်လိုကြိုးစားမလဲ။ ဒီနေရာမှာ ကိုယ့်တိုင်းရင်းသားတွေ လက်တွဲညီညီနဲ့ အခြေတကျ ပြန်လည်နေထိုင်ပြီး ဒီဒေသကြီး သာယာဝပြော အကောင်းအတိုင်း ပြန်ဖြစ်လာဖို့က ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သူတို့နဲ့အတူတူ ရှိနေမှာပါ။ အေးချမ်းသွားတဲ့ တစ်နေ့မှာ ကိုယ့်ဒေသ ကိုယ့်အိမ်ကို ပြန်လာကြပြီး ပြန်လည်ထူထောင်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော်တို့က လာရောက်ကူညီပေးသွားမှာပါ” ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် ပွဲကို ဖြစ်မြောက်အောင်မြင်အောင် စီစဉ်ခဲ့သည့် မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က “နံ့သာတောင်ကျေးရွာက ကလေးတွေနဲ့ မောင်တောမြို့ပေါ်က ကျောင်းသား ကျောင်းသူလေးတွေရဲ့စိတ်ဓာတ်ခွန်အားတွေတက်ကြွပြီး အသိပညာဗဟုသုတတွေရရှိစေဖို့ ကျွန်မတို့ မောင်တောခရိုင် ပြန်/ဆက်ရုံးမှာ ဖွင့်လှစ်ထားတဲ့ ကွန်မြူနတီစင်တာမှာ ဒီလိုလှုပ်ရှားမှုတွေကို ဆောင်ရွက်ပေးတာပါ။ ကလေးတွေအားလုံးကတော့ ပျော်ရွှင်နေကြပါတယ်။ အခုသူတို့အတွက် စီစဉ်ပေးထားတဲ့ ဂိမ်းကစားနည်းလေးတွေကလည်း သူတို့အတွက် တွေးခေါ်စရာတွေ၊ ဗဟုသုတရစရာတွေပါဝင်တာဖြစ်လို့ သူတို့အားလုံး စိတ်ပျော်ရွှင်မှုတွေကို ရရှိစေမှာပါ။

“ဒီပွဲမှာ ရုပ်ရှင်မင်းသားဝေဠုကျော်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ရောက်လာပြီး သူတို့နဲ့အတူ ဂိမ်းတွေပါဝင်ကစားပေးတဲ့အတွက် ကလေးတွေအလွန်ပျော်ရွှင်ရယ်မောနေတာတွေကိုကြည့်ပြီး ကျွန်မတို့လည်း ပီတိတွေ ဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေ့စီစဉ်ပေးတဲ့ ပွဲလေးဟာ ကလေးတွေအတွက် အတိုင်းအတာတစ်ခုအထိ စိတ်ဓာတ်ခွန်အားတွေ ရရှိသွားကြမယ်လို့ ယုံကြည်ပါတယ်”ဟု ပြောသည်။

မောင်တောမြို့နယ် သမန်းသားကျေးရွာမှ နံ့သာတောင်ပရဟိတကျောင်း၌ ပညာသင်ကြားနေသည့် သတ္တမတန်းကျောင်းသား မောင်ရဲအောင်က “သားတို့ အလွန်ပဲ ဝမ်းသာမိပါတယ်။ သားတို့ကျောင်းမှာ မမြင်ဖူးတဲ့အရာတွေလည်း ဒီမှာမြင်တွေ့ခွင့်ရတယ်။ ဒီက ဆရာမတွေကလည်း သားတို့ရဲ့ ရခိုင်မျိုးနွယ်စုအကြောင်းတွေကို ရှင်းပြပါတယ်။ အဲဒီမှာ ရခိုင်နဲ့ မြို့တိုင်းရင်းသားတွေရဲ့ဝတ်စားဆင်ယင်မှုတွေ၊ နောက်ပြီး သူတို့ရဲ့အသုံးအဆောင် ပစ္စည်းတွေကိုပါ အများကြီးတွေ့မြင်ခဲ့ရပါတယ်။ ပြီးတော့လည်း ရခိုင်တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ရခိုင်သမိုင်းအကြောင်း ရေးထားတဲ့ စာအုပ်တွေလည်း မြင်ခဲ့ရပါတယ်။ သားတို့ကို ပျော်ရွှင်အောင် အခုလို ပြုလုပ်ပေးတဲ့အတွက် သားတို့ သူငယ်ချင်းတွေနဲ့အတူ အလွန်ပဲပျော်ရွှင်ရပါတယ်။ သားတို့ဆီမှာ ဒီလိုတွေမဆော့ခဲ့ရပါဘူး။ ဒါပေမယ့် အပြေးပြိုင်ပွဲတွေ၊ လျှောစင် တက်တာတွေတော့ အများကြီး ဆော့ခဲ့ဖူးတယ်။ သားတို့ဆီမှာ ကစားခွင့်မရတဲ့ ဂိမ်းကစားနည်းပေါင်းစုံကို ဦးဝေဠုကျော်တို့နဲ့အတူ ကစားခွင့်ရလို့ အလွန်ပဲ ပျော်ရွှင်မိပါတယ်။ ဒီနေ့ကစားတဲ့ ဂိမ်းကစားနည်းတွေအားလုံးကို နှစ်သက်ပါတယ်။ ဒီမောင်တောမှာနေရတာ လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ အခွင့်အရေးရရင်တော့ သားအိမ်ပြန်ချင်ပါတယ်။ သားရဲ့မိဘတွေနဲ့ အတူတူနေချင်ပါတယ်။ ဒီမှာ ရောက်နေတဲ့အချိန်မှာ မိဘတွေနဲ့အတူနေခဲ့ရတာတွေကိုလည်း သတိရပါတယ်”ဟု ရင်တွင်းခံစားချက်များကို ပြောသည်။

မောင်တောမြို့မကျောင်းရှိ နေရပ်တိမ်းရှောင်ကလေးများအတွက် စိတ်ဓာတ်ခွန်အား တက်ကြွစေရန် ဂိမ်းကစားနည်းများဖြစ်သည့် အင်္ဂလိပ်စာဝေါဟာရဆက်ခြင်း၊ စကားပုံဆက်ခြင်း၊ စက္ကူခေါက်ခြင်းနှင့် ရုပ်ပုံမှောက်ခြင်း စသည့် ကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး မောင်တောမြို့ရှိ လူငယ်တီးဝိုင်းအဖွဲ့ကလည်း ရခိုင်တေး ရိုးရာတေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေပေးခဲ့ကြသည်။

တင်မောင်လွင်၊ မင်းထက်အောင်
ဓာတ်ပုံ-အောင်ကျော်စိန်
(ခရိုင် ပြန်/ဆက်)

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ပထမနေ့ကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)ကို စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် အငြိမ့်အဖွဲ့ ရှစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့(ဗိုလ်လုပွဲစဉ်များ) ပထမနေ့တွင် ဖူးသစ်ကြယ်စင်(အောင်သူဟိန်း ဆိုင်းအဖွဲ့)က လည်းကောင်း၊ ရွှေညာမြေရဲ့ ကြယ်ပွင့်များ (ဂီတဝိဇ္ဇာ အောင်ဝမ်းတူး ဆိုင်းအဖွဲ့) က လည်းကောင်း၊ မော်ဒယ်ဟား (သားကြီးတင်ဝင်းအောင် ဆိုင်းအဖွဲ့) က လည်းကောင်း၊ ခေတ်သစ်ကြေးမုံ(ရန်ကုန် ဓူဝံ မင်္ဂလာဆိုင်းအဖွဲ့) တို့ကလည်းကောင်း အစဉ်အလိုက် အသီးသီး ကပြဖျော်ဖြေတင်ဆက်ကြသည်။

"ဒီပြိုင်ပွဲမှာ ကျွန်တော်အားရတာတစ်ခုက ပဏာမအဆင့်ပြိုင်ပွဲမှာ အဖွဲ့ပေါင်း ၃၄ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်။ အဲဒီထဲမှာ ဝါရင့်သမ္မာရင့် လူတွေလည်းပါတယ်။ သူတို့တွေ အကုန်ပြုတ်ကျကျန်ရစ်ခဲ့ပြီး မျိုးဆက်သစ်လူငယ်တွေတက်လာခဲ့တယ်။ အခုယှဉ်ပြိုင်မယ့် ရှစ်ဖွဲ့ထဲမှာ ခုနစ်ဖွဲ့က အသစ်တွေ တွေ့ရသလို ဒီမိုကရေစီဖော်ဆောင်စေသော အငြိမ့်သီချင်းတွေကလည်း တော်တော်ကောင်းပါတယ်။ ဒီအငြိမ့်ပွဲတော်ကြီးဟာ မြန်မာပြည်မှာ အကြီးဆုံးပါ။ ဒါ့ကြောင့် ပြည်သူတွေကိုလာကြည့်စေချင်ပါတယ်။ လာကြည့်ခြင်းအားဖြင့် အငြိမ့်ကို အားပေးရာလည်းရောက်တယ်။ တစ်ဖက်ကကြည့်ရင်လည်းလာပျော်လို့ရသလို အငြိမ့်ကိုကြည့်ရင်းနဲ့ ဒီမိုကရေစီရဲ့စံသဘောထားကို ပရိသတ်ရဲ့ရင်ထဲရောက်သွားစေချင်တဲ့အတွက် ပရိသတ်ကို ဖိတ်ခေါ်ပါတယ်"ဟု ပြိုင်ပွဲစီစဉ်သူ ဦးသူရ (ဦးဇာဂနာ)က ပြောကြားသည်။

အလားတူ အဆိုပါ အငြိမ့်ပြိုင်ပွဲသို့လာရောက်ကြည့်ရှုအားပေးသူ လှိုင်သာယာမြို့နယ်မှ ဒေါ်သီတာဝင်းက "ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲဆိုတော့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ ပြက်လုံးတွေ၊ သီချင်းတွေကို တင်ဆက်သွားတာ တွေ့ရတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ခေတ်အခြေအနေအပေါ်မှာမူတည်ပြီး ထုတ်ထားတဲ့ ပြက်လုံးတွေဖြစ်တာကြောင့် တော်တော်ကောင်းပါတယ်။ ကိုယ်အကြိုက်ဆုံးအဖွဲ့ကို မဲပေးနိုင်ဖို့ အတွက် လက်မှတ်တွေလည်းစီစဉ်ထားတယ်။ အခမဲ့ကြိုပို့ယာဉ်တွေလည်း စီစဉ်ပေးထားတော့ လာကြည့်တဲ့သူတွေအတွက် အဆင်ပြေပါတယ်။ ကျွန်မတို့ကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာခဲ့တာပါ။ အပြန်ကျရင်တော့ ကြိုပို့ယာဉ်နဲ့ အနီးစပ်ဆုံးနေရာအထိ လိုက်မယ်လို့တော့ စိတ်ကူးထားပါတယ်"ဟု ပြောသည်။

စက်တင်ဘာ ၂၁ ရက် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)ဒုတိယနေ့တွင် စကားဝါမြေ (ရွှေညီကိုအောင်ဇော်ဗိုလ်ဆိုင်းအဖွဲ့) က လည်းကောင်း၊ မန်းစတား (ပိုင်အောင်ဆိုင်းအဖွဲ့)ကလည်းကောင်း၊ ဇွဲ(မြန်မာပြည်သားလေး- ဗိုလ်ဗိုလ်ဆင့်ဆိုင်းအဖွဲ့) က လည်းကောင်း၊ လူငယ်စတား (ဦးအောင်ဝမ်းတူးဆိုင်းအဖွဲ့) တို့ကလည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများကိုရွေးချယ်သွားမည် ဖြစ်သည့်အပြင် အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု၊ အကောင်းဆုံးဆိုင်းအဖွဲ့ဆု၊ အကောင်းဆုံး မင်းသမီးဆု၊ မျိုးဆက်သစ်ဆု၊ အကောင်းဆုံး တေးသီချင်းဆုနှင့် ပရိသတ်အကြိုက်ဆုံး အဖွဲ့ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ဆိုင်းပညာရှင်မွန်ပြည်နယ် ဦးကိုကိုနိုင်၊ တေးရေးပညာရှင် ဦးညွန့်လှိုင်လှိုင်၊ စာပေပညာရှင် ဦးငြိမ်းမင်း၊ ဟာသပညာရှင် ဦးပေါ်စိန်(မန္တလေး)၊ ဟာသပညာရှင် ဦးမိုးဒီ၊ အကပညာရှင် ဒေါ်အုန်းရီ၊ အကပညာရှင်ဒေါ်နန်းခင်မွှေးတို့က ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်သည့်ပြိုင်ပွဲတွင် အငြိမ့်အဖွဲ့ ၂၁ဖွဲ့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက်မှ အငြိမ့်အဖွဲ့ ငါးဖွဲ့ကိုလည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ခဲ့သည့် ပြိုင်ပွဲတွင် အငြိမ့်အဖွဲ့ ၁၃ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက်မှ အငြိမ့်အဖွဲ့ သုံးဖွဲ့ကိုလည်းကောင်း ရွေးချယ်ခဲ့ကာ ဗိုလ်လုပွဲစဉ်များအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပလျက်ရှိသည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ) ကို ရုံဝင်ကြေးအခမဲ့အဖြစ် ပြသသွားမည်ဖြစ်သည့်အပြင် လာရောက်ကြည့်ရှုသည့် ပရိသတ်များ အဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့နေရာခြောက်ခုတွင် အခမဲ့ ကြို/ ပို့ယာဉ်များကို စီစဉ်ထားကြောင်းသိရသည်။

သတင်း- ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-လှမိုး

ကျိုက်ထီးရိုး ကောင်းကင်ကေဘယ်လ်ပြေးဆွဲရေး ဖွင့်မည့်ရက် နိုဝင်ဘာလနောက်ဆုံးပတ်သို့ရွှေ့ပြောင်း

မော်လမြိုင် စက်တင်ဘာ ၂၀

ကမ္ဘာကျော် ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ တောင်ပေါ်သို့ မိနစ်ပိုင်းဖြင့် အလွယ်တကူတက်ရောက်ဖူးမြော်နိုင်မည့် ကောင်းကင်ကေဘယ်လ် စီမံကိန်း တည်ဆောက်လျက်ရှိပြီး မူလက လာမည့် သီတင်းကျွတ်လပြည့်နေ့အမီ ပြေးဆွဲနိုင်မည်ဟု အသိပေးထားရာ အချိန်မီပြီးစီးရန် အခက်အခဲရှိသဖြင့် မူလသတ်မှတ်ရက်မှ နောက်ကျမည်ဖြစ်ကြောင်း တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိသော Sky Asia ကုမ္ပဏီထံမှ သိရသည်။

"ပြီးစီးမှု ရာခိုင်နှုန်း ၉၀ လောက်တော့ရှိပြီ။ လပြည့်နေ့အမီဖွင့်နိုင်အောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် မိုးအလွန်များတာရယ်၊ ကေဘယ်လ်ကြိုးကိုတိုင်ပေါ်တင်ဖို့ စက်က ပြည်တွင်းက စက်တွေနဲ့မနိုင်ဘူး၊ ပြင်သစ်ကိုလှမ်းမှာရတဲ့အတွက် တပ်ဆင်မှုပိုင်းမှာ နောက်ကျသွားတယ်။ အခုတော့ ကြိုးတွေတင်ပြီးပါပြီ။ တွဲချိတ်ဖို့ပဲ ကျန်တော့တယ်"ဟု အဆိုပါကုမ္ပဏီအကြံပေး ဦးမျိုးဝေကပြောသည်။

အဆိုပါစီမံကိန်းကို Sky Asia ကုမ္ပဏီက ကျိုက်ထီးရိုးဘေးမဲ့တောနယ်မြေမှ မြေဧက ၁၃ ဒသမ ၅ ဧကကို သစ်တောပိုင်မြေမှ နှစ်ရှည်ငှားရမ်းစာချုပ်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်ရယူကာ ကန်ဒေါ်လာ သန်း ၂၀ ရင်းနှီးမြှုပ်နှံထားသည်ဟု သိရသည်။

"ရာသီဥတု ကောင်းလာတာနဲ့ တွဲဆိုင်းတွေချိတ်မယ်။ တွဲပေါင်း ၄၃ တွဲ ချိတ်မယ်။ တွဲတွေချိတ်ပြီးတာနဲ့ ဘုရားဖူးတွေ စိတ်ချလက်ချ အန္တရာယ်ကင်းကင်း စီးနိုင်အောင် စမ်းသပ်စစ်ဆေးမှုတွေ အကြိမ်ကြိမ်လုပ်ပါမယ်။ အားလုံးပြီးတာနဲ့ဖွင့်မှာပါ။ မြန်မာနိုင်ငံမှာ ပထမဆုံး စီမံကိန်းဖြစ်လို့ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ အောက်တိုဘာလ နောက်ဆုံးပတ်မှာ လုပ်ငန်းအားလုံးပြီးစီးမယ်။ နိုဝင်ဘာလဆန်းပိုင်းမှာ စမ်းသပ်မယ်ဆိုတော့ နိုဝင်ဘာလနောက်ဆုံးပတ်မှာ ဖွင့်နိုင်မှာပါ"ဟု ဦးမျိုးဝေက ပြောသည်။

ကေဘယ်လ်ပြေးဆွဲရာ လမ်းတစ်လျှောက် မလွတ်ကင်းသည့် သစ်ပင်များကို ခုတ်ထွင်ခဲ့ရပြီး ကျိုက်ထီးရိုး တောင်တော် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်မျိုးစုံ အပင် ၅၀၀၀ ယခုနှစ်အတွင်း စိုက်ပျိုးထားသည်ဟုလည်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

ကြက်ခြေနီလှုပ်ရှားမှုဖြင့် ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်စဉ် လူစုလူဝေးဖြင့် ဟန့်တားခံရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အခြေအနေထိန်းသိမ်းနိုင်သဖြင့် လူစုကွဲသွားပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၂၀

မောင်တောဒေသရှိ နေရပ်စွန့်ခွာသူများအား ကြက်ခြေနီလှုပ်ရှားမှုဖြင့် ကူညီထောက်ပံ့ရန် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်စဉ် လူစုလူဝေးဖြင့် ဟန့်တားခြင်းခံရပြီးနောက် ရန်လိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူစုလူဝေး ဖြိုခွဲနည်းဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရာ လက်ရှိအချိန်တွင် အခြေအနေထိန်းထားနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

လှေမထွက်ရန်ဟန့်တား

ဖြစ်စဉ်မှာ မောင်တောဒေသ နေရပ်စွန့်ခွာသူများအား ကြက်ခြေနီလှုပ်ရှားမှုဖြင့် ကူညီထောက်ပံ့ရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့ သယ်ယူပို့ဆောင်ရေးတာဝန်ခံ ဦးနိုင်လင်းဝေသည် ယနေ့ မွန်းလွဲ၂နာရီတွင် စစ်တွေမြို့ကယ်ဆယ်ရေး ဆတ်ရိုးကျကယ်ဆယ်ရေးအကွက် (၁) ဘူးသီးတောင်စက်လှေဆိပ်ရှိ ဦးရွှေဦး မောင်းနှင်သည့် သော်တာဝင်းစက်လှေအား ငှားရမ်းပြီး ဆိုလာမီးအိမ် ၇၇၄ ခု၊ အမျိုးသမီးသန့်စင်ရေးသုံးပစ္စည်း ၁၃၀၀၊ အဝတ်အစား ၆၄၀၇၁ ထည်၊ စောင် ၁၃၃၁ ထည်၊ တာပေါ်လင် ၁၂၄၀၊ ရေပုံး ၁၄၉၄ လုံး၊ ခြင်ထောင်အလုံး ၃၀၀၀ နှင့် မီးဖိုချောင်သုံးပစ္စည်းအထုပ် ၃၀၀ ခန့်မှန်းတန်ချိန် ၅၀ တို့ကို တင်ဆောင်ခဲ့ကြောင်း၊ ယင်းသို့ တင်ဆောင်နေစဉ် လူနှစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ကြည့်ရှုကြကြောင်း၊ အလုပ်သမားများက ICRC ပစ္စည်းများဟု ဖြေကြားခဲ့ကြောင်း၊ သို့သော် ညနေ ၅နာရီတွင် လူ ၅၀ ခန့် ရောက်ရှိလာပြီး လူစုလူဝေးဖြင့် ပစ္စည်းများကို ပြန်ချရန်နှင့် လှေမထွက်ရန်ဟန့်တားခဲ့ကြောင်း သိရသည်။

ခါတ်ဆီပုလင်းများဖြင့် လူအုပ်ထဲမှ ပစ်ပေါက်

ယင်းဖြစ်စဉ်ကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးသံဃာတော်များ ရောက်ရှိလာပြီး စက်လှေထွက်ခွာနိုင်ရန် ညှိနှိုင်းခဲ့သော်လည်း စက်လှေမမောင်းရဲသဖြင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးနေစဉ် ည ၈ နာရီခန့်တွင် လာရောက်ကြည့်ရှုသူ အင်အား ၃၀၀ ခန့် စုစည်းမိပြီး ခဲများ၊ မီးရှို့ထားသည့် ဓာတ်ဆီပုလင်းများဖြင့် လူအုပ်ထဲမှ ပစ်ပေါက်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့ဝင် အင်အား ၂၀၀ ခန့်ဖြင့် ယင်းလူအုပ်အား ဒိုင်းများဖြင့် တွန်းထုတ်ခြင်း၊ သံဃာတော်များက လူအုပ်စု ရှင်းလင်းခြင်း၊ မီးသတ်ယာဉ်များဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ည ၈ နာရီ ၁၅ မိနစ်တွင် လူအုပ်စုထဲမှ ဂျင်ကလိဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်လာခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက (၁၂)ဗို့ ဂရိနာ ၂၀ လက်ဖြင့် ပစ်ဖောက်၍ ရှင်းလင်းခဲ့ရကြောင်း၊ ယင်းအချိန်တွင် စစ်တွေမြို့ရှိ ဒေသစစ်ဆင်ရေး ကွပ်ကဲရေးမှူးနှင့် တပ်မတော်သားများ အရန်အဖြစ် ထပ်မံရောက်ရှိ အင်အားဖြည့်တင်းပြီး လူစုခွဲခဲ့ရာ ည ၁၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိ

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး လူအုပ်တွင်ပါဝင်သူ ရှစ်ဦး(စိစစ်ဆဲ)ကို ထိန်းသိမ်းထားပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးအင်အား လုံလောက်စွာချထားပြီး ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီ၏ ည ၁၂ နာရီ ၁၃ မိနစ်အချိန် သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ကျောက်ထုမြို့ပေါ် ရပ်ကွက်သုံးခုရှိ အိမ်ထောင်စု ၈၆၅ စု၌ ၂၄ နာရီမီးရရှိ

ကျောက်ထု စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ JICA ချေးငွေဖြင့် ဆောင်ရွက်သည့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ဖွင့်လှစ်လိုက်သဖြင့် ကျောက်ထုမြို့ပေါ် သုံးရပ်ကွက်ရှိ ဓာတ်အားသုံးစွဲသည့် အိမ်ထောင်စု ၈၆၅ စု၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဆက်သွယ်ရေး စခန်းများအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ထုမြို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အနေဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး အတွက် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ်လအတွင်းစတင် ဆောင်ရွက်ခဲ့ကာ ကျောက်ထုမြို့ပေါ် သုံးရပ်ကွက်ရှိလူဦးရေ ၄၇၃၁၊ အိမ်ထောင်စု ၁၀၄၉ အနက် ယခုအခါ အိမ်ထောင်စုပေါင်း ၈၆၅ စု၊ ဆေးရုံတစ်ရုံ၊ စာသင်ကျောင်းသုံးကျောင်းနှင့် ဆက်သွယ်ရေး စခန်းသုံးခုတို့အတွက် ဇန်နဝါရီလကုန်မှ စတင်ကာ လျှပ်စစ်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံကို စက်တင်ဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၄ နာရီ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးခဲ့သည်။

အဆိုပါ ဓာတ်အားခွဲရုံဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ JICA အဖွဲ့ကိုယ်စားလှယ် KOBAY-ASHIROKURU နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီဓာတ်အားပို့လွှတ်နိုင်မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်ဇော်က "ယခင်ကကျောက်ထုမြို့ကို ၃၀၀ ကေဗွီအေ ဒီဇယ်မီးစက်နဲ့တစ်နေ့ပျမ်းမျှ နှစ်နာရီလောက်ပဲမီးပေးနိုင်ခဲ့ပေမယ့် အခု ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ဒေသတွင်းအသေးစား၊ အကြီးစားစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ့်အပြင် ပြည်သူတွေရဲ့လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျောက်ထုဓာတ်အားခွဲရုံအပြင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနဲ့ ကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ကျောက်ထုကနေထီးလင်းကို ၆၆ ကေဗွီဓာတ်အားလိုင်း ၂၀ ဒသမ ၁ မိုင်၊ ဆောမြို့ကို ၆၆ကေဗွီဓာတ်အားလိုင်း ၂၂ ဒသမ ၇၅ မိုင်၊ ချင်းပြည်နယ် မင်းတပ်မြို့ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၁၀ ဒသမ ၇၆ မိုင်နဲ့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတွေ တည်ဆောက်ပြီးဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲတဲ့နေရာမှာ အသိ၊ သတိနဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာအကျိုးရှိရှိသုံးစွဲကြစေလိုပါတယ်" ဟုပြောကြားသည်။

ကျောက်ထုမြို့ပေါ်၌ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိပြီဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း JICA အဖွဲ့ကိုယ်စားလှယ် KOBAYASHI ROKURU က ပြောကြားခဲ့သည်။

ကျောက်ထုမြို့ရှိ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံကိုပေါက်မြို့မှ တစ်ဆင့် ကျောက်ထုမြို့ကို တောအထပ်ထပ် တောင်အသွယ်သွယ်ဖြတ်၍ အခက်အခဲများစွာဖြင့် ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူပါကြောင်း ကျောက်ထုမြို့လျှပ်စစ်မှူး ဦးဗိုင်နော်ရိန်းက ပြောသည်။

ယခုလက်ရှိအချိန်တွင် မြို့ပေါ်သုံးရပ်ကွက်၌သာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သော်လည်း ကျောက်ထုမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ကျောက်ထုမြို့နှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာဆယ်ရွာအတွက် NEP စီမံချက်ဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံဆောင်ရွက်နေကြောင်း သိရသည်။

ထို့အပြင် ကျောက်ထုမြို့မှ ငါးမိုင်အတွင်းရှိကျေးရွာ ၁၄ ရွာနှင့် မြို့နယ်အတွင်းရှိကျေးရွာပေါင်း ၄၃ ရွာအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း - ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

ခိုင်ကမ်းမြို့ ကြိုးတံတား ချောင်းရေကြီးမှုကြောင့် အန္တရာယ်ရှိလာ

ဖလမ်း စက်တင်ဘာ ၂၀

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖလမ်းခရိုင် ခိုင်ကမ်းမြို့ကို ဖြတ်သွားသော ဆည်ကြီးချောင်းသည် စက်တင်ဘာ ၁၉ ရက်က ရေကြီးရေလျှံမှုဖြစ်ပေါ်၍ ချောင်းဘေးရှိ လူနေအိမ် ၁၀ လုံးကို တာဝန်ရှိသူများက ဖျက်သိမ်းပေးခဲ့သည်။

ခိုင်ကမ်းမြို့ အမှတ်(၁၊ ၂၊ ၃)ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်တို့ ပေါင်းကူးပေးသည့် မွာလ်ဇန်(ကွဲ)ချောင်း ကားကူးကြိုးတံတားသည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်က တံတားခြေရင်း ရေတိုက်စားခြင်း၊ တံတားခြေရင်းအထက်မှ တောင်ကျချောင်းရေများ စီးဆင်းလာခြင်းတို့ကြောင့် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိလာကြောင်း သိရသည်။

"ချောင်းရေက မနက်ကဆိုရင် မနေ့ကထက် ကျလာတယ်။ ဒါပေမယ့် ဒီနေ့ ၁ နာရီလောက်ကစပြီး ချောင်းရေသိသိသာသာ တိုးလာပြန်တယ်။ အမှတ်(၄)ရပ်ကွက်ဘက်ခြမ်း တံတားအုတ်ခုံက တော်တော်လေးရေတိုက်စားလာတယ်။ ဒီအတိုင်းဆိုရင် ကျွန်တော်တို့ တံတားဟာ ပျက်စီးပြီး ရေစီးထဲမျောပါသွားနိုင်တယ်" ဟုဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် ၂၀၁၆ ခုနှစ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော အလျားပေ ၂၁၀ ၊ အကျယ် ၁၀ ပေရှိ တံတားဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖလမ်းမြို့နယ်ကျေးရွာအချို့ မြေပြိုမှုဖြစ်ပွား

ဖလမ်း စက်တင်ဘာ ၂၀

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖလမ်းမြို့နယ် လုံးဟော့ကျေးရွာတွင်နေထိုင်သူ ဦးဇောင်ကျုံးထန်၏နေအိမ်သည် စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အိမ်၏အထက်ပိုင်း မြေပြိုမှုကြောင့် အန္တရာယ်ရှိသည့် အခြေအနေရှိသဖြင့် အဆိုပါနေအိမ်အား ကျေးရွာနေပြည်သူများက ဖြိုဖျက်ခဲ့ပြီး နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ လုံးဟော့အုပ်စု သူဖယ်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါကျေးရွာနေ ဦးဆွန်ရန်၊ ဦးထန်းဇပြန်နှင့် ဦးဆွန်လှဲတို့၏ နေအိမ်သုံးလုံးသည် စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက မြေသားများ အက်ကွဲမှုကြောင့် ကျေးရွာနေပြည်သူများက ဖြိုဖျက်ခဲ့ပြီး နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေတာရှည်မြို့နယ်၌ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် စပါးစိုက်ဧက တစ်ထောင်ကျော် ရေနစ်မြုပ်

ရေတာရှည် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးရာသီနှောင်းပိုင်း အကြိမ်ကြိမ်မြင့်တက်ခဲ့သော စစ်တောင်းမြစ်ရေကြောင့် စပါးစိုက်ခင်းများ ဧကထောင်ကျော် ပျက်စီးဖွယ်ရှိနေပြီး လက်ရှိအနေအထားအရ ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်တော့သည့်အတွက် တောင်သူများ အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက မြစ်ရေဝင်ရောက်လျက်ရှိသည့် စပါးစိုက်ခင်းများအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ကွင်းဆင်းစစ်ဆေးစဉ် တောင်သူများက ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြစ်ရေက သုံးခါရှိပြီ၊ ခုထိ ရေမကျသေးဘူး။ စပါးခင်းတွေ ရေနစ်နေတာ ရက် ၂၀ လောက်ရှိပြီဆိုတော့ မရတော့ပါဘူး၊ ပျက်စီးကုန်ပါပြီ" ဟု သာဂရကျေးရွာအုပ်စုနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ကြာအင်းကုန်း၊ ကက္ကူ၊ ဝဲဒေါင့်၊ သာဂရ၊ ကွမ်းအုံ၊ မိချောင်းအိုင်၊ ဒိုးတန်း၊ ဆင်ငွေ၊ ကဲလင်းဆိပ်၊ ကျွဲရိုင်းပြင်၊ ရဲကုန်းကျေးရွာအုပ်စုများတွင် ကွင်းပေါင်း ၂၈ ကွင်း၊ တောင်သူပေါင်း ၈၅၁ ဦး ပိုင်ဆိုင်သည့် စပါးနှင့် အခြားသီးနှံ ၃၃၃၄ ဧက မြစ်ရေဝင်ရောက်ခဲ့ပြီး လက်ရှိအချိန်ထိ စပါးစိုက်ဧက ၁၇၅၃ ဧကမှာ ရေလွှမ်းခံရဆဲဖြစ်ကာ ဧကတစ်ထောင်ကျော် ပျက်စီးဖွယ်ရှိနေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

တောင်သူများအနေဖြင့် ပဲလှောင်ကုန်များရှုံးသည့်အပြင် စပါးစိုက်ခင်းများပါ ထပ်မံပျက်စီးကြရသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေပြန်လည်ပေးဆပ်နိုင်ရေးနှင့် လူမှုရေးအသုံးစရိတ်များတွင် များစွာအခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွှင် (ဆွာ)**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ထွန်းအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ နေပြည်တော် ခုတင် ၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းကြစဉ် ကိုမျိုး (ရွှေပေါက်ကံ)

ပြင်ဦးလွင်မြို့၌ မိုးသည်းထန်စွာရွာသွန်းတိုင်း မြေနိမ့်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုဖြစ်ပွား

ပြင်ဦးလွင် စက်တင်ဘာ ၂၀

ပြင်ဦးလွင်မြို့၌ မိုးသည်းထန်စွာရွာသွန်းတိုင်း မြေနိမ့်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိနေပြီး ရပ်ကွက်ကြီး(၁)၊ ၁၄ ထုံးဘိုရပ်၊ မြမာလာရပ်၊ ညံ့တော၊ ညံ့ကွဲရပ်၊ ပြည်တော်သာ ရပ်ကွက်များနှင့် ဂဲလောင်ချောင်း ပတ်ဝန်းကျင်ရှိ ရပ်ကွက်တို့၌ ပိုမိုအဖြစ်များလျက်ရှိကြောင်း သိရသည်။

"အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ပြုလုပ်ထားတဲ့ ချောင်းတွေ၊ မြောင်းတွေ ပိတ်ဆို့ပြီး ကောလာတာရယ်၊ အသစ်ထပ်မံဆောက်လုပ်တဲ့ အဆောက်အအုံတွေက မြင့်မားလာပြီး လုပ်သင့်လုပ်ထိုက်တဲ့ ရေစီးရေလာမြောင်းတွေကို စနစ်တကျ မလုပ်ကြတော့တာရယ်၊ နောက်တစ်ခုက အိမ်တိုင်း၊ ခြံဝင်းတိုင်းလိုလိုမှာ ကွန်ကရစ်တွေခင်းလာတာတွေရယ်ကြောင့် အခုလိုမိုးသည်းထန်စွာရွာတိုင်း ရပ်ကွက်အတွင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်လာပါတယ်။

"အရင်တုန်းက မြို့ပေါ်ရပ်ကွက်တွေမှာ တစ်ခါမှမကြုံဖူး၊ မခံစားရဖူးသမျှ အခုနှစ်ပိုင်းတွေမှာ ဆိုးဆိုးရွားရွားအထိ ဖြစ်လာတယ်။ ရေက အတက်မြန်၊ အကျမြန်ပေမယ့် အိမ်တွေထဲမှာ အမှိုက်သရိုက်တွေနဲ့ ညစ်ပတ်ပြီးကျန်ခဲ့တယ်" ဟု မြေနိမ့်ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ပြင်ဦးလွင်မြို့၌ မိုးသည်းထန်စွာရွာသွန်းတိုင်း အချို့ရပ်ကွက်နေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိနေသောကြောင့် သက်ဆိုင်ရာမှ ကြိုးစားလုပ်ဆောင်လျက်ရှိနေသော်လည်း အောင်မြင်မှုမရှိသေးကြောင်း သိရသည်။ **သက်နိုင် (ပြင်ဦးလွင်)**

ပန်းလောင်မြစ်ဘေးရှိ ကျေးရွာအချို့ ရေများဝင်ရောက်

တံတားဦး စက်တင်ဘာ ၂၀

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်း ပန်းလောင်မြစ်ကမ်းဘေးရှိ ကျေးရွာအချို့ယနေ့ နံနက် ၇ နာရီခွဲက မြစ်ရေများဝင်ရောက်ကြောင်း သိရသည်။

အဆိုပါ ပန်းလောင်မြစ်ရေဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာအုပ်စု ဝန်ပတော့ (တ) ရွာတွင် နေအိမ်ငါးလုံးနှင့် လူဦးရေ ၂၀၊ ဝန်ပတော့(မ)ရွာတွင် နေအိမ် ၃၀ နှင့် လူဦးရေ ၁၀၂ ဦး၊ သားများဘကျေးရွာတွင် နေအိမ် ၁၅ လုံးနှင့် လူဦးရေ ၇၅ ဦး၊ ကန်ချောကျေးရွာအုပ်စု အေးကြည်ကုန်းကျေးရွာတွင် နေအိမ် ခြောက်လုံးနှင့် လူဦးရေ ၁၅ ဦး၊ ပလ္လင်တောင်ကျေးရွာတွင် နေအိမ် ၁၅ လုံးနှင့် လူဦးရေ ၄၅ ဦး၊ ရွှေပေါက်ကျွန်းကျေးရွာတွင် နေအိမ် ၂၀ နှင့် လူဦးရေ ၆၀၊ ဘုရားကြီးကုန်းကျေးရွာတွင် နေအိမ်ခြောက်လုံးနှင့် လူဦးရေ ၁၅ ဦး၊ စကားအင်းကျေးရွာအုပ်စု ခင်လူးလေးကျေးရွာတွင် နေအိမ် ၃၂ လုံးနှင့် လူဦးရေ ၉၅ ဦး စုစုပေါင်း ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာရှစ်ရွာမှ လူဦးရေ ၄၂၇ ဦးတို့၏နေအိမ် ၁၂၉ လုံးအတွင်း မြစ်ရေတစ်ပေခန့် ဝင်ရောက်လျက်ရှိသည်။ ထိုသို့ကျေးရွာများရေဝင်ရောက်မှုသည် သာမန် မြစ်ရေဝင်ရောက်ခြင်းဖြစ်ပြီး လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြောင်းရွှေ့မှုမရှိကြောင်းနှင့် ကျေးရွာများမှ ရေကင်းဖြင့် အလှည့်ကျစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **ရဲတင့်**

မူဆယ်မြို့နယ် တီးမားကျေးရွာအနီး၌ ဒေသခံရွာသားနှစ်ဦး မိုင်းနင်းမိ၍ မိုင်းစထိမှန်ဒဏ်ရာရ

မူဆယ် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ ၁၅မိနစ်ခန့်က ဒဏ်ရာများဖြင့် လူနာနှစ်ဦးရောက်ရှိလာကြောင်းသတင်းအရ မူဆယ်မြို့မရဲစခန်းမှူး ခေတ္တစခန်းမှူး ဒုရဲမှူး တင်လတ်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ဒဏ်ရာရရှိသူနှစ်ဦးမှာ မူဆယ်မြို့နယ် မိုင်းလီကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ နေထိုင်သူများဖြစ်သည့် မောင်လဆန်း (၂၇ နှစ်)နှင့် မောင်ဘရန်နူး(၁၇ နှစ်) တို့ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က မောင်လဆန်းနှင့် မောင်ဘရန်နူးတို့နှစ်ဦးသည် မူဆယ်မြို့နယ် တီးမားကျေးရွာအနီးရှိ တောထဲ၌ ကျွဲ၊ နွားများ လွှတ်ကျောင်းထားရာမှ သွားရောက်သိမ်းဆည်းစဉ် မိုင်းနင်းမိ၍ မိုင်းပေါက်ကွဲသဖြင့် မောင်လဆန်းနှင့် မောင်ဘရန်နူးတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦး ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ရွာသားများမှ လိုက်လံရှာဖွေခဲ့ရာ စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီခန့်က တောထဲ၌ ဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် ကျေးရွာရပ်မိရပ်ဖများက အချိန်မီ ဆေးကုသမှုခံယူရန်အတွက် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သန့်ဇင် (မူဆယ်)

ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ် (၉၆/၄) အနီးမိုင်းပေါက်ကွဲမှုဖြစ်

စစ်တွေ စက်တင်ဘာ ၂၀

ရန်ကုန်-စစ်တွေ ကားလမ်းမိုင်တိုင်အမှတ် (၉၆/၄) အနီး (မင်းပြားနှင့် မြောက်ဦးအကြား)တွင် စက်တင်ဘာ ၁၉ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်က အဝေးထိန်းမိုင်းဟုယူဆရသော မိုင်းသုံးလုံး ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရခြင်းမရှိသော်လည်း ခရီးသည်တင် မော်တော်ယာဉ်နှစ်စီး အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။

ယင်းအဝေးထိန်းမိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်မှ စစ်တွေသို့ ယာဉ်မောင်း ဦးညီညီဝင်း မောင်းနှင်လာသည့် မြောက်ဦးယာဉ် အမှတ် 3M/---- ၏ ရှေ့လေကာမှန် ကွဲသွားခဲ့ကာ စစ်တွေမှ မန္တလေးသို့ ယာဉ်မောင်း ဦးကျော်သူ မောင်းနှင်လာသော ကဏ္ဍပနဒီယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ် ယာဉ်အမှတ် 3F/---- ၏ ဘယ်ဘက်ဘေးမှန်လေးချပ်နှင့် နောက်မှန်တို့ ပျက်စီးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ နယ်မြေခံတပ်မှ တပ်မတော်သားများက နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကာ မိုင်းပေါက်ကွဲမှုဖြစ်စဉ်တွင် ရရှိသော အချက်အလက်များအရ ဒေသန္တရလုပ် (လက်လုပ်မိုင်း)အဝေးထိန်းမိုင်း ဖြစ်ကြောင်း သိရပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ဆက်လက်စုံစမ်းလျက်ရှိသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းကလည်း ပုဏ္ဏားကျွန်းမြို့နယ်တွင် တစ်ကြိမ်၊ မင်းပြားမြို့နယ်တွင် နှစ်ကြိမ် ခရီးသည်တင်ယာဉ်များကို အကြမ်းဖက်သောင်းကျန်းသူတို့က ယခုကဲ့သို့ပင် အဝေးထိန်းမိုင်းဖြင့် တိုက်ခိုက်ဖောက်ခွဲသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး

ထောက်ကြန့်-တိုက်ကြီးသွား YBS ယာဉ်လိုင်းအမှတ် (၉၁) ဝိုင်ယာရှော့ဖြစ်၍ မီးလောင်

တိုက်ကြီး စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အင်းယက်ကြီးကျေးရွာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၄၄) တံတားအမှတ်(၁)အနီး၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ထောက်ကြန့်-တိုက်ကြီး YBS ယာဉ်လိုင်းအမှတ် (၉၁) ယာဉ်အမှတ် 5J/---- ဟွန်ဒိုင်းမီနီဘတ် ခရီးသည်တင်ယာဉ် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ယာဉ်ရှေ့လေကာမှန်၊ ဆိုဖာထိုင်ခုံ ၁၀ လုံးနှင့် ဘေးတံခါးများ မီးလောင်ပျက်စီးခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်မြင့်သိန်း(၅၅ နှစ်) (၆)လမ်း အိုးတန်းရပ် တိုက်ကြီးမြို့နေသူကို တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထွန်းလိုင် (မြိုင်)

နမ့်ခမ်းမြို့မှလားရှိုးမြို့သို့ မောင်းနှင်လာသော ယာဉ်မောင်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြတ်မ်းစစ်ဆေးရေးစခန်းတို့က ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၅ စီး၊ သွင်းကုန် ၃၈၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄ စီး ၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက် ရေပူအမြတ်မ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ သိန်း ၂၂၀ သန်းခန့်၊ မရမ်းချောင် အမြတ်မ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ သိန်း ၄၇၃ သိန်းခန့် စုစုပေါင်း တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ သိန်း ၆၉၃ သန်း ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၉ ရက်က နမ့်ခမ်းမြို့ လားရှိုးမြို့သို့ မောင်းနှင်လာသော တိုယိုတာပရိုဘောက်ယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ပါတစ်အိတ် (အလေးချိန် ၁၉ ဂရမ်ခန့်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ သိန်း ၃၈၀ သန်းခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ မြန်မာရွှေနှစ်၊ ငွေတစ်၊ ကြေးသုံးခုထပ်မံဆွတ်ခူး

ကွာလာလမ်ပူ စက်တင်ဘာ ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် စက်တင်ဘာ ၂၀ ရက်က မြန်မာမသန်စွမ်းသူများ အားကစားအဖွဲ့သည် ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးသုံးခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရေကူးမီတာ ၄၀၀ အလွတ်ကူး၌ အောင်မြင့်မြတ်က ရွှေတစ်ခု၊ သံလုံးပစ်တွင် အောင်ခွန်က ရွှေတစ်ခု၊ အလေးမ ၇၉ ကီလိုတန်းတွင် မငြိမ်းစန္ဒာအောင်က ငွေတစ်ခု၊ လုံတံပစ်တွင် စိုးသန်း၊ သံပြားပစ်တွင် တင်ညို၊ မီတာ ၄၀၀ အလွတ်ကူးတွင် နန္ဒာမင်းတို့က ကြေးတစ်ခုစီ အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာမသန်စွမ်းသူများအားကစားအဖွဲ့သည် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိပြီး စုစုပေါင်း ရွှေရှစ်ခု၊ ငွေရှစ်ခုနှင့် ကြေးကိုးခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

သတင်း - အေကေလင်း၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အောင်မြင့်မြတ်

ကော့တင်း-ဘိုရားကြီးတံတားပြုပြင်မွမ်းမံ

ကျိုက်ထို စက်တင်ဘာ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကော့တင်းကျေးရွာနှင့် ဘိုရားကြီးကျေးရွာချင်းဆက် လမ်းပေါ်ရှိ ပေ ၂၀ တံတားမှာ ရေတိုက်စားပြီး မြေကာနံရံများပြိုကျ၍ တံတားအောက်ခံပံ့များ စောင်းခြင်း၊ နိမ့်ကျခြင်းများဖြစ်ပေါ်သဖြင့် တံတားပြုပျက်မှုမဖြစ်စေရေး ယာယီပြုပြင်မွမ်းမံနိုင်ရန်အတွက် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဦးမိုးဝင်းနှင့် ကျိုက်ထိုမြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့ ယနေ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းတံတားသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် မွမ်းမံဆောင်ရွက်မည့် တံတားဖြစ်သည်။ သထုံခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကော့တင်း-ဘိုရားကြီးတံတား ပြုပြင်မွမ်းမံနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြစ်မဲရောင်ကျေးရွာလေးရွာသို့ စာရင်းဝယောများ မုန်ကန်မှုရှိစေရေး၊ ထုတ်ချေးသည့်ငွေပမာဏနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဗထူး

အမှတ်(၁၇၅)အဆန် လူစီးအမြန်ရထား တစ်ရက်တည်း လမ်းချော်မှု နှစ်ကြိမ်ဖြစ်ပွား

မော်လမြိုင် စက်တင်ဘာ ၂၀

ရေးဘူတာမှ ထားဝယ်ဘူတာသို့ စက်ခေါင်းမောင်း ဦးဝင်းမော်၊ ရထားထိန်း ဦးရွှေသောင်း လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၁၇၅)အဆန် ရန်ကုန်-ထားဝယ် လူစီးအမြန်ရထားသည် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲခန့်က ရေဖြူမြို့နယ် မင်းသားဘူတာနှင့် ဂန့်ဂေါတောင် ဘူတာနှစ်ခုအကြား ရထားလမ်းမိုင်တိုင်အမှတ်(၃၁၀/၁၅မှ၁၆)တွင် စက်ခေါင်း၏နောက်တွဲမြောက် BDUS 6050 ၊ အထက်တန်းလူစီးရထားတွဲ ရထားဘီးအမှတ် (၃၊ ၄)သံလမ်း အပြင်သို့ ကပ်လျက်ကျသွားပြီး ရထားဘီးအမှတ် (၁၊ ၆)မှာ သံလမ်းအတွင်းသို့ ကပ်လျက်ကျသွားကြောင်း သိရသည်။

ရထားလမ်းချော်ကျမှုဖြစ်ပွားသည့် နေရာသို့ မော်လမြိုင်ဘူတာမှ လက်ထောက်မန်နေဂျာ ဦးညီညီလွင်၊ ရေးဘူတာမှ ဒုတိယကြီးကြပ်ရေးမှူး ဦးဇော်ဦးနှင့် လမ်းဗိုလ်ကြီးတို့ ပူးပေါင်း၍ တွဲပြင်လုပ်သားများ၊ သံလမ်းပြင်လုပ်သားများက လမ်းချော်ကျသည့်တွဲကို မတင်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက်နံနက် ၄ နာရီခွဲခန့်က ထားဝယ်ဘူတာသို့ ဆက်လက်ထွက်ခွာလာရာ ရေဖြူမြို့နယ် ကလိန်အောင်ဘူတာနှင့် သက်ကယ်ကွက်ဘူတာနှစ်ခုအကြား နံနက် ၇ နာရီ၌ ရထားလမ်းမိုင်တိုင်အမှတ် (၃၃၃/၉ မှ ၁၀)တွင် စက်ခေါင်း၏နောက် ရှိးရိုးတန်းလူစီးတွဲသည် ရထားဘီးအမှတ်(၃၊ ၄) အပြင်သို့လည်းကောင်း၊ ရထားဘီးအမှတ် (၅၊ ၆)မှာ အတွင်းသို့လည်းကောင်း နှစ်ပေခန့်ကွာ၍ လမ်းချော်ကျသွားကြောင်း သိရသည်။ ရထားတစ်စင်းတည်း လမ်းချော်ကျမှုနှစ်ကြိမ် ဖြစ်ပွားခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရပြီး ရထားလမ်းချော်ကျမှုဖြစ်ပွားသည့်နေရာသို့ မီးရထားမှ တာဝန်ရှိဝန်ထမ်းများက လမ်းချော်ကျသည့်တွဲကို မတင်ရန်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမဟာ

ဆိုင်ကယ်ကိုရှောင်တိမ်းစဉ် ကားတစ်စီးချောင်းထဲထိုးကျ ခါးပတ်ကြိုးဖြတ်မရ၍ တစ်ဦးရေနစ်သေဆုံး

ရန်ကုန် စက်တင်ဘာ ၂၀

ထောက်ကြန့်မြို့နယ်မှ လှည်းကူးမြို့နယ်ဘက်သို့ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂နာရီမိနစ် ၂၀ က ယာဉ်မောင်းဦးစိုးဇေယျာ မောင်းနှင်လာသည့် ကင်တာယာဉ်အမှတ် 3H/---- သည် ထောက်ကြန့်ရွာမရပ်ကွက် ဘားလားချောင်းတံတားအနီးအရောက်တွင် မျက်နှာချင်းဆိုင်မှလာသည့် ဆိုင်ကယ်ကို ရှောင်တိမ်းစဉ် ဘားလားချောင်းတံတားပေါင်ကိုတိုက်မိပြီး ချောင်းအတွင်းထိုးကျပြီးမှမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းဖြစ်သူ ဦးစိုးဇေယျာတွင် ဒဏ်ရာအနည်းငယ်ရရှိပြီး ယာဉ်ခေါင်းခန်းတွင်လိုက်ပါလာသူ ဦးအောင်အောင်ဇော် (၃၁ နှစ်)မှာ ခါးပတ်ကြိုး ဖြတ်မရ၍ ရေနစ်သေဆုံးခဲ့သည်။

အခင်းဖြစ်ရာသို့ ထောက်ကြန့်နှင့် လှည်းကူးမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခဲ့ကြပြီး သေဆုံးသူကို မဏ္ဍိုင်လူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကာ ယာဉ်မောင်း ဦးစိုးဇေယျာကို ထောက်ကြန့်နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အောင်သူရ

❍ ကျော်စိုးမှ

ပွဲကျပ်မှုဆက်တိုက်ကစားနေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစတွင် တိုက်စစ်တွဲလုံးဖြစ်သည့် ခရစ္စတိုဖာ၊ ရန်နိုင်ဦး၊ ဒွေးကိုကိုချစ်တို့ကို ပွဲအစတွင် အနားပေးခဲ့ပြီး မကွေးအသင်းမှာမူ အမာခံကစားသမားများ အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး အခိုက်တိုက်စစ်မှုများမပါသည့် ရှမ်းယူနိုက်တက်အသင်းမှာ အားပျော့နေခဲ့သည်။ ၄၄ မိနစ်တွင် အခြေပွားဖွယ်အနေအထားမှ မကွေးအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်ကစားသမားများ ပြောင်းလဲကစားပွဲဒုတိယပိုင်းတွင် ခရစ္စတိုဖာ၊ ဒုတိယပိုင်းတွင် ရန်နိုင်ဦး၊ ဒွေးကိုကိုချစ် တို့ကိုထည့်ကာ တိုက်စစ်အားဖြည့်ခဲ့သည်။ ၅၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ခရစ္စတိုဖာ၏ဖြတ်တင်ဘောကို မကွေးနောက်ခံလူ မိုက်ကယ်နှင့်ထိပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ကစားပုံကောင်းမွန်လာပြီး ၆၄ မိနစ်တွင် မောင်မောင်စိုးက မကွေးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၆၇ မိနစ်တွင် မက်ဆီမင်က ရှမ်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ နှစ်ဂိုးစီသရေကျပြီးနောက်ပိုင်းတွင် မကွေးပိုဖိကစားနိုင်ခဲ့ပြီး ၇၆ မိနစ်တွင် အဗွဒူလာ၏ကန်သွင်းမှု ဘားတန်းအောက်ထိထွက်ခဲ့ပြီး ရှမ်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ခြေသာဖြင့် ကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ကျော်ကိုကိုနှင့် ဆီဇာတို့၏သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ကျော်ကိုကိုက ၂၀၊ ၃၁၊ ၈၈ မိနစ်တွင် ဟက်ထရစ် သွင်းယူခဲ့ပြီး ၅၃ မိနစ်တွင် ဆီဇာက အနိုင်ဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

ကွာတားဖိုင်နယ် ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက်(ယနေ့)ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင်အောင်ဆန်းကွင်း၌ ရခိုင်နှင့်ရတနာပုံ၊ ညနေ ၅နာရီတွင်သုဝဏ္ဏကွင်း၌ Southern နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နှစ်(၉၀)ဂရန်ကြီးကျပြီး မြေကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး(ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO)စက်သုံးဆီ အရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာကောင်း၊ နှစ်(၉၀)ဂရန်ကြီးကျပြီး မြေဧရိယာအကျယ်(၅)ဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး ကျန်မြေ (၄)ဧကနီးပါးခန့် စုစုပေါင်း (၉)ဧကခန့်ရှိသည့် မြေကွက်ကြီးရောင်းမည်။

ဆက်သွယ်ရန်။ ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၇၀၀၇၂၁၁၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7335၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကုက္ကိုတန်းရပ်နေ ဦးမင်းမင်း-ဒေါ်သင်းနော်ဦးတို့၏သမီး ပခုက္ကူ လေ့ကျင့်ရေး အလယ်တန်းကျောင်း အဌမတန်း(B)မှ မမွေးမွေးဟိန်းစံအား မမြဖူးပန်းချီဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးခင်မောင်သိန်း၏သမီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကာကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(A)မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော နန်းအိအိခင် ၃/ဘအန(နိုင်)၃၃၁၀၅၃ အား နန်းအေးသစ်သစ်ဖူးဟု ပြောင်းလဲခေါ်ပါရန်။ **နန်းအေးသစ်သစ်ဖူး**

အမည်မှန်

ဦးအုန်းဝင်း၏သမီး ကော့ကရိတ်မြို့ အထက(၁) အဌမတန်း(B)မှ မအေးမြဠုသင်း၏ အမည်မှန်မှာ မအေးမဠုသင်းဖြစ်ပါကြောင်း။

မအေးမဠုသင်း

ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(ခွဲ)အရှေ့ချောက်ကန် တက္ကသိုလ်ဝင်တန်းမှ မောင်ဖုန်းလုံကျော်၏ ဖခင်အမည်မှန်မှာ ဦးထင်ကျော်အောင် ၈/ပခက(နိုင်)၁၇၀၆၉၁ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ အထက(ခွဲ)ကိုင်း နဝမတန်း(A)မှ မရွှန်းလဲ့အောင်နှင့် စတုတ္ထတန်းမှ မောင်စည်သူအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်တင်မိုးခိုင် ၈/ပခက(နိုင်)၁၆၄၈၀၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ ကျောက်တံတား အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မချောစုနိုင်နှင့် အဌမတန်း(ဂ)မှ မောင်ထွန်းလင်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးနိုင် ၉/မတရ(နိုင်)၁၀၃၈၆၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း(J)မှ မခိုင်ဇာမြင့်၏ဖခင် အမည်မှန်မှာ ဦးမောင်ဦးပို ၅/ကလန(နိုင်)၀၀၃၄၇၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ နဘက်ကြီး အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးခန့်မင်း၏ ဖခင်အမည်မှန်မှာ မောင်စိုးလင်း ၅/ကလန(နိုင်)၀၀၀၇၈၆ ဖြစ်ပါကြောင်း။

★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး

၃/၂၀၁၇ ဦးစီး (၄၈၀) နေရာအတွက်(သင်တန်းများစပြီ)။

စာမေးပွဲဝင်ခွင့်ကတ္တာ (ကတြိုမစစ်ဆေးခြင်း)မှတ်ချက်များ၊ မေးခွန်းဟောင်းနှင့် ကတ်ဖြေရုံ ပါဝင်ပြီ။

တစ်နိုင်ငံလုံးတွင် အပြည့်စုံဆုံး မှတ်စုဖြစ်ကြောင်း အာမခံသည်။

စာအုပ်ဝယ်ယူရရှိနိုင်သော စာပေများ

နေပြည်တော်	- ရွှေမင်းသားစာပေ 09 979507227/အဓိပတိစာပေ067-8108077
	လမင်းဝင်းဝင်းစာပေ 067-432238/သရဖူစာပေ-09 796616615
	သော်တာစန်းစာပေ 067-24080,067-26701
မန္တလေး	- ညီညီစာပေ 02-74418 / ခေတ်မီစာပေ 09 91020565 / နဂါးစာပေ 02-61722
မုံရွာ	- အဓိပတိစာပေ 071-21357
မကွေး	- ရွှေပြည်စိုးစာပေ 09-965340474 / မျိုးဆက်သစ်စာပေ 09-259887188
ပုသိမ်	- ပြုံးချိုစာပေ 09-5200159
မအူပင်	- ဒေါ်ကျော့ကျော့ရီစာပေ 045-30621
ပြည်	- နေမင်းစကြာမိတ္တူဆိုင် 09-791177858
လားရှိုး	- စစ်ငြိမ်းပန်းစာပေ 09-767616270
လက်ပံတန်း	- အောင်မြင်စာပေ 053-32241
မော်လမြိုင်	- ကျော်ကျော်စာပေ 09-425322625
မြင်းခြံ	- ရွှေခေတ်စာပေ 09-455565220

စုံစမ်းရန်
လှည်းတန်းမှတ်တိုင်၊
ဦးထွန်းလင်းခြံလမ်း၊ ရန်ကုန်မြို့။
Ph : 09 420042200, 09 264335331, 09 444685850

7Stars ရာထူးဝင်သင်တန်းကြီး

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြော်ငြာစာအမှတ် (၃/၂၀၁၇) ဖြင့် ခေါ်ယူသော ဝန်ကြီးဌာန (၁၁)ခုအတွက် လစ်လပ်ရာထူး ၄၈၀ နေရာ

ပုံမှန်တန်းခွဲ / အနီးကပ်တန်းခွဲများ စပြီ ။

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံး ပြုစုထားသော မှတ်စုစာအုပ်များကိုလည်း ရောင်းချပေးနေပါပြီ ။

7 Stars ၏ ဇာနည်မိုးမှာ သင်တန်းသား / သင်တန်းသူများ၏ အောင်မြင်မှုပင်ဖြစ်ပါသည်

စာအုပ်ဝယ်ယူရရှိနိုင်သော နေရာများ

မန္တလေး - ညီ စာပေ (မန္တလေး တစ်ဦးတည်းကိုယ်စားလှယ်) ၃၀ လမ်း နှင့် ၃၄ လမ်းထောင့် (02 - 69701)

နေပြည်တော် - ရွှေမင်းသားစာပေ (မြို့မဈေး) ၊ ရွှေရည်ဝင်းစာပေ (မြို့မဈေး) အဓိပတိစာပေ (သပြေကုန်း) ၊ သရဖူစာပေ (ပျဉ်းမနား ၊ ရှမ်းတန်း)

မကွေး - ရွှေပြည်စိုးစာပေ (09 - 965340474) မော်လမြိုင် - ကျော်ကျော်စာပေ 09-425322625

ပုသိမ် - ပြုံးချိုစာပေ (09 - 5200159) ရန်ကုန်မြို့ - 7 Stars ရာထူးဝင်သင်တန်းကြီး

မုံရွာ - အဓိပတိစာပေ (071 - 21357) - ရာပြည့် ၊ စာပေဟောင်းလေးအိုးကြီး

တိုက် (18/3B) ၊ သပြေညို (၁) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ရန်ကုန်မြို့ ။

09- 789107733 , 09- 780080052 , 09- 421052736 , 09- 799860155

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ ၂၀-၈-၂၀၁၇ရက်တွင်ပြုလုပ်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၄ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲအောင်မြင်သူများစာရင်းကို ပြည်ထောင်စုနယ်မြေနေ ပြည်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ၂၁-၉-၂၀၁၇ရက်မှစ၍ ထုတ်ပြန်ကြေညာထားပါသည်။

၂။ အငယ်တန်းစာရေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၄ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်းအား ၂၈-၉-၂၀၁၇ရက်တွင်ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ သွားရောက်သတင်းပို့ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

- တိုင်းရုံးအစည်းအဝေးခန်းမ(RC)(၁)ထပ် ပေ(၆၀×၃၀×၁၂) ဆောက်လုပ်ခြင်း
- ကသာခရိုင်ရုံး(RC)(၁)ထပ် ပေ(၃၀×၄၀) ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်**	- ၂၁-၉-၂၀၁၇ရက်မှ - ၁၈-၁၀-၂၀၁၇ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်**	- ၂၃-၁၀-၂၀၁၇ရက် ညနေ၄နာရီ
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ**	- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (တိုင်းရုံး)၊ နန္ဒဝန်ရပ်ကွက်

၃။ အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၇၁-၂၃၇၁၉၊ ၀၇၁-၂၆၅၄၃တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်နေသော တံတားတည်ဆောက်ခြင်း လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် သံချောင်းလုံး(ရွယ်စုံ)များအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်**	- ၂၀-၉-၂၀၁၇ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်**	- ၄-၁၀-၂၀၁၇ရက် ၁၆း၀၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၆-၁၀-၂၀၁၇ရက် ၁၀နာရီ
၄။ **တင်ဒါတင်သွင်းစိစစ် ရွေးချယ်မည့်နေရာ**	- ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပျဉ်းမနား မြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
တံတားအထူးအဖွဲ့(၆)
ဖုန်း-၀၆၇-၅၅၀၁၀၃

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ အထက ကွမ်ဘီ တက္ကသိုလ်ဝင်တန်းမှ နန်းလှလှသီ၏ ဖခင်အမည်မှန်မှာ ဦးဖဒါးဘို ၃/လဘန(နိုင်)၁၄၄၄၅၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တနိုင်းမြို့နယ်၊ အထက(၁)တက္ကသိုလ်ဝင်တန်း အခန်း(E)မှ မငွါးလီချာ၏ ဖခင်အမည်မှန်မှာ ဦးဆာမိုဆော်နှာ ၅/နယန(နိုင်)၀၀၄၃၃၇ဖြစ်ပါကြောင်း။

ဦးဆာမိုဆော်နှာ
၅/နယန(နိုင်)၀၀၄၃၃၇

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အထက(သနပ်ပင်)နဝမတန်း(D)မှ မစမ်းပပဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်လတ် ၇/သနပ(နိုင်)၀၇၁၃၅၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အထက(ကမာစဲ)တက္ကသိုလ်ဝင်တန်းမှ မစုဒါလီ၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁၂/ခရန(နိုင်)၁၁၃၇၆၇ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မန်းတင်ထွေး ၃/ကကရ(နိုင်)၁၃၉၇၀၇၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၅၉၄၂၅၈

ပျောက်ဆုံးကြောင်း

ကျွန်မ နော်ခင်ဝင်းကြည် ၃/လဘန(နိုင်)၁၅၀၈၆၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၆၇၉၀၈၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်စိုးဝင်းအောင် ၃/ဘအန(နိုင်)၄၄၁၈၅၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၀၃၀၅၄၃၉

ပျောက်ဆုံးကြောင်း

ကျွန်တော် စောရွှေဝင်းတင် ၃/ဘအန(နိုင်)၁၄၀၁၆၅၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၁၁၃၁၇၃

ထာဝရဘုရားဖူးခရီးသွားလုပ်ငန်း

Ph: 09 260360066, 09 260360006, 09 250570004 (အိမ်အရောက်ပို့/ကြို)

လုံခြုံရေးဝန်ထမ်းအလိုရှိသည်

- လုံခြုံရေးအတွေ့အကြုံရှိသူ၊ အငြိမ်းစားတပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံများအား ဦးစားပေးမည်။
- အသက်(၂၀-၆၀)နှစ် ဖြစ်ရမည်။
- ပညာအရည်အချင်းမှာအလယ်တန်းနှင့်အထက်ဖြစ်ရမည်။
- အရက်၊ လောင်းကစား ကင်းရှင်းသူဖြစ်ရမည်။
- တာဝန်သိပြီး စည်းကမ်းလိုက်နာနိုင်ရမည်။
- လိုအပ်ပါက နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တ ကောင်းသူဖြစ်ရမည်။
- နယ်မှလာရောက် လုပ်ကိုင်သူများအတွက် နေထိုင်မှုနှင့် စားသောက်စရိတ်(အခမဲ့) စီစဉ်ပေးမည်။

ဆက်သွယ်ရန် - SECURED NATION Company Limited
အမှတ်-၆၉/A၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၀၉-၇၇၇၁၁၀၄၀၀၊ ၀၉-၇၇၇၁၁၀၅၀၀၊ ၀၉-၇၇၇၁၁၀၆၀၀

ဆရာ/မ၊ အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာဆုံမည်မဟုတ်

ယုံကြည်စွာအပ်နှံပါ

ငွေကုန်လူပန်းမဖြစ်စေရ

ပညာရေး ကောလိပ်နှင့် နေ့စားလပေး ဝင်ခွင့်ရ

ဝါရင့်ဆရာကြီး SH မြင့်သူထက် YU

B.Ed

စာပေးစာယူ (၂) နှစ် ဝင်ခွင့်ရ

GTI (အင်းစိန်) UFL (ဒီပလိုမာ) ပို့/ဆက်

ပဏာမစစ် (Eng+GK) နှင့် ရေးဖြေဝင်ခွင့်ရ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ အထက အောင်ဆန်းတက္ကသိုလ်ဝင်တန်း(B)မှ မမျိုးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးလှသော် ၇/ပတန(နိုင်)၀၆၇၉၃၉ ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၅-၉-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၆)ပါ ကန့်ကွက်နိုင်ပါကြောင်း ဒေါ်အင်ခွမ်လု ၁/မစန(နိုင်)၀၀၉၈၁၉အစား စိန့်ဂျိုးဇက်ကာသလစ် ခရစ်ယာန်အသင်းတော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စိန့်ဂျိုးဇက်ကာသလစ်ခရစ်ယာန်အသင်းတော် မန်စီမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့ အထက(၁)တန်းခွဲ(B)မှ မောင်အောင်မြတ်သူ၏ မိခင် မခိုင်နှင့်မခိုင်ဝင်း ၈/ရစက(နိုင်)၁၄၀၁၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း အထက တက္ကသိုလ်ဝင်တန်း(C)မှ မစုစုစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအေးဇော် ၉/သပက(နိုင်)၀၈၂၄၆၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၂) ပထမတန်း(A)မှ မချောဇူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဖိုးမွန်နာ ၁၀/မဒန(နိုင်)၀၀၉၈၅၀ ဖြစ်ပါကြောင်း။

ဦးဖိုးမွန်နာ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ လေ့ခုတ်ကျေးရွာ၊ အထက ဒသမတန်းမှ မောင်စွမ်းမျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်းစိုး ၈/ရစက(နိုင်)၁၃၃၂၉၅ ဖြစ်ပါကြောင်း။

ဦးသိန်းဝင်းစိုး ၈/ရစက(နိုင်)၁၃၃၂၉၅

ပျောက်ဆုံးကြောင်း

ကျွန်တော်စောစိုးကြည် ၃/ဘအန(နိုင်)၃၀၀၅၆၅၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၆၀၉၅၂၈

တစ်ဦးတည်းဖြစ်ပါကြောင်း

ဝက်လက်မြို့နယ်၊ ရှာသာကြီးကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဖြိုးဝေထက်နှင့် သတ္တမတန်း(က)မှမောင်းမင်းဝေထက်တို့၏ဖခင် ဦးတင့်လွင်(ခ)ဦးမောင်တင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/9192, Mitsubishi Pajero, S/W ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၉/မထလ(နိုင်)၀၄၂၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ခင်နု(ဘ)ဦးချစ်ထွန်း ၁၂/ဥကတ(နိုင်)၀၆၆၁၁၆ ကိုင်ဆောင်သူမှ ဦးဇင်ကိုကို(ဘ)ဦးချစ်ကိုကို ၁၂/ဥကတ(နိုင်)၁၄၈၉၁၂ အမှတ်(၁၁၃)၊ ဘုရားဖြူ(၃)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူအား ၂၆-၆-၂၀၁၄ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကိုယ်စားလှယ်နံပါတ်(၁၇၃၄၅)ဖြင့် လွှဲအပ်ခဲ့ပါသည်။

ယခုအခါကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ လွှဲအပ်သူ ကျွန်မမှ ဤကြော်ငြာပါသည့်ရက်မှစ၍ လုံးဝရုပ်သိမ်းလိုက်ကြောင်းနှင့် ဦးဇင်ကိုကို(ကန်ထရိုက်တာ)မှလည်း လွှဲစာနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်နု ၁၂/ဥကတ(နိုင်)၀၆၆၁၁၆
အမှတ်(၃၀၃-ခ+၃၀၄-က)မင်္ဂလာလမ်း
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

မက္ကဆီကို မြေငလျင်ကြောင့် လူ ၁၄၉ ဦး သေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၀

မက္ကဆီကိုအလယ်ပိုင်းတွင် အင်္ဂါနေ့က အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ရာ လူ၁၄၉ဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။ ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိသည့်မြေငလျင်သည် အင်္ဂါနေ့တွင် မက္ကဆီကိုစီးတီးမြို့အနီးရှိ ပူဘလာပြည်နယ်အတွင်း လှုပ်ခတ်သွားခဲ့ပြီး မြေငလျင်အနက်အားဖြင့်ခန့်မှန်းခြေ ၅၁ ကီလိုမီတာရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုအပြီးတွင် ပြိုလဲကျသွားသော အဆောက်အအုံအပျက်အစီးများအောက်၌ ပိမိနေကြသူများကို တပ်မတော်မှ တာဝန်ရှိသူများအပါအဝင် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိသည်။ မြေငလျင်လှုပ်ခတ်မှုများဖြစ်ပွားမှုအပြီးတွင် မက္ကဆီကိုစီးတီး၌ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

မက္ကဆီကိုစီးတီးမြို့တွင်းနှင့် တောင်ပိုင်းရှိမိုရီလော့စ်ပြည်နယ်အတွင်း၌ အဆောက်အအုံများစွာ ပြိုကျပျက်စီးသွားခဲ့သည်။ မက္ကဆီကိုစီးတီးရှိ နေရာပေါင်း ၄၄ ခုတို့မှ အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ကြောင်း မီဒီယာများကဖော်ပြခဲ့သည်။ လူ ၅၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။

ငါးထပ်အဆောက်အအုံတစ်ခု၏ အမိုးပေါ်ရှိအပေါက်မှတစ်ဆင့် လူများကို ကယ်ဆယ်ရန် ကြိုးစားနေသည့်ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တွေ့မြင်ရသည်။ မြေငလျင်လှုပ်ခတ်မှုကြောင့် အချို့ရိယာများတွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၈သန်း တို့မှာ လျှပ်စစ်ဓာတ်အားနှင့် ဂက်စ်ဝန်ဆောင်မှုမရရှိကြောင်း သိရသည်။

မက္ကဆီကို၌ ပြီးခဲ့သည့် ၁၉၈၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်က အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး လူ ၁၀၀၀၀ ခန့်သေဆုံးခဲ့ကာ မက္ကဆီကိုစီးတီးတွင် အသေအပျောက်အများဆုံးဖြစ်ပွားခဲ့သည်။ ယခုလအစောပိုင်းကလည်း မက္ကဆီကိုတောင်ပိုင်းတွင် ပြင်းအား ၈ ဒသမ ၁ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ပြီး လူ ၉၀ သေဆုံးခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

ထရန့်၏မိန့်ခွန်းကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတုံ့ပြန်

နယူးယောက် စက်တင်ဘာ ၂၀

နယူးယောက်မြို့တွင် အင်္ဂါနေ့က ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ထရန့်ပြောကြားခဲ့သည့် မိန့်ခွန်းကို အီရန်နှင့်ဗင်နီဇွဲလားနိုင်ငံတို့က တုံ့ပြန်ပြောဆိုခဲ့ကြကြောင်း သိရသည်။

ထရန့်က အီရန်သည် ၎င်း၏နျူကလီးယား အစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့အစည်းများကို ကူညီအားပေးလျက် ဒေသတွင်းမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံအကြား ချုပ်ဆိုထားသောစာချုပ်မှာ ကသိကအောက်ဖြစ်စေသည့် စာချုပ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က ထရန့်၏အမုန်းစကားများသည် အလယ်ခေတ်က သုံးနှုန်းခဲ့သည့်စကားမျိုးသာဖြစ်ပြီး ၂၁ ရာစုတွင် အကျုံးမဝင်တော့ကြောင်းနှင့် ခွန်းတုံ့ပြန်ပြောဆိုရန် မထိုက်တန်ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်မည့် ညီလာခံအတွင်း ထရန့်အစိုးရအဖွဲ့၏ သဘောထားတင်းမာသည့်ရပ်တည်မှုကို ရှုတ်ချရန်နှင့် နျူကလီးယား သဘောတူစာချုပ်ကို လိုက်နာမှုရှိကြောင်း အခိုင်အမာ ပြောကြားသွားရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး ဂျော့အရီယာဇာကမူ ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မဒူရိုအား ထရန့်၏ ဝေဖန်ပြစ်တင်မှုများကို ကဲ့ရဲ့ရှုတ်ချခဲ့သည်။ ထရန့်သည်မဒူရိုအား အာဏာရှင်စနစ်ကို သွတ်သွင်းရန်ကြိုးစားနေသည်ဟု စွပ်စွဲခဲ့သည်။

(အင်န်အိတ်ချ်ကေ)

တရုတ်နိုင်ငံ၌ လျှို့ဝှက်ထောက်လှမ်းမှုလုပ်ဆောင်ခဲ့သည့် ဂျပန်နိုင်ငံသားကို ဖမ်းဆီး

တိုကျို စက်တင်ဘာ ၂၀

တရုတ်နိုင်ငံမှ အာဏာပိုင်များသည် လျှို့ဝှက်ထောက်လှမ်းမှုလုပ်ဆောင်သည်ဟု သံသယရှိသည့် ဂျပန်နိုင်ငံသားအမျိုးသားတစ်ဦး ဖမ်းထားကြောင်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်းသိရသည်။

အသက် ၆၀ ခန့်ရှိပြီဖြစ်သည့် အဆိုပါ အမျိုးသားအား ပြီးခဲ့သည့် မေလနှောင်းပိုင်းတွင် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ်တွင် ဖမ်းဆီးခဲ့သည်။ အမျိုးသားလုံခြုံရေးကို ထိခိုက်စေရန် လုပ်ဆောင်သည်ဟု သံသယရှိမှုဖြင့် ၎င်းအားစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပါအမျိုးသားနှင့် အမေးအဖြေပြုလုပ်ရန် စီစဉ်လျက်ရှိပြီး ဒါလီယန်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးမှတစ်ဆင့် ၎င်းနှင့် ၎င်း၏မိသားစုဝင်များအကြား ဆက်သွယ်ပေးခဲ့သည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က သူလျှိုထောက်လှမ်းမှုတိုက်ဖျက်ရေး ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်မှစတင်ကာ သံသယရှိသည့် ဂျပန်နိုင်ငံသားခုနစ်ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

ဖမ်းဆီးထားသူများအနက် လေးဦးကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လွှတ်ပေးခဲ့သည်။ လျောင်နင်း၌ဖမ်းဆီးခဲ့သည့် အမျိုးသားအပါအဝင် ကျန်လူများမှာ စုံစမ်းစစ်ဆေးခံနေရဆဲဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

(အင်န်အိတ်ချ်ကေ)

မြောက်ကိုရီးယားအပေါ်စစ်ရေးအရ ဆောင်ရွက်ရန်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အရိပ်အမြွက်ပြောကြားခဲ့

ဝါရှင်တန် စက်တင်ဘာ ၂၀

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရ အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်းကို တနင်္လာနေ့တွင် အရိပ်အမြွက်ပြောကြားခဲ့ပြီး အဆိုပါနည်းလမ်းများက တောင်ကိုရီးယားကို မြောက်ကိုရီးယားနှင့် အပြန်အလှန်စစ်မက်တိုက်ခိုက်မှုများ ဖြစ်ပွားစေမည့်အရေးမှ သက်သာစေလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော်လည်း ကာကွယ်ရေးဝန်ကြီးသည် စစ်ရေးအရမည်ကဲ့သို့သော ဆောင်ရွက်မှုမျိုး လုပ်ဆောင်သွားမည်ကို ထုတ်ဖော်ပြောကြားရန်နှင့် တိုက်ခိုက်ရေးအင်အားစုများကို အသုံးပြုမည့်အစီအစဉ်ပါဝင်မှုရှိ မရှိနှင့်ပတ်သက်၍ ဖြေကြားရန် ငြင်းဆန်ခဲ့သည်။

ပြီးခဲ့သည့်တနင်္ဂနွေနေ့က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် နစ်ကီဟာလေသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယားနျူကလီးယားအရေးကိစ္စတွင် လုပ်ပိုင်ခွင့်နည်းလမ်းကုန်ဆုံးသွားပြီဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် အဆိုပါကိစ္စကို ပင်တဂွန်သို့ လွှဲအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၁၉၅၀ မှ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် ကိုရီးယားကျွန်းဆွယ်စစ်ပွဲပြီးဆုံးခဲ့ချိန်မှစတင်ကာ ကိုရီးယားကျွန်းဆွယ်တွင် မည်သည့်ပဋိပက္ခဖြစ်ပွားသည်ဖြစ်စေ သွေးထွက်သံယိုမှုများအလွယ်တကူဖြစ်ပွားလာနိုင်ပြီး အဆိုပါပဋိပက္ခသည် အမေရိကန်နိုင်ငံသား ၅၀၀၀၀ကျော်နှင့် ကိုရီးယားပြည်သူ သန်းနှင့်ချီသေဆုံးမှုဖြင့် အဆုံးသတ်နိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ထရန့်အနေဖြင့် စစ်ရေးအရ အရေးယူဆောင်ရွက်နိုင်သည့် ကိစ္စရပ်များတွင် ဆိုက်ဘာတိုက်ခိုက်မှုများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ရန်ရည်ရွယ်သည့် ရေကြောင်းပိတ်ဆို့မှုများနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ ခန့်ရှိသည့် တောင်ကိုရီးယား၌ အမေရိကန်၏စစ်လက်နက်များကို နေရာချထားသည့် အရေးယူဆောင်ရွက်မှုများပါဝင်သည်။ **(ရိုက်တာ)**

ကုလသမဂ္ဂရဲ့ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲရေးကို တောင်းဆိုလာသူ

● ကလျာမိုးမြင့် ●

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ အမှန်တကယ်သတ္တိရှိတဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုတောင်းဆိုဖို့ ကုလသမဂ္ဂရုံးချုပ်ကို ပထမဆုံးခရီးစဉ်အဖြစ် တနင်္လာနေ့မှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီခရီးစဉ်အတွင်းမှာ ထရန့်က ဖောင်းပွနေတဲ့ ဗျူရိုကရေစီစနစ်နဲ့ ညံ့ဖျင်းတဲ့စီမံခန့်ခွဲမှုတွေအတွက် ကုလသမဂ္ဂအဖွဲ့ကို ဝေဖန်ရှုတ်ချခဲ့ပါတယ်။

အမှန်တကယ်သတ္တိရှိတဲ့ ပြုပြင်ပြောင်းလဲမှုကသာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပိုမိုခိုင်မာတဲ့ အင်အားတစ်ခုဖြစ်စေလိမ့်မယ်လို့ ထရန့်ကပြောခဲ့တာ ဖြစ်ပါတယ်။ အင်္ဂါနေ့မှာ ပြုလုပ်ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေညီလာမှာ မိန့်ခွန်းမပြောကြားခင် ထရန့်က ကုလသမဂ္ဂအဖွဲ့ကြီးကို ပြောင်းလဲမှုတွေလုပ်ဆောင်ဖို့အတွက် ကူညီထောက်ပံ့ အားပေးမှုတွေ ပိုမိုလုပ်ဆောင်ကြဖို့ ဦးဆောင်တိုက်တွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ ကုလသမဂ္ဂဟာ ဗျူရိုကရေစီစနစ်နဲ့ စီမံခန့်ခွဲမှုအားနည်းချက်တွေကြောင့် အဖွဲ့ရဲ့ လုပ်ဆောင်နိုင်စွမ်းအတိုင်း အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘူး။ ကုလသမဂ္ဂရဲ့ပုံမှန်အသုံးစရိတ်ဟာ ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး ၁၄၀ ရာခိုင်နှုန်းလောက်တိုးလာခဲ့ကာ အဖွဲ့ရဲ့ဝန်ထမ်းတွေဟာ နှစ်ဆမက များပြားလာခဲ့ပေမယ့် ရည်မှန်းချက်တွေ ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဘူးလို့ ထရန့်က ပြောကြားခဲ့ပါတယ်။

ကုလသမဂ္ဂအနေနဲ့ စီမံခန့်ခွဲမှုအဆင့်ဆင့်တိုင်းကို အသေးစိတ်ကိုင်တွယ်ဆောင်ရွက်သင့်ပြီး တကယ်အလုပ်လုပ်ဆောင်ခြင်းမရှိတဲ့ အပြောသမားတွေမရှိအောင် တားဆီးသင့်သလိုဖြစ်စဉ်ထက်ရလဒ်ကို အဓိကအာရုံစိုက်သင့်တယ်လို့ ထရန့်က ပြောကြားခဲ့ပါတယ်။

ကျွန်ုပ်တို့အားလုံး အတူတကွလက်တွဲဆောင်ရွက်ပြီး စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်မယ်ဆိုရင် ကုလသမဂ္ဂဟာ ပိုမိုခိုင်မာပြီး ပိုမိုထိရောက်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ်နဲ့ ပေါ်ထွက်လာမှာဖြစ်သလို ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းမှုနဲ့ ဟာမိုနီဖြစ်မှုအတွက် ပိုမိုမျှတပြီး ကြီးမားတဲ့အင်အားတစ်ခုဖြစ်လာမှာကို အပြည့်အဝယုံကြည်တယ်လို့ နယူးယောက်မှာရှိနေတဲ့ ကုလသမဂ္ဂအဖွဲ့သို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ သမ္မတအဖြစ်စတင်ရုံးထိုင်ခဲ့တဲ့အချိန်ကစပြီး ပထမဆုံးအကြိမ်အဖြစ် ထရန့်က ကုလသမဂ္ဂမှာ မိန့်ခွန်းပြောဆိုနေခြင်း ဖြစ်ပါတယ်။ မိန့်ခွန်းရှည်ကြီးတွေကို ပုံမှန်ဆိုသလိုပြောဆိုနေကြတဲ့ အဲဒီနေရာမှာ ထရန့်က လေးမိနစ်လောက်သာကြာမြင့်တဲ့ စကားပြောဆိုမှုကို ပြုလုပ်ခဲ့တာပါ။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ရဲ့ ထောက်ခံမှုဖြင့် အမေရိကန်က မူကြမ်းရေးဆွဲခဲ့တဲ့ အချက် ၁၀ ချက်ပါရှိတဲ့ နိုင်ငံရေးကြေညာချက်ကို လက်မှတ်ရေးထိုးပြီးနောက် တနင်္လာနေ့မှာ ပြုလုပ်မယ့် ပြုပြင်ပြောင်းလဲရေးအစည်းအဝေးတစ်ရပ်ကို တက်ရောက်ကြဖို့ နိုင်ငံပေါင်း ၁၂၈ နိုင်ငံကို ဖိတ်ခေါ်ခဲ့ပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအတွင်းမှာ လုပ်ပိုင်ခွင့်ဗီတိုအာဏာကို ပိုင်ဆိုင်ထားကြတဲ့ ရုရှားနဲ့ တရုတ်တို့ကတော့ နိုင်ငံရေးကြေညာချက်ကို လက်မှတ်မထိုးခဲ့ပါဘူး။

စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်တဲ့ သမ္မတထရန့်ဟာ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှု ပြုလုပ်ခဲ့စဉ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂကို အချိုးမကျတဲ့ငွေပမာဏကို ပေးနေရတာနဲ့ပတ်သက်၍ စောဒကတက်ခဲ့သူဖြစ်ပြီး ဒီအချက်ကို တနင်္လာနေ့က ပြန်ပြီးထောက်ပြခဲ့ပါတယ်။ အသေအချာအာမခံနိုင်တဲ့ အချက်ကတော့ စစ်ရေးအရပဲဖြစ်ဖြစ်၊ ငွေကြေးအရပဲဖြစ်ဖြစ် ဘယ်ကုလသမဂ္ဂအဖွဲ့ဝင် ဘယ်နိုင်ငံကမှ အချိုးမကျတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းထားချင်မှာ မဟုတ်ဘူးဆိုတဲ့ အချက်ပဲလို့ ထရန့်က ဝေဖန်ထောက်ပြခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အဓိက ပူးပေါင်းပါဝင်သူဖြစ်ပြီး နှစ်နှစ်မှာ တစ်ကြိမ်အဖွဲ့ရဲ့ အဓိကဘတ်ဂျက်ငွေထားရှိမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရဲ့ ၂၂ ရာခိုင်နှုန်းနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံရဲ့ ၂၈ ဒသမ ၅ ဘီလီယံကို ကုလသမဂ္ဂကို ပေးနေရပါတယ်။

ဇန်နဝါရီလအတွင်းမှာ စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဂူတာရက်စ်က ကျွန်ုပ်တို့ ထောက်ပံ့ပေးနေတဲ့သူတွေနဲ့ ကျွန်ုပ်တို့ကို ကူညီထောက်ပံ့မှုပေးနေတဲ့သူတွေအတွက် အမှုထမ်းဖို့ဆိုရင် ကျွန်ုပ်တို့ဟာ လျင်မြန်ထက်မြက်သွက်လက်နေဖို့၊ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ဖို့၊ ပြင်လွယ် ပြောင်းလွယ်တဲ့ အနေအထားမျိုးရှိဖို့နဲ့ ကျင်လည်စွာစွမ်းဆောင်နိုင်ဖို့ လိုအပ်တယ်လို့ အစည်းအဝေးအတွင်းမှာ ပြောကြားခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ဗျူရိုကရေစီအုပ်ချုပ်မှုစနစ်က ပြဿနာတစ်ခု ဖြစ်နေတယ်ဆိုတာကို ဂူတာရက်စ်က သဘောတူလက်ခံတယ်လို့ ပြောခဲ့ပါတယ်။ ကျွန်ုပ်တို့အတူတကွ နားလည်လက်ခံထားကြတဲ့ ရည်မှန်းချက်ကတော့ ၂၁ ရာစု ကုလသမဂ္ဂဟာ ပြည်သူတွေကို ဗဟိုပြုဖို့နဲ့ ဖြစ်စဉ်တွေကို အဓိကမထားဖို့ ဖြစ်တယ်လို့ ၎င်းကပြောကြားခဲ့ပါတယ်။

ငြိမ်းချမ်းရေးထိန်းသိမ်းရေး မစ်ရှင်တိုင်းဟာ အောင်မြင်မှုရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်ပန်းတိုင်ရှိနေဖို့ လိုအပ်တယ်လို့ ထရန့်က ဆိုပါတယ်။ ကုန်ကျစရိတ်တွေကို လျှော့ချရေးအတွက် လုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နိုင်ဖို့ နှစ်စဉ်အများသဘောတူလက်ခံတဲ့ လုပ်ပိုင်ခွင့်တွေ ရောက်ရှိလာပြီဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးမစ်ရှင်တစ်ခုစီတိုင်းကို ပြန်လည်သုံးသပ်နေပါတယ်။ အမေရိကန်ဟာ ဗြိတိန်၊ ပြင်သစ်၊ ရုရှားနဲ့ တရုတ်နိုင်ငံတွေလိုပဲ ဗီတိုအာဏာစွဲကိုင်ထားတဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်ဟာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖိလစ်ပိုဂရန်ဒီနဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပါတယ်။

အကယ်၍များ အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂဘတ်ဂျက်ထဲကနေ ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီရဲ့ အထောက်အကူပြု ပါဝင်ဆောင်ရွက်မှုအသုံးစရိတ်ကို လျှော့ချလိုက်မယ်ဆိုရင် ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီဟာ ၎င်းရဲ့လတ်တလောဆောင်ရွက်နေတဲ့ မစ်ရှင်တွေကို ဆက်လက်ဆောင်ရွက်ပါဦးမလားလို့ မေးခဲ့တဲ့အခါ ဂရန်ဒီက မဖြစ်နိုင်ဘူးလို့ ငြင်းဆန်ခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ ဒုက္ခသည်တွေကို ကျွန်ုပ်တို့အနေနဲ့ ကူညီထောက်ပံ့မှုတွေပေးအပ်ရာမှာရော၊ ဒုက္ခသည်တွေရဲ့ အခြေအနေအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်တဲ့နေရာမှာပါ အမေရိကန်ရဲ့ အကူအညီဟာ အသက်သွေးကြောတစ်ခုဖြစ်တယ်။ ဒါကြောင့် ဒီမေးခွန်းကိုမေးရင် ကျွန်ုပ်အနေနဲ့ "ဟင့်အင်း" လို့ပဲ ဖြေမယ်လို့ ဂရန်ဒီက ပြောကြားလိုက်ပါတယ်။ **(ရိုက်တာ)**

ကုလသမဂ္ဂအနေနဲ့ စီမံခန့်ခွဲမှုအဆင့်ဆင့်တိုင်းကို အသေးစိတ် ကိုင်တွယ်ဆောင်ရွက်သင့်ပြီး တကယ်အလုပ်လုပ်ဆောင်ခြင်းမရှိတဲ့ အပြောသမားတွေမရှိအောင် တားဆီးသင့်

တောင်ဆူဒန်ပဋိပက္ခဆွေးနွေးရန် ယုဂန္ဒာသမ္မတ အမေရိကန်သံတမန်နှင့်တွေ့ဆုံ

ဝါရှင်တန် စက်တင်ဘာ ၂၀

ယုဂန္ဒာသမ္မတ ရိုဝါရီမူဆီဗီနီသည် လူဦးရေ ၁ ဒသမ ၆ သန်းခန့်ကို နိုင်ငံအတွင်းမှ ထွက်ပြေးစေခဲ့သည့် အိမ်နီးချင်းတောင်ဆူဒန်၌ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်ပွားမှုများကို အဆုံးသတ်စေရေးအတွက် အကူအညီပေးရန် ကြိုးပမ်းနေကြောင်း ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံတမန်အား ပြောကြားခဲ့ကြောင်း သိရသည်။

ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (SPLM)၏ ဂိုဏ်းဂဏပြိုကွဲနေမှုများကိုလည်း ပြန်လည်ပေါင်းစည်းညီညွတ်စေရန် ကြိုးပမ်းနေကြောင်း မူဆီဗီနီက ပြောကြားခဲ့သည်။SPLM အတွင်းဖြစ်ပွားနေသည့် အမျိုးမျိုးသော ဂိုဏ်းဂဏကွဲပြားမှုများကို ပြန်လည်ပေါင်းစည်းရေးလုပ်ဆောင်ရန်လိုအပ်နေပြီး ၎င်းအနေဖြင့် ကြားဝင်စေ့စပ်ညှိနှိုင်းသည့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

နယူးယောက်၌ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပမှုအပြင် မူဆီဗီနီက သံအမတ်နစ်ကီဟာလေနှင့် သီးသန့်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကတည်းက တောင်ဆူဒန်တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ **(ဆင်ဟွာ)**

တူမျှသည့် ရင်းနှီးမြှုပ်နှံမှု အယူအဆ

မောင်သန်းဝင်းရွှေ

ရင်းနှီးမြှုပ်နှံမှုဟူသည် အနာဂတ်တွင်ပေါ်ထွန်းလာမည့် အကျိုးစီးပွားအတွက် မှန်းဆ၍ ငွေကြေးအမြောက်အမြားကို ရင်းနှီးသုံးစွဲပြီး နောင်တွင် ပေါ်ပေါက်လာမည့် အလားအလာကို စူးစမ်းမှု၊ လေ့လာမှုပြု၍ အတိတ်နှင့် လက်ငင်းကာလ အတွေ့အကြုံများကို ပေါင်းစပ်ခန့်မှန်းတွက်ချက်ကာ ဖြစ်နိုင်ခြေလည်းရှိ၊ တွက်ခြေလည်းကိုက်သည့် လုပ်ငန်းကို ရွေးချယ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

စီးပွားရေးပညာ အတိခာန်အမျိုးမျိုးတွင် ကျွမ်းကျင်သူ ပညာရှင်အသီးသီးက Investment ကို မိမိတို့၏ သဘောထား အမြင်အမျိုးမျိုးဖြင့် စဉ်ဆက်မပြတ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြရာ ဝယ် ယနေ့ကာလတွင် အထိရောက်ဆုံးဟု ယူဆနိုင်သည့် The Merian Webster Dictionary တွင် Investment ကို (: the outlay of money for income or profit also the sum invested or the property purchased)ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အတိုဆုံးနှင့် အရှင်းလင်းဆုံးဟု ယူဆပါသည်။

ထို့ကြောင့် မျက်မှောက်ကာလအထိ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အဖွဲ့အစည်း (Organization)အနေဖြင့်သော်လည်းကောင်း၊ အရင်းအနှီးပမာဏ(volume of Investment)၊ လုပ်ငန်းအမျိုးအစား(Type of Business)၊ လုပ်ငန်းအရွယ်အစားနှင့် ရင်းနှီးမှုကာလ၊ ရင်းနှီးမြှုပ်နှံမှု ပုံသဏ္ဍာန် (investment structure)၊ ရင်းနှီးမြှုပ်နှံမှုပုံစံ (form of investment) စသည်အားဖြင့် ကွဲပြားခြားနားမှု အမျိုးမျိုးဖြင့် လုပ်ငန်းအမျိုးမျိုးတွင် ဒေသအမျိုးမျိုး၌ ရင်းနှီးမြှုပ်နှံမှုကို လုပ်ကိုင်လျက်ရှိကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၊ ပုဒ်ခွဲ(ထ)နှင့် ပုဒ်မ(၄၀)အရ ရင်းနှီးမြှုပ်နှံမှုတွင် အောက်ပါ တို့ အပါအဝင် ဖြစ်ပေသည်။

(က) စီးပွားရေးအဖွဲ့အစည်း။

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊ ငွေသား၊ အပေါင်ပစ္စည်းများ၊ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊ စက်ပစ္စည်း၊ စက် ကိရိယာများ၊ စက်အပိုပစ္စည်းများနှင့် ဆက်စပ် အသုံးအဆောင်များ။

(ဂ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့များနှင့် ဒီဘင်ချာခေါ် ငွေချေး သက်သေခံလက်မှတ်များ။

(ဃ) နည်းပညာကျွမ်းကျင်မှု၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အပါအဝင် ဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ။

(င) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ် အဖြစ်ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ။

(စ) အကျိုးအမြတ်ခွဲဝေသည့်သဘောတူစာချုပ်များ သို့မဟုတ် ထုတ်လုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆောက်လုပ်ခြင်း၊ အလုံးစုံတာဝန်ယူဆောင်ရွက်သည့်စနစ် အပါအဝင် သဘောတူစာချုပ်ပါ အခွင့်အရေးများ။

(ဆ) သဘာဝ သယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးများ အပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ အခွင့်အရေးများ။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံခြင်းအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်အသီးသီး၏ အဆိုအမိန့်များကို အနှစ်ချုပ်ကြသည်ရှိသော် အနာဂတ်ကာလ၌ ဝင်ငွေဖြစ်စေ၊ အကျိုးအမြတ်ဖြစ်စေ ရရှိစေမည့် အလားအလာကို ခန့်မှန်းတွက်ချက်၍ စတော့များ၊ ရှယ်ယာများ၊ မြေယာ၊ အဆောက်အအုံပစ္စည်းများ၊ နှစ်စဉ်ပုံမှန်ငွေ ထုတ်ယူရရှိနိုင်သည့် အစုရှယ်ယာ၊ လက်မှတ်များ၊ ငွေချေးစာချုပ်များ စသည်တို့ကို ဝယ်ယူရင်းနှီးခြင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်းတွင် ထည့်ဝင်ရင်းနှီးခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုတွင် သာမန်အသုံးစရိတ်များနှင့်မတူသည့် ထူးခြားချက် ဝိသေသလက္ခဏာများမှာ-

(က) ချက်ချင်းလက်ငင်း အကျိုးအမြတ်မပေါ်ဘဲ အနာဂတ်ကာလရောက်ရှိမှ အကျိုးအမြတ်ဖြစ်ထွန်းခြင်း။

(ခ) ကာလရှည်စီမံချက်ဖြစ်၍ အနာဂတ်ကာလ၏ မရေရာမသေချာမှု (uncertainly)နှင့် ကာလအလိုက်ငွေတန်ဖိုး (time value of money)သဘောကို ထည့်သွင်းစဉ်းစားခြင်း။

(ဂ) ဖြစ်နိုင်ခြေကို အခြေခံကျကျလေ့လာပြီး စဉ်းစားဆုံးဖြတ်ခြင်း

(ဃ) ရင်းနှီးမြှုပ်နှံမှုပြည့်စုံချိန် (အနာဂတ်ကာလတွင်)မှ ပြန်ရချက် (ငွေများ) တသွင်သွင် ပြန်လည်စီးဝင်လာခြင်း။

(င) လုပ်ငန်းတန်ဖိုးသည် အချိန်အခါအလိုက် တန်ဖိုးသင့်၍ တိုးမြှင့်စေခြင်းနှင့်

(စ) ရင်းနှီးမြှုပ်နှံမှုတွင် ငွေသက်သက်ချည်းသာမဟုတ် တန်ဖိုးသင့်နိုင်သော နည်းပညာ၊ ဝန်ဆောင်မှု၊ ကောင်းသောဂုဏ်သတင်း စသည့် ဒြပ်ရှိ၊ ဒြပ်မဲ့ ပိုင်ဆိုင်မှုများအားလုံး ပါဝင်ခြင်းတို့ပင် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဆင့်ဆင့်(Process of Investment) သီအိုရီအရ ရင်းနှီးမြှုပ်နှံမှု စတင်ဆောင်ရွက်မှု အခြေခံ (Theoratical Basic of Investment)သည် လုပ်ငန်းစီမံကိန်း (Project Plan)၏ အခြေခံလုပ်ငန်းစဉ်ဖြစ်ပါသည်။ အဓိကချိန်ဆရမည့် ချိန်စက်မှု (adjustment) လုပ်ငန်းစီမံကိန်းသည် ကဏ္ဍဆိုင်ရာစီမံကိန်း(Sectoral Plan)နှင့် အံဝင်ခွင်ကျမှု ရှိမရှိနှင့် ကဏ္ဍဆိုင်ရာစီမံကိန်းနှင့် ဝိရောဓိမဖြစ်စေရေးသည် အဓိက စီးပွားရေးအခြေခံသဘောတရားအရ လိုအပ်ချက်ဖြစ်သည်။ ပဏာမအားဖြင့် အခြေခံအချက်အလက်များအား စုဆောင်းရန်ဖြစ်ပြီး ယင်းသို့ အခြေခံအချက်အလက် စုဆောင်းခြင်းနှင့်အတူ ပဏာမစူးစမ်းလေ့လာခြင်း (Preliminary Survey)နှင့် အသေးစိတ် စူးစမ်းလေ့လာခြင်း(Detail Survey)တို့ကိုပူးတွဲ၍ ဘဏ္ဍာရေးနည်းပညာ၊ စာရင်းအင်းနည်းပညာ၊ စီးပွားရေးအတိုင်းအတာဗေဒ (Econometrics)များအရ ဆောင်ရွက်ခြင်းပြုရန်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရန် အကြံဉာဏ်ကို ပညာရှင်က အကြံပြု၍ ပညာရှင်များအကြံပြုချက်အပေါ် အခြေခံကာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်သူတို့ကသာ ဆုံးဖြတ်ချက်ချမှတ်ပါမှ 'ဥစ္စာရင်လို ဥစ္စာရင်ခဲ' ဖြစ်နိုင်မည်ဖြစ်သည်။

အခြေခံသတင်းအချက်အလက်များအရ လုပ်ငန်းအတွက် ငွေရေးကြေးရေးလိုအပ်ချက်၊ ပစ္စည်းလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်နှင့် လူအင်အား လိုအပ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုအပ်ချက်များသည် ရင်းနှီးမြှုပ်နှံမှု၏ အခြေခံသဘော တရားများပင်ဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှု၏ အခြေခံသဘောတရားများဖြင့် ချိန်စက်ဆုံးဖြတ်ပြီးလျှင် စီမံကိန်းကို စီစဉ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စိစစ်ခြင်း (Evaluation and Apprasial) လုပ်ငန်း အကောင်အထည်ဖော်ခြင်း (Implementation) မှသည် လုပ်ငန်းလည်ပတ်ခြင်း (Business Operation) ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်ကို စတင်ကြရပေတော့သည်။

ငွေကြေးလိုအပ်ချက်၊ ပစ္စည်းလိုအပ်ချက်၊ လူအင်အားလိုအပ်ချက်၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များသည် အဓိကထားရမည့် အခြေခံသဘောတရားများဖြစ်၍ ပညာသည်၏ စိစစ်ချက်၊ ရင်းနှီးမြှုပ်နှံမှု ခံယူချက်၊ ဤအခြေခံလိုအပ်ချက်များသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်၏ အသက်များပင်ဖြစ်ပါသည်။ ငွေကြေးလိုအပ်ချက်တွင် လိုအပ်မည့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (total investment cost)မှာ စီမံကိန်းအကြိုကာလမှသည် စီမံကိန်း စတင်အကောင်အထည်ဖော်သည့် အချိန်ကာလအထိ ခြုံငုံမိရန် အထူးလိုအပ်သည်။ သို့မှသာ ငွေရေးကြေးရေး စွမ်းဆောင်ချက် ထိရောက်ပြည့်ဝမှုဖြင့် လုပ်ငန်းကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ဤတွင် ရင်းနှီးမြှုပ်နှံမည့်သူသည် ကိုယ်ပိုင်အရင်း (own capital)၊ ချေးငွေအရင်း(loan capital) မည်သည့်နည်းလမ်းဖြင့် ထည့်ဝင်မြှုပ်နှံမည် ကို ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်မှသာထိရောက်၍ အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ တစ်နည်းဆိုသော် ငွေကြေးအရင်းအမြစ် source of capital ကို ခိုင်မာစွာ ဖန်တီးတည်ဆောက်ထားမှုသည် ရင်းနှီးမြှုပ်နှံမှု၏ အခြေခံအုတ်မြစ်ဖြစ်ပါ သည်။

ပစ္စည်းလိုအပ်ချက်တွင် ဆောက်လုပ်ရေးပစ္စည်း၊ ယာဉ်နှင့် ယန္တရားများ၊ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား၊ လောင်စာစွမ်းအင်၊ သန့်ရှင်းသောရေ ရရှိနိုင်မှု၊ လိုအပ်ချက်ကို ဘက်စုံထောင့်စုံမှ စဉ်းစားခန့်မှန်းတွက်ချက်ပြီး လက်တွေ့အကောင်အထည်ဖော်မှု အစီအစဉ် (Implementation Program) တို့ကိုပါ အထူးစီစဉ် ဆောင်ရွက်ထားနိုင်ရန် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကို အချိန်ကာလအားဖြင့် ခွဲခြားသတ်မှတ်မှုပြုခြင်းဖြင့် ထိရောက်သော စီမံခန့်ခွဲမှုကို တည်ဆောက်ရသည်။ တည်ဆောက်ရေးကာလ၊ အစပျိုးချိန်၊ ဦးမော့ချိန်နှင့် လည်ပတ်ချိန်ဟူ၍ ကာလများသတ်မှတ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းစဉ်၏ ထိရောက်မှုအတွက် အကျိုးဆက်ဖြစ်ပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မျက်မှောက်ကာလ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှု ဆန်းစစ်ချက်နှင့် လူမှုရေးအထောက်အကူပြု ဆန်းစစ်ချက်များသည်လည်း အဓိကလိုအပ်ချက်များဖြစ်ပေသည်။ မည်သူမျှ သဘာဝပတ်ဝန်းကျင်၏ ပကတိ အနေအထားကို မပြောင်းလဲလိုကြပေ။ သဘာဝပေးပတ်ဝန်းကျင်သည် ပြန်လည်အစားထိုးမရသော နစ်နာမှုအဖြစ် အသိအမှတ်ပြုလျက် ပြန်လည်ဖြည့်ဆည်းရေးကို အလေးထားလျက်ရှိကြသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရန်နှင့် သုံးစွဲမည့်သယံဇာတများအား အဆင့်ဆင့်အဆက်ဆက် အကျိုးရှိစွာ ဆက်လက်ခံစားနိုင်ရေးအတွက် ပြန်လည်ဖြည့်တင်းပေးနိုင်မည့် အစီအစဉ်ကို ထည့်သွင်းစဉ်းစားနိုင်ပါမှ အနာဂတ်ကာလတွင် 'စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးမှုဖြစ်စဉ်'(Substainable Development)ကို မလွဲမသွေ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ-၆၅ ပုဒ်မခွဲ(ဆ)တွင် "မိမိ၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံး စံချိန်စံညွှန်းနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်မှာ 'မြေ'ပိုင်ဆိုင်မှုဖြစ်သည်။ အရပ်စကားဖြင့်ပြောရပါမူ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတွင် 'မြေ'ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် နိုင်ငံသားမဟုတ်သူများ မြေပိုင်ဆိုင်မှု မရနိုင်ပါ။ ထို့အတူ တစ်ကြိမ်လျှင် တစ်နှစ်ထက်ပိုသော ကာလအတွက် နိုင်ငံသားမဟုတ်သူအား ငှားရမ်းခြင်းမပြုနိုင်ပါ။ လွတ်လပ်ရေးရရှိပြီး ချိန်ကာလမှ စတင်ပြဋ္ဌာန်းခဲ့သည့် '၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်း (ကန့်သတ်ချက်)ဥပဒေ' (The Transfer of Immoveable Property (Restriction) Act 1947) နှင့် ယင်းဥပဒေအား ဆက်ခံသော '၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ'များ အရပင် ဖြစ်သည်။ နိုင်ငံသားလုပ်ငန်းရှင်နှင့် နိုင်ငံသားမဟုတ်သူတို့ ဖွဲ့စည်းသည့် မည်သည့် ဖက်စပ်လုပ်ငန်း၊ စီးပွားရေးအဖွဲ့အစည်းမဆို၊ မြေပိုင်ဆိုင်မှု မရရှိနိုင်ပေ။ ထို့ကြောင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၂)တွင် "မြေအသုံးပြုခွင့်"ကို တိတိကျကျ ပြဋ္ဌာန်းထားသည်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်တစ်ရပ်၏ လမ်းညွှန်ချက်ဟု ဆိုရပေမည်။ ထို့အတူ ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားဇုန်ဥပဒေ အခန်း(၁၇) "မြေအသုံးပြုခြင်း"အရလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပေသည်။

ရင်းနှီးမြှုပ်နှံမှုကို ဂဃနဏ စိစစ်သုံးသပ်ရပါက ရှေးဦးစွာ ငွေကြေးအမြောက်အမြား စီးထွက်သွားပြီးနောက် အနည်းဆုံး တစ်နှစ်ကြာကာလမှစတင်၍ ငွေများတသွင်သွင် စီးဝင်လာကာ အနာဂတ်ကာလတစ်ခုတွင် ရင်းနှီးငွေထက် ကျော်လွန်သွားသည်ကို တွေ့ရှိခံစားလိုကြခြင်း ဖြစ်ပေသည်။ ဤသည်ကား ရင်းနှီးမြှုပ်နှံသူ၏ လိုလားချက်ဖြစ်သည်။ ယင်းလိုလားချက်ကို ဘဏ္ဍာရေးရှုထောင့်၊ စီးပွားရေးရှုထောင့်မှ သုံးသပ်ရပါက ထိရောက်သောရင်းနှီးမြှုပ်နှံမှု (Effective Investment)ဟု ဆိုကြသည်။ ယင်းသို့ ဖြစ်စေရန်မှာ မှန်ကန်သည့်ပြန်ရနှုန်း (true rate of return)ဖြစ်ဖို့နှင့် လုံလောက်သည့်ပြန်ရနှုန်း(adequate rate of return) ဖြစ်မှသာ ရင်းနှီးမြှုပ်နှံရကျိုးနပ်ပေသည်။

မျက်မှောက်ခေတ်၏အဓိကဘဏ္ဍာရေး ဆန်းစစ်ချက်သည် ကာလအလိုက်ငွေတန်ဖိုး (Time value of money) ဖြစ်ရာ ပစ္စုပ္ပန်တန်ဖိုး (present value)အရ ရင်းနှီးမြှုပ်နှံမှုပြုခြင်းသည် အနာဂတ်ကာလတစ်ခု၌ မည်မျှ အထိတန်ဖိုး(future value)ရှိမည်ဟူသော အခြေခံ အယူအဆမှာ တူမျှသည့် ရင်းနှီးမြှုပ်နှံသူ များ၏ အယူအဆတစ်ရပ်ပင် ဖြစ်ပေတော့သည်။ ။

ရင်းနှီးမြှုပ်နှံမှုကို ဂဃနဏ စိစစ်သုံးသပ်ရပါက ရှေးဦးစွာ ငွေကြေးအမြောက်အမြား စီးထွက်သွားပြီးနောက် အနည်းဆုံး တစ်နှစ်ကြာကာလမှစတင်၍ ငွေများတသွင်သွင်စီးဝင်လာကာ အနာဂတ်ကာလတစ်ခုတွင် ရင်းနှီးငွေထက် ကျော်လွန်သွားသည်ကို တွေ့ရှိခံစားလိုကြခြင်း ဖြစ်ပေသည်။ ဤသည်ကား ရင်းနှီးမြှုပ်နှံသူ၏ လိုလားချက်ဖြစ်သည်။ ယင်းလိုလားချက်ကို ဘဏ္ဍာရေးရှုထောင့်၊ စီးပွားရေးရှုထောင့်မှ သုံးသပ်ရပါက ထိရောက်သောရင်းနှီးမြှုပ်နှံမှု (Effective Investment)ဟု ဆိုကြသည်။ ယင်းသို့ ဖြစ်စေရန်မှာ မှန်ကန်သည့်ပြန်ရနှုန်း(true rate of return)ဖြစ်ဖို့နှင့် လုံလောက်သည့်ပြန်ရနှုန်း (adequate rate of return)ဖြစ်မှသာ ရင်းနှီးမြှုပ်နှံရကျိုးနပ်ပေသည်။

ခုနစ်နှစ်အတွင်း တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှု ၂၁၀ ဖမ်းမိ ဖမ်းမိခြင်းမရှိဘဲ လွတ်မြောက်သွားသည့်အမှုက နှစ်ဆမက ပိုမိုများပြားနိုင်

မန္တလေး စက်တင်ဘာ ၂၀

တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏အစိတ်အပိုင်းများအား တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းအသီးသီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖမ်းဆီးရမိမှုများကို သစ်တောဦးစီးဌာနက ပြုစုထားသည့် စာရင်းများအရ ၂၀၁၀ မှ ၂၀၁၆ အထိအတွင်း အမှုပေါင်း ၂၁၀ ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောကြားသည်။

"နယ်စပ်ဂိတ်တွေ၊ လမ်းကြောင်းစစ်ဆေးရေးစခန်း နေရာတွေက ဖမ်းမိတာများပြီး ဖမ်းမိမှုမရှိဘဲ လွတ်သွားတာတွေက အဲဒီထက် နှစ်ဆမက များပြားနိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ၂၀၁၀ က ၂၀၁၆ အထိ ဖမ်းမိတာက ၂၉ မှုရှိပြီး ရှမ်းပြည်နယ်ပြီးရင် ဒုတိယအများဆုံး ဖြစ်ပွားနေတာဖြစ်ပါတယ်။ အထူးသဖြင့် မန္တလေးအနေနဲ့ အထက်မြန်မာပြည် အောက်မြန်မာပြည်နဲ့ အလယ်ပိုင်းဒေသတွေက ထွက်ကုန်မျိုးစုံကို စုဆောင်းပြီး မန္တလေး-မူဆယ်ကားလမ်းမှတစ်ဆင့် ဖြစ်စေ၊ မန္တလေး-စစ်ကိုင်း-မုံရွာနဲ့ ဂန့်ဂေါ-ကလေး-တမူးဘက်ကဖြစ်စေ နယ်စပ်ဖြတ်ကျော်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရာ အချက်အချာနေရာတစ်ခု ဖြစ်နေပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မန္တလေးမြို့သည် တောရိုင်းတိရစ္ဆာန်များနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှု ပြုလုပ်သူများအတွက် အချက်အချာနေရာတစ်ခုဖြစ်နေပြီး ကဲ့ထောက်စခန်းတစ်ခုလည်း ဖြစ်နေကြောင်း ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။ ထို့အပြင် အိမ်နီးချင်း တစ်ဖက်နိုင်ငံဘက်မှ ကုန်သည်များ၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာမြို့လည်း ဖြစ်နေသည့်အတွက် တောရိုင်းတိရစ္ဆာန်နှင့် ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်ပိုင်းများကို တရားမဝင် ရောင်းဝယ်ဖောက်ကားရာနေရာတစ်ခု၊ စားသောက်နိုင်သောနေရာတစ်ခုအဖြစ်လည်း ကျရောက်လာကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာတာနဲ့အတူ မန္တလေးအပါအဝင်မြို့ကြီးတွေ၊ နယ်စပ်ဒေသမြို့တွေက စားသောက်ဆိုင်တွေမှာ တောရိုင်းတိရစ္ဆာန်တွေရဲ့ ဟင်းလျာတွေကို ပေါ်ပေါ်တင်တင် ရောင်းချလာတာကို တွေ့လာရပါတယ်။ တိုးရစ်တွေလာတဲ့အခါ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေမှာလည်း တောရိုင်းတိရစ္ဆာန်တွေကနေ ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကို ရောင်းချလာတာ တွေ့ရပါတယ်။ အမဲလိုက်တဲ့ဥပဒေနဲ့ ပတ်သက်လို့လည်း ဥပဒေရဲ့အခန်း(၅)မှာ အမဲလိုက်ခွင့်ပြုတာ၊ အမဲလိုက်လိုင်စင် လျှောက်ထားရယူတာတွေ ပါပါတယ်။ စည်းမျဉ်း၊ စည်းကမ်း အသေးစိတ်ကိုတော့ ၂၀၁၂ ခုနှစ် နည်းဥပဒေများ ထုတ်ပြန်ချိန်မှာ ထည့်ထားတယ်လို့ သိရပါတယ်။ ဒါပေမယ့် အခုချိန်အထိ ပြည်သူတွေ သိရှိနားလည်တာ၊ လိုက်နာတာ မရှိတဲ့အတွက် အားနည်းနေသေးတာတော့ အမှန်ပါ"ဟု သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ တာဝန်ရှိသူ ဒေါ်မြသီတာအောင်က ပြောကြားသည်။

လက်ရှိအချိန်တွင် တောရိုင်းတိရစ္ဆာန်များကို ချက်ပြုတ်ကာ ဟင်းလျာအဖြစ် ရောင်းချခြင်း၊ တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများ၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးအဆောင်ပစ္စည်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြုလုပ်ခြင်း၊ တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် အသုံးပြုခြင်းစသည်ဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် တွင်ကျယ်စွာ အသုံးပြုမှုများရှိနေကာ အများစုမှာ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဥပဒေများကို သိရှိနားလည်မှုမရှိကြကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဓာတ်ပုံ-ဝီကီပီးဒီးယား

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု ပြီးစီးပါက ရထားခုတ်မောင်းချိန် ရှစ်နာရီသာ ကြာမြင့်မည်

သာစည် စက်တင်ဘာ ၂၀

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းကို မြန်မာ့မီးရထားနှင့် JICA တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကာ အဆင့်မြှင့်တင်သည့်လုပ်ငန်းများ ပြီးစီးပါက ရန်ကုန်မှ မန္တလေးသို့ ရထားခုတ်မောင်းချိန်သည် ရှစ်နာရီသာ ကြာမြင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းတွင် ရန်ကုန်-တောင်ငူလမ်းပိုင်း ၁၆၆ မိုင်နှင့် တောင်ငူ-မန္တလေးလမ်းပိုင်း ၂၁၉ ဒသမ ၅ မိုင်ဟု လမ်းပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ ဖြစ်သည်။ ယခုလက်ရှိ ခုတ်မောင်းပြေးဆွဲနေသည့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်သည် ခုတ်မောင်းချိန် ၁၅ နာရီကျော်ရှိပြီး စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးသွားပါက ခုတ်မောင်းချိန်မှာ ရှစ်နာရီခန့်သာ ကြာမြင့်မည်ဖြစ်ရာ လက်ရှိခုတ်မောင်းချိန်ထက် ခုနစ်နာရီကျော် လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ရထားများမောင်းနှင်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၆၀ ဖြစ်ကာ စီမံကိန်းပြီးစီးသွားပါက တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရာတွင် လမ်းသစ်တည်ဆောက်ခြင်းမဟုတ်ဘဲ မူလရထားလမ်းဟောင်းကိုသာ အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။ ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်မှုအနေဖြင့် ရထားလမ်း၊ တံတားများ၊ အချက်ပြဆက်သွယ်ရေး ကိရိယာများ၊ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ဘူတာရုံများ ပါဝင်ပြီး ခေတ်မီကိရိယာများနှင့်အစားထိုး၍ ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ပြေးဆွဲမည့်ရထားများ၏ ရုပ်ပိုင်းဆိုင်ရာများကိုလည်း ပြောင်းလဲ၍ ခေတ်မီတွဲများ၊ စက်ခေါင်းများဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ စုစုပေါင်းလမ်းအရှည် ၃၈၅ ဒသမ ၅ မိုင်ရှိသည့် အဆိုပါ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို အဆင့်မြှင့်တင်မှု စီမံကိန်းတွင် နိုင်ငံတော်မှ ငွေကျပ် ၄၂၈ ဘီလီယံနှင့် JICA မှ ODA ချေးငွေ ဂျပန်ယန်း ၂၇၀ ဒသမ ၆၄ ဘီလီယံ အကုန်အကျခံ၍ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် မန္တလေး-တောင်ငူလမ်းပိုင်းတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးခြင်းနှင့် အကြံဉာဏ်များ ရယူခြင်းကိုလည်းကောင်း သာစည်နှင့် မြစ်ငယ်တို့တွင် ဇွန်လအတွင်းကတစ်ကြိမ်၊ ယခု စက်တင်ဘာလထဲတွင် တစ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ လက်ရှိအချိန်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်သာရှိတော့ကြောင်း သိရသည်။

မောင်ကို(သာစည်)

ရခိုင်ပြည်နယ်မှ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကွယ်လွန်သူ၏မိသားစုအား ထောက်ပံ့

ကျိုက်ခါး စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ရင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကွယ်လွန်သွားခဲ့သူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလဝကမှူး ဦးဇာမောင်း၏ ကျန်ရစ်သူမိသားစုအတွက် ချင်းပြည်နယ် ဖလမ်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ဌာနဆိုင်ရာများမှ နာရေးထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက်က ချင်းပြည်နယ် ကျိုက်ခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ နာရေးထောက်ပံ့ငွေပေးအပ်ပွဲတွင် ကျန်ရစ်သူမိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဖလမ်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ဌာနဆိုင်ရာများနှင့် ချင်းပြည်နယ်အတွင်းရှိ လဝကဦးစီးဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းထောက်ပံ့ငွေ ကျပ် ၄၅ သိန်းကို ကွယ်လွန်သူ ဦးဇာမောင်း၏ ဇနီး ဒေါ်ကျိန်ဒိတ်လွန်းထံသို့ ဖလမ်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးဝင်းမြင့်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ် ဘားအံမြို့၌ ကျင်းပ

ဘားအံ စက်တင်ဘာ ၂၀

ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီ ရရှိရေးနှင့် ကျား/မ တန်းတူအခွင့်အရေးများရရှိရေး အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကဏ္ဍများတွင် အမျိုးသမီးလည်း ပါဝင်ရမည်ဖြစ်ကြောင်း အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး ဒေါ်လွေးပိုးငယ်က ပြောသည်။

ကရင်ပြည်နယ် ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်၌ စက်တင်ဘာ ၁၉ ရက်က စတင်ကျင်းပသော ငြိမ်းချမ်းရေးအတွက်အမျိုးသမီးများ ဖိုရမ်တွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ သုံးရက်ကြာကျင်းပမည့် အဆိုပါဖိုရမ်တွင် တက်ရောက်ဆွေးနွေးသော အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းနှင့် လုံခြုံရေး၊ ပြည်တွင်းမှ စစ်ရှောင်ပြည်သူများကိစ္စ၊ စစ်ရှောင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာများ၊ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေသည့် အမျိုးသမီးများ၏ အတွေ့အကြုံဖလှယ်ခြင်း စသည့် ခေါင်းစဉ်ငါးခုကို အဓိကထား ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒါရိုက်တာ နော်သက်သက်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ကျေးဇူးတင်စကားပြောကြားပြီး ဖိုရမ်ဖြစ်မြောက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးသည့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး နိုင်ငံရေးဌာန၏ ကျား/မ ဆိုင်ရာအကြံပေး Dr.Valerie Begley က ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး ဒေါ်လွေးပိုးငယ်က ငြိမ်းချမ်းရေးအတွက်အမျိုးသမီးများဖိုရမ် ကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အနာဂတ်မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်၊ အမျိုးသမီးများ၏အင်အားဖြင့် အမျိုးသမီးလှုပ်ရှားမှုများ ပိုမိုခိုင်မာကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးအခန်းကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် အမျိုးသမီးများ ထိရောက်စွာ ပိုမိုပါဝင်လာနိုင်ရေးအတွက် သဘောထား အကြံပြုချက်များရရှိလာစေရန်၊ ရှေ့ဆက်ဆောင်ရွက်မည့် လှုပ်ရှားမှုများတွင် အချိတ်အဆက်မိမိနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖိုရမ်ကို ကျင်းပခြင်းဖြစ်ကာ ဖိုရမ်တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမျိုးသမီးအဖွဲ့အစည်း ၅၀ ကျော်မှ အမျိုးသမီး ၄၀၀ ခန့် တက်ရောက်၍ သုံးရက်ကြာ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

မင်းရာဇာ(မြစ်ကြီးနား)

ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

ချောင်းဦး စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကက်ပြားများကို ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စက်တင်ဘာ ၁၅ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးထွန်းအောင်က နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရသည့်အကြောင်း၊ နိုင်ငံသားဖြစ်မှုအကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောပြီး အသက် (၁၀) နှစ်ပြည့်ပြီးသူ ကျောင်းသား ၃၇ ဦးနှင့် ကျောင်းသူ ၅၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အိအိစိုး(ချောင်းဦး)

ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၁၅)

သိပ္ပံစာရေးဆရာကိုကိုအောင်

အင်ဂျင်ဘရိတ်

အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာသော မော်တော်ကားတစ်စီးကို ချက်ချင်း ရပ်တန့်သွားအောင် လုပ်ဆောင်၍မရသည့်တိုင်၊ အတိုတောင်းဆုံးသော အချိန် အတိုင်းအတာအတွင်း၌ ရပ်တန့်သွားစေရန်အတွက် မော်တော်ယာဉ်အင်ဂျင်နီယာ တို့က နည်းလမ်းမျိုးစုံဖြင့် စိတ်ကူးကြံဆခဲ့ကြရာတွင် နည်းလမ်း နှစ်သွယ်ကို ရှာဖွေ ဖော်ထုတ် တွေ့ရှိခဲ့ကြသည်။ ထိုနည်းလမ်းနှစ်သွယ်မှာ အိတ်ဇောဘရိတ်စနစ်နှင့် အင်ဂျင်ဘရိတ်စနစ်တို့ပင် ဖြစ်ကြသည်။

အိတ်ဇောဘရိတ်စနစ်၏ ယေဘုယျအလုပ်လုပ်ပုံမှာ အိတ်ဇောပိုက်လိုင်းတစ်လျှောက် ဖြတ်သန်းလာနေသော စွန့်ထုတ်အခိုးအငွေ့များကို ကန့်သတ်တားဆီးပြီး အင်ဂျင်၏ ပေါက်လောင်ခန်းအတွင်းသို့ ပြန်လည်ပို့လွှတ်ပေးခြင်းဖြင့် ပေါက်လောင် လည်ပတ်မှုအားကို လျှော့ကျသွားစေခြင်း ဖြစ်သည်။

အင်ဂျင်ဘရိတ်၏ ယေဘုယျအလုပ်လုပ်ပုံကမူ အိတ်ဇောဘရိတ်နှင့် ကွဲပြားခြား နားသည်။ အင်ဂျင် ပေါက်လောင်ခန်းအတွင်းသို့ ပို့လွှတ်ထားသော လောင်စာဆီနှင့် လေအရောအနှောကို ဖိသိပ်ပေးမှုကြောင့် အင်အားကြီးမားသော ပေါက်ကွဲတွန်း ကန်မှုကို ဖြစ်ပေါ်စေရာတွင် ဖိသိပ်မှုအားကို လျှော့ချပေးလိုက်ခြင်းဖြင့် အင်ဂျင် လည်ပတ်နှုန်းကို သိသိသာသာ လျှော့ကျသွားစေသော နည်းလမ်းပင်ဖြစ် သည်။

Internal Combustion Engine များအနက် ဓာတ်ဆီသုံးအင်ဂျင်များတွင် ဓာတ်ဆီနှင့်လေ အရောအနှောကို ပစ္စတင်ဖြင့်ဖိသိပ်ကာ Spark Plug မှပွင့်သော မီးကို ကူးစက်လောင်ကျွမ်းစေခြင်းဖြင့် စွမ်းအားကို ရရှိကြသည်။ ဒီဇယ်သုံးအင်ဂျင် များကမူ ဆီနှင့်လေအရောအနှောကို ဖိသိပ်ရုံမျှဖြင့် ပေါက်ကွဲလည်ပတ်ကာ စွမ်းအင် ကိုရရှိကြသည်။ ဓာတ်ဆီအင်ဂျင်ဖြစ်စေ၊ ဒီဇယ်အင်ဂျင်ဖြစ်စေ ရောနှောဖိသိပ်ထား သည့် လောင်စာဆီနှင့်လေ အရောအနှော၏ဖိအားကို လျှော့ကျအောင်ပြုလုပ်လျှင် အင်ဂျင်၏လည်ပတ်နှုန်း ကလည်း လိုက်လျောညီထွေလျှော့ကျကာ စွမ်းအားရရှိမှုက လည်း ထိုက်သင့်သလောက် လျှော့ကျသွားလိမ့် မည်ဖြစ်သည်။

အဆိုပါသဘောတရားကို အခြေခံ၍ အင်ဂျင်ဘရိတ်စနစ်ကို တီထွင်ကြံဆ ဖော် ထုတ်ခဲ့ကြခြင်း ဖြစ်သည်။ အင်ဂျင်ဘရိတ်စနစ်သည် တောင်ဆင်းလမ်းကဲ့သို့သော လမ်းခရီးမျိုးကို ခရီးသည်နှင့်ကုန်စည်အပြည့် တင်ဆောင်မောင်းနှင်လာသည့် အခါမျိုး၌ အလွန်အသုံးဝင်ပြီး အားကိုးအားထားပြုရသော စနစ်တစ်ခုဖြစ်သည်။ ထို့ပြင် မြေပြန့်လမ်းများပေါ်၌ မြန်နှုန်းမြင့်မောင်းနှင်နေရာမှ အရေးပေါ်အရှိန် သတ်ရသည့် အခါမျိုး၌လည်း ယာဉ်မောင်းသူနှင့်ခရီးသည်များ၏ အသက်အန္တရာယ် ကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။

အင်ဂျင်ဘရိတ်စနစ် စတင်ပေါ်ထွန်းစက ထိုစနစ်ကို အလုပ်လုပ်စေရန်အတွက် ခလုတ်တစ်ခုဖြင့် သီးသန့်ထိန်းချုပ်ထားသော်လည်း၊ နောက်ပိုင်းတွင်မူ နည်းပညာ များ ပြောင်းလဲတိုးတက်ခဲ့သည်နှင့်အမျှ အလိုအလျောက်အလုပ်လုပ်အောင် ပြောင်းလဲတီထွင် တပ်ဆင်ပေးနိုင်ခဲ့ကြသည်။

မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများအပေါ်မူတည်ကာ အချို့သောကား များ၌ တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းနှင့်အထက် မောင်းနှင်နေစဉ်၌ ရုတ်တရက် အရှိန်သတ်ရန် ခြေနင်းဘရိတ်ကို နင်းလိုက်သည့်အခါ အင်ဂျင်ဘရိတ်ကိုပါ အလို အလျောက် အလုပ်လုပ်အောင် ဖန်တီးတပ်ဆင် ထုတ်လုပ်ပေးထားကြသည်။ အချို့ သော မော်တော်ကား အမှတ်တံဆိပ်များကမူ တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းနှင့် အထက်၊ တစ်နာရီလျှင် ကီလိုမီတာ ၉၀ ရာခိုင်နှုန်းနှင့်အထက်၊ တစ်နာရီလျှင် ကီလို မီတာ ၁၀၀ နှုန်းနှင့်အထက် စသည့်မြန်နှုန်းများ၌ အလိုအလျောက် အလုပ်လုပ် နိုင်အောင် အသီးသီး စီမံတပ်ဆင် ပေးထားကြသည်။

အင်ဂျင်ဘရိတ်၏ အလုပ်လုပ်ပုံမှာ အရှိန်ပြင်းပြင်းမောင်းနှင်နေရင်း အရေးပေါ် အရှိန်သတ်ရန်အတွက် ခြေနင်းဘရိတ်ကို နင်းလိုက်သည်နှင့်တစ်ပြိုင်နက် အင်ဂျင် ပေါက်လောင်ခန်းအတွင်း၌ ရှိနေသည့် လောင်စာဆီနှင့်လေ အရောအနှောအချို့ အဝက်ကို ပြင်ပလေထုထဲသို့ရောက်အောင် လမ်းကြောင်း ဖွင့်ပေးလိုက်ခြင်းပင်ဖြစ် သည်။ ထိုကဲ့သို့ ပြုလုပ်ပေးလိုက်ခြင်းအားဖြင့် ပေါက်လောင်ခန်းအတွင်း၌ လောင် စာဆီနှင့်လေ အရောအနှော၏ဖိအားက ကျဆင်းသွားသလို... အင်ဂျင်၏ ပေါက် လောင်လည် ပတ်နှုန်းကလည်း သိသိသာသာ လျှော့ကျသွားတော့သည်။

သို့ဖြစ်၍ အင်ဂျင်ဘရိတ်စနစ် တပ်ဆင်ထားသော မော်တော်ကားများကို မောင်းနှင်နေကြသူများအဖို့ အင်ဂျင်ဘရိတ်ကို အကျိုးရှိရှိအသုံးပြုကြရန် လိုအပ် သလို...အဆိုပါစနစ် ချွတ်ယွင်းပျက်စီးမှု မဖြစ်အောင် စနစ်တကျ ကိုင်တွယ်ထိန်း သိမ်းသွားကြခြင်းအားဖြင့် မိမိတို့နှင့်တကွ ခရီးသည်များအားလုံး၏ အသက် အန္တရာယ်ကို ကာကွယ်စောင့်ရှောက်သွားသင့်ကြသည်။

စွမ်းအင်နှစ်မျိုး

ရေနွေးငွေ့အင်ဂျင်ကို သုံးစွဲခဲ့ရသောဘဝမှ အတွင်းပေါက်လောင်အင်ဂျင်ကို သုံးစွဲနိုင်သောအဖြစ်သို့ ပြောင်းလဲခဲ့သည့် ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း သည် ဒုတိယထောင်စုနှစ် ကုန်ဆုံးလုလုအချိန်သို့ ရောက်ရှိလာသည့်အခါ ကြီးမား သော အလှည့်အပြောင်းတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြန်သည်။ ယင်းအလှည့်အပြောင်း သည်ကား...မော်တော်ကား၏ ရွေ့လျားမှုအတွက် အင်ဂျင်စွမ်းအားသက်သက်ကို သာ အားမကိုးတော့ဘဲ လျှပ်စစ်မော်တာက ပါဝင်ကူညီ အားဖြည့်ပေးနိုင်သော Hybrid နည်းပညာ ပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။

ရုပ်ကြွင်းလောင်စာဖြစ်သည့် ရေနံသုံးစွဲရမှုလျှော့ချပေးရေးကို မဖြစ်မနေဆောင် ရွက်ရန် လုပ်ဆောင်ရမည့် စိန်ခေါ်မှုများကသည်လည်းကောင်း၊ လေထုညစ်ညမ်းမှု သက်သာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးတို့အတွက် ဦးလည်မသုန် လုပ်ဆောင်ကြရမည်ဆိုသည့် တွန်းအား များကသည်လည်းကောင်း၊ စီးပွားရေးအရလည်း တွက်ခြေကိုက်ရမည့်အပြင် လိုရာခရီးကိုလည်း လျင်မြန်စွာ ပေါက်ရောက်ရမည်ဆိုသည့် ကြွေးကြော်သံများကသည်လည်းကောင်း စွမ်းအင် နှစ်မျိုးကို လိုသလိုပြောင်းလဲ သုံးစွဲနိုင်သည့် Hybrid နည်းပညာတစ်ရပ်ကို မွေးဖွား ပေးခဲ့ကြသည်။

မော်တော်ကားသုံး Hybrid နည်းပညာ၏ အခြေခံသဘောမှာ ခရီးတာအကွာ အဝေးတစ်ခုကို ပေါက်ရောက်စေရေးအတွက် အင်ဂျင်ကထုတ်ပေးသည့် လည်ပတ် မှုစွမ်းအားကို တောက်လျှောက် သုံးစွဲခြင်းမပြုဘဲ အချိန်အတိုင်းအတာတစ်ရပ်အထိ အင်ဂျင်ကိုရပ်နားစေကာ ထိုကဲ့သို့ အင်ဂျင်ရပ်နား နေချိန်၌ ကား၏ရွေ့လျားမှု အတွက် လိုအပ်သော လည်ပတ်မှုစွမ်းအားကို လျှပ်စစ်မော်တာက အချိန်ပိုင်း အားဖြင့် ဝင်ရောက်ထမ်းဆောင်ပေးခြင်းပင် ဖြစ်သည်။

ယင်းကဲ့သို့ လျှပ်စစ်မော်တာက အချိန်ပိုင်းအားဖြင့် ဝင်ရောက်ထောက်ကူပေး နိုင်ရန်အတွက် လုံလောက်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော နည်း ပညာမြင့် ဘက်ထရီများ၏ အခန်းကဏ္ဍကလည်း အလွန်အရေးကြီးလာသည်။ Hybrid နည်းပညာကို မော်တော်ကားများတွင် စတင်အသုံးချခဲ့ကြစဉ်က မောင်းနှင် နေရင်း အင်ဂျင်က လုံးဝရပ်တန့်သွားချိန်ကျမှသာ လျှပ်စစ်မော်တာက စတင် လည်ပတ်ပြီး ကားဘီးများကို လှည့်ပေးသည့်စနစ်မျိုး ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ထိုစဉ် ကာလများက ကားတစ်စီးလုံးကို ရွေ့လျားနိုင်စေရေးအတွက် လျှပ်စစ်စွမ်းအားထုတ် ပေးမည့် ဘက်ထရီကလည်း အရွယ်အစားကြီးမားရန် လိုအပ်ခဲ့သည်။

သို့ရာတွင် ဒုတိယထောင်စုနှစ်ကုန်ဆုံးပြီး တတိယထောင်စုနှစ်ထဲသို့ ချင်းနင်း ဝင်ရောက်လာချိန်၌ Hybrid နည်းပညာများက ထပ်မံတိုးတက် ပြောင်းလဲသွား ခဲ့ပြန်သည်။ မော်တော်ကားကို အရှိန်မြှင့်တင်လိုက်ချိန်တွင် သမားရိုးကျကား များမှာကဲ့သို့ လည်ပတ်အားကို အင်ဂျင်က ရာနှုန်းပြည့်ထုတ်ပေးခြင်း မပြုရတော့ဘဲ ပူးတွဲတပ်ဆင်ထားသည့် လျှပ်စစ်မော်တာက လည်ပတ်မှုစွမ်းအားကို ပါဝင်ကူညီ အားဖြည့်ပေးနိုင်အောင် မော်တော်ယာဉ်အင်ဂျင်နီယာတို့က လုပ်ဆောင်ပေးနိုင်ခဲ့ ကြသည်။

Hybrid ကား၏မော်တာသည် လည်ပတ်မှုကိုထုတ်ပေးသည့် မော်တာ၏ တာဝန်ကို ထမ်းဆောင်နိုင်ရုံမျှမက လည်ပတ်မှုစွမ်းအားကိုပင် တစ်ဖန်ပြန်လည် ရယူကာ လျှပ်စစ်စွမ်းအားကို ထုတ်ပေးနိုင်သည့် ဂျင်နရေတာအဖြစ်လည်း ပြောင်းလဲ ထမ်းဆောင် ပေးနိုင်စွမ်းရှိသည်။ သို့ဖြစ်၍ အရှိန်မြှင့်တင်နေသော မော်တော်ကား သည် ပုံသေမြန်နှုန်းတစ်ရပ်သို့ ရောက်ရှိသွားချိန်၌ မော်တာက ဆက်လက်ထောက်ကူ လည်ပတ်ပေးရန် မလိုအပ်တော့သည့်အတွက် ဂျင်နရေတာအဖြစ်ပြောင်းလဲသွားပြီး အင်ဂျင်၏ လည်ပတ်မှုများကို ပြန်လည်ရယူကာ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်ပြီး ဘက်ထရီဆီသို့ ပြန်လည်ပေးပို့ အားဖြည့်ပေးသည်။ ထို့အတူပင် ကားကို အရှိန် လျှော့ချလိုက်သည့်အခါ၌လည်း ပိုလျှံနေသော အင်ဂျင်လည်ပတ်အားကိုရယူကာ ဂျင်နရေတာအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်ပေးပြီး ဘက်ထရီကို အားဖြည့်ပေး သည်။

Hybrid ကား၏မော်တာသည် အင်ဂျင်ကိုနှိုးရန်အတွက် စက်နှိုးမော်တာအဖြစ် လည်း ထမ်းဆောင်ပေးသည်။ Hybrid နည်းပညာသစ်၏ အားသာချက်ကြောင့် မော်တာလည်ပတ်နိုင်ရန် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အလုံအလောက်



ထုတ်ပေးနိုင်ရန်အတွက် လည်ပတ်မောင်းနှင်နေစဉ် အတွင်းမှာပင် ဘက်ထရီကို အားဖြည့်ပေးနိုင်စွမ်းရှိလာသဖြင့် ကားရပ်နားထားချိန်တွင် လျှပ်စစ်ဝိုင်ယာကြိုးဖြင့် သွယ်တန်းပြီး ဘက်ထရီကို သီးသန့်အားဖြည့်ပေးရန် မလိုအပ်တော့ပေ။

ရပ်နားထားရာမှ ကားစတင်ထွက်ခွာချိန်တွင် လျှပ်စစ်မော်တာက ထောက်ကူ လည်ပတ်ပေးသလို...မြန်နှုန်းကိုမြှင့်တင်၍ မောင်းနှင်သည့်အခါမျိုး၌လည်း မော်တာက ထောက်ကူလည်ပတ်ပေးနိုင်အောင် စီစဉ်ထုတ်လုပ်ပေးထားသည်။ Hybrid နည်း ပညာဖြင့် လျှပ်စစ်မော်တာက အလိုအလျောက်စတင်လည်ပတ်ခြင်း၊ အလိုအလျောက် ထောက်ကူလည်ပတ်ခြင်း၊ မော်တာအဖြစ်လည်ပတ်မှုကို ရပ်ဆိုင်းပြီး ဂျင်နရေတာ အဖြစ်သို့ အလိုအလျောက်ပြောင်းလဲကာ လျှပ်စစ်ဓာတ်အားထုတ်ပေးခြင်း စသည် တို့ကို စွမ်းအားမြင့်ဘက်ထရီနှင့်အတူ ပူးတွဲတပ်ဆင်ပေးထားသော စွမ်းအားထိန်း ချုပ်ကွပ်ကဲယူနစ် (Power Control Unit - PCU)က အဆက်မပြတ် လုပ် ဆောင်ပေးသည်။ ကြမ်းတမ်းသည့် တုန်ခါလှုပ်ယမ်းမှုများကိုပါ ကောင်းစွာခံနိုင်ရည်ရှိ အောင် တည်ဆောက်ထားသော အဆိုပါစက်ကိရိယာကို အီလက်ထရွန်နစ်ထိန်းချုပ် ယူနစ် (Electronic Control Unit - ECU) နှင့်အတူ ပူးတွဲတပ်ဆင်ပေးထားခြင်း ဖြစ်သည်။

Hybrid နည်းပညာသစ်ကြောင့် ဘက်ထရီ၏အရွယ်အစားက သေးငယ်သွားပြီး အလေးချိန်အားဖြင့်လည်း သိသိသာသာ ပေါ့ပါးသွားသလို...အင်ဂျင်နှင့် ပူးတွဲ တပ်ဆင်ထားသော ဘက်စုံသုံး အထောက်အကူပြုမော်တာအနေဖြင့် ပါးပါးလျား လျား ဖြစ်စေရန်အတွက်လည်း Carbon Brush ကို အသုံးပြုရန် မလိုသည့်နည်း ပညာကို အပြည့်အဝ အသုံးချထားသည်။

ဤသို့အားဖြင့် လောင်စာဆီအတွက် ကုန်ကျရမည့် စရိတ်စကများအား သိသိ သာသာ လျှော့ချပေးနိုင်သည့်အပြင်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုပါ လျော့ပါး သက်သာစေသည့် Hybrid မော်တော် ကားများက သယ်ယူပို့ဆောင်ရေးကဏ္ဍ တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပါဝင်ကူညီ အားဖြည့်ပေးလျက် ရှိနေကြပြီဖြစ်သည်။

နိဂုံး

ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှု သမိုင်းတစ်လျှောက်ကို ပြန်ပြောင်းလေ့လာ သုံးသပ်ကြည့်မည်ဆိုလျှင် ဘရိတ်မပါ၊ဟွန်းမပါ၊ လေကာမှန်မရှိ၊တံခါးနတ္ထိဖြစ်သော ကမ္ဘာ့ပထမဦးဆုံး မော်တော်ကားမှစ၍ ယနေ့မျက်မှောက်ခေတ်၏ နောက်ဆုံးပေါ် နည်းပညာဖြင့်မြန်နှုန်းမြင့် မော်တော်ကားများဖြစ်လာသည်အထိ အဆင့်ဆင့်သော နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲခဲ့မှုများစွာတို့ကို တအံ့တဩ တွေ့မြင်ကြရ မည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ စစ်ကြိုခေတ်ကာလနှင့် စစ်ပြီးခေတ်ကာလအကြား ဆယ်စုနှစ်တစ်စုစာမျှပင်မရှိသော ကာလအတွင်းက ကမ္ဘာ့မော်တော်ကား ထုတ် လုပ်မှုမှာ ကျဆင်းသွားသော်လည်း၊ စစ်အေးခေတ်ကာလသို့စတင်ရောက်ရှိချိန်မှစ၍ မျက်မှောက်ကာလအထိသော ဆယ်စုနှစ်များစွာအတွင်း ကမ္ဘာ့မော်တော်ကားထုတ် လုပ်မှုက တစ်ဟုန်ထိုးတိုးတက်လာသလို...ထုတ်လုပ်မှုနည်းပညာများကလည်း တစ်ရှိန်ထိုး ပြောင်းလဲတိုးတက်လာခဲ့သည်။

စက်မှုနည်းလမ်း (Mechanical Method) သက်သက်မျှဖြင့် စတင်ထုတ်လုပ်ခဲ့ သော ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှု လုပ်ငန်းစဉ်ကို များမကြာမီ နှစ်ကာလများ အတွင်းမှာပင် လျှပ်စစ်နည်းလမ်း (Electrical Method) များက ပါဝင်အားဖြည့် ပေးခဲ့ကြသည်။ နှစ်ဆယ်ရာစု နှောင်းပိုင်းကာလအရောက်တွင် အီလက်ထရွန်နစ် နည်းလမ်း (Electronic Method) များက ကျယ်ပြန့်စွာပါဝင်လာပြီး နှစ်ဆယ့် တစ်ရာစုထဲသို့ ရောက်ရှိလာသည့်အခါ၌မူ ကွန်ပျူတာနည်းပညာများကပါ ပေါင်းစပ် ပါဝင်လာခဲ့သည်။ ထို့ကြောင့်ပင် ခေတ်သစ်နည်းပညာများဖြင့် မွေးဖွားသန့်စင်ပေး လိုက်သော မျက်မှောက်ခေတ် မော်တော်ကားများ၏ ချွတ်ယွင်းချက်များကို ရှာဖွေ ဖော်ထုတ်ရာတွင် ကွန်ပျူတာနည်းပညာသုံး အိုဘီဒီစနစ် (O.B.D - On-board Diagnostic System)ကို အားကိုးအားထား ပြုနေကြရပြီဖြစ်သည်။

နည်းပညာမြင့်မြန်နှုန်းမြင့် မော်တော်ကားများကို သုံးစွဲမောင်းနှင်ကြရာ၌ စက်သုံး ဆီများ၏ အရည်အသွေး ကောင်းမွန်မှန်ကန်မှု၊ စက်ဆီချောဆီများ၏ အမျိုးအစား ကောင်းပြီး အတန်းအစားမြင့်မားမှု၊ တာယာ၏အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်ဝကောင်းမွန်မှုတို့သည် အခြေခံအကျဆုံးသော အရေးကြီးသည့် အထောက် အပံ့များပင် ဖြစ်ကြသည်။ ထုတ်လုပ်မှုနည်းပညာမြင့်မားလှသော ခေတ်သစ်မော် တော်ကားများကို စက်စွမ်းအားပြည့် သုံးစွဲသွားနိုင်ရေးနှင့် သက်တမ်းကြာရှည်စွာ မပျက်မစီး အသုံးပြုသွားနိုင်ရေးကမူ အဆိုပါကားများကို ကိုင်တွယ်ထိန်းသိမ်း မောင်းနှင်အသုံးပြုကြမည့်သူတို့၏ ဉာဏ်ရည် ဉာဏ်သွေးအပေါ်၌ ရာနှုန်းပြည့်တည်မှီ လျက် ရှိနေသည်သာ ဖြစ်ပေတော့သည်။ ။

ရေနွေးငွေ့အင်ဂျင်ကို သုံးစွဲခဲ့ရသောဘဝမှ အတွင်းပေါက်လောင်အင်ဂျင်ကို သုံးစွဲနိုင်သောအဖြစ်သို့ ပြောင်းလဲခဲ့သည့် ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းသည် ဒုတိယထောင်စုနှစ် ကုန်ဆုံးလုလုအချိန်သို့ ရောက်ရှိလာသည့်အခါ ကြီးမားသော အလှည့်အပြောင်းတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြန်သည်။ ယင်းအလှည့်အပြောင်းသည်ကား... မော်တော်ကား၏ရွေ့လျားမှုအတွက် အင်ဂျင်စွမ်းအားသက်သက်ကိုသာ အားမကိုးတော့ဘဲ လျှပ်စစ်မော်တာက ပါဝင်ကူညီ အားဖြည့်ပေးနိုင်သော Hybrid နည်းပညာ ပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။ မော်တော်ကားသုံး Hybrid နည်းပညာ၏ အခြေခံသဘောမှာ ခရီးတာအကွာအဝေးတစ်ခုကို ပေါက်ရောက်စေရေးအတွက် အင်ဂျင်ကထုတ်ပေးသည့် လည်ပတ်မှုစွမ်းအားကို တောက်လျှောက်သုံးစွဲခြင်းမပြုဘဲ အချိန်အတိုင်းအတာတစ်ရပ်အထိ အင်ဂျင်ကိုရပ်နားစေကာ ထိုကဲ့သို့ အင်ဂျင်ရပ်နားနေချိန်၌ ကား၏ရွေ့လျားမှုအတွက် လိုအပ်သောလည်ပတ်မှုစွမ်းအားကို လျှပ်စစ်မော်တာက အချိန်ပိုင်းအားဖြင့် ဝင်ရောက်ထမ်းဆောင်ပေးခြင်းပင် ဖြစ်သည်။

မှုခင်းသတင်းတိုများ

ဆွာချောင်းကိုဖြတ်ကူးသည့်အမျိုးသားတစ်ဦး ရေမျောပျောက်ဆုံး

ယခုရက်ပိုင်းရွာသွန်းသည့်မိုးကြောင့် ရေတာရှည်မြို့နယ်အတွင်း အနောက်မှအရှေ့သို့ စီးဆင်းနေသည့် ဆွာချောင်းထဲတွင် ရေများပြားလျက်ရှိရာ စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ချောင်းကိုဖြတ်ကူးသူ အမျိုးသားတစ်ဦးမှာ ရေစီးတွင်မျောပါကာ ပျောက်ဆုံးသွားကြောင်း သိရသည်။ ရေစီးနောက်မျောပါသွားသူမှာ လှည်းလမ်းကူးကျေးရွာနေ ကိုစိုးနိုင် (၃၇ နှစ်)ဖြစ်ပြီး သိုင်းဝကျေးရွာမှ လှည်းလမ်းကူးကျေးရွာသို့ပြန်ရန် ဆွာချောင်းကိုဖြတ်ကူးခြင်းဖြစ်ကြောင်း၊ ရေစီးသန်သည့် သိုင်းဝကျေးရွာအနောက်ဘက် တာပေါင်လမ်းခွဲမှတစ်ဆင့် ဖြတ်ကူးနေစဉ် ရေစီးတွင်မျောပါက ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။ ရေစီးနောက် မျောပါသွားသူအား ဆွာနယ်မြေရဲစခန်းနှင့် ကျေးရွာမှ ဒေသခံများက လိုက်လံရှာဖွေလျက်ရှိကာ စက်တင်ဘာ ၁၈ ရက် ညပိုင်းအထိ ရှာတွေ့ခြင်းမရှိသေးကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ကျွဲ ၁၂ ကောင်ကို အထောက်အထားမဲ့ သယ်လာသူအားဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန်းမကြိုင်းသစ်တောကြိုးဝိုင်းအတွင်း၌ ကျွဲ ၁၂ ကောင်ကို အထောက်အထားမဲ့ သယ်လာသူနှစ်ဦးအား စက်တင်ဘာ ၁၈ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ ကျွဲ၊ နွားမှောင်ခိုသတင်းအရ အင်းတော်မြို့နယ် နန်းမကြိုင်းသစ်တောကြိုးဝိုင်းအတွင်း၌ အင်းတော်ရဲကင်းစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ စစ်ဆေးစဉ် ကျွဲ ၁၂ ကောင်ကို အထောက်အထားမဲ့ သယ်ယူလာသူ ရေနီကျေးရွာနေ ဦးတင်ဝင်းနှင့် ငြိမ်းကိုကိုတို့နှစ်ဦးအား တွေ့ရှိခြင်းဖြစ်သည်။ ကျွဲများမှာ ဦးတင်ဝင်းပိုင်သည့် ကျွဲများဖြစ်ပြီး နယ်ကျော်အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာမပါရှိဘဲ သယ်ယူလာကာ တစ်ဖက်နိုင်ငံသို့ပို့ဆောင်မည့် ကျွဲများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးတင်ဝင်းနှင့် ငြိမ်းကိုကိုတို့အား နဘားရဲကင်းစခန်းက ဥပဒေအရ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

ကားနှင့်ဆိုင်ကယ်တိုက်၍ လူတစ်ဦးသေဆုံး

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး နောင်ဘိုကျေးရွာ၌ စက်တင်ဘာ ၁၈ ရက် ည ၁၀ နာရီခွဲခန့်က ကားနှင့်ဆိုင်ကယ်တိုက်၍ လူငယ်တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း မိုင်တိုင်အမှတ် (၁၃၄/၃)နှင့် (၁၃၄/၄) ကြားတွင် ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ ယာဉ်မောင်း စိုးမိုးလှဦး မောင်းနှင်လာသည့် Nissan Vanette ယာဉ်မှာ ဘီးပေါက်၍ လမ်းလယ်၌ တစောင်းဖြစ်သွားစဉ် နောက်မှ ဘိုဘိုချစ်ဦး(၁၄ နှစ်) မောင်းနှင်လာသည့် နံပါတ်မပါဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခြင်းဖြစ်ကာ ဆိုင်ကယ်မောင်းနှင်လာသူ ဘိုဘိုချစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး နေရာတွင်ပင် သေဆုံးခဲ့၍ ယာဉ်မောင်း စိုးမိုးလှဦးအား အမှုဖွင့်ထားကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

အိမ်စီးကားအရှိန်လွန်၍ ခရီးသည်တင်ယာဉ်ကို တိုက်မိ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ရန်ကုန်-နေပြည်တော် အမြန်လမ်းပေါ်၌ စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက အိမ်စီးကားနှင့် မန္တလာမင်းခရီးသည် ယာဉ်လိုင်းမှ ယာဉ်တစ်စီးတို့ တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းစောကျော်ဆေးဖော မောင်းနှင်လာသော မန္တလာမင်းခရီးသည်တင်ယာဉ်ကို ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 7K/----- CROWN အဖြူရောင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုကျော်တက်၍ ဝင်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ပေါ် လိုက်ပါလာသူ ၃၄ ဦး ဒဏ်ရာရပြီး ဝင်တိုက်သော ယာဉ်ငယ်မှ မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွား၍ မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ကာ ထွက်ပြေးယာဉ်မောင်းကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

မုံရွာခရိုင်အတွင်း စည်းကမ်းမဲ့ယာဉ်များကို အရှိန်မြှင့်အရေးယူနေ

မုံရွာ စက်တင်ဘာ ၂၀

မုံရွာမြို့ပေါ်တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိဘဲ စည်းကမ်းပျက်မောင်းနှင်သည့်ယာဉ် များပြားနေပြီး ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသဖြင့် မုံရွာခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နေရာအနှံ့တွင် ဦးထုပ်မဆောင်းသည့် ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူနေခြင်းဖြစ်ကာ အများအားဖြင့် ပြည်ထောင်စုလမ်း၊ ဇရပ်ဝိုင်းဘုတာလမ်း၊ ကန်သာယာကျောက်ကာလမ်းများတွင် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ကြောင်း မုံရွာခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အရေးယူမှုအနေဖြင့် ဆိုင်ကယ်စီးလျှင် ဦးထုပ်မဆောင်းသူများအား မုံရွာမြို့နယ် တရားရုံး တရားသူကြီးရှေ့မှောက်တွင် ငွေကျပ်တစ်သောင်းမှ ငွေကျပ်တစ်သောင်းခွဲအထိ ဒဏ်ငွေပေးဆောင်စေကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မော်တော်ယာဉ် ဥပဒေအရ ဆိုင်ကယ်ဦးထုပ်မဆောင်းလျှင် အမြင့်ဆုံးဒဏ်ငွေသည် ငွေကျပ်တစ်သောင်းအထိ ချမှတ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်။

စည်းကမ်းမလိုက်နာသူ များပြားနေသဖြင့် ပြီးခဲ့သည့် ဩဂုတ်လတစ်လတည်းတွင် စည်းကမ်းပျက်မော်တော်ယာဉ်များကို ဖမ်းဆီးဒဏ်ငွေရိုက်ရာ ငွေကျပ်သိန်း ၄၅၀ ကျော် ရရှိခဲ့ကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စည်းကမ်းမဲ့မော်တော်ယာဉ် ဖမ်းဆီးရမိမှုမှာ ဆိုင်ကယ် ၁၇၄၅ စီး၊ ကား ၁၄၇စီးနှင့် သုံးဘီးဆိုင်ကယ်သုံးစီး စုစုပေါင်း ၁၉၉၅ စီးဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

ထို့အပြင် မုံရွာခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၏ ကိန်းဂဏန်းအချက်အလက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုကြောင့် နေ့စဉ် လူတစ်ဦးနှုန်း သေဆုံးနေကြောင်း၊ သေဆုံးသူများထဲတွင် အများစုသည် ဆိုင်ကယ်စီးစဉ် ဦးထုပ်မဆောင်းသဖြင့် သေဆုံးရခြင်းကများကြောင်း သိရသည်။

သံတိုင်ထွန်း(မုံရွာ)

ဆောက်လုပ်ရေးလုပ်ငန်းများနည်း၍ သဲ၊ ကျောက်များ အရောင်းအဝယ်အေးနေ

ရေး စက်တင်ဘာ ၂၀

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း သဲ၊ ကျောက်ရောင်းဝယ်ရေးလုပ်ငန်းများအနေဖြင့် ယခင်နှစ်များနှင့်ယှဉ်ပါက ယခုနှစ်တွင် အရောင်းအဝယ်အေးလျက်ရှိကြောင်း မြို့ပေါ်ရှိ သဲကျောက်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"အရင်နှစ်ကဆိုရင် လမ်းတံတားနဲ့အစိုးရ အဆောက်အအုံ စီမံကိန်းကဏ္ဍတွေအပြင် မြို့ပေါ်နဲ့ ကျေးရွာတွေဘက်မှာ အိမ်အဆောက်အအုံတွေ ပိုမိုဆောက်လုပ်ကြလို့ သဲကျောက်ကုန်ကြမ်းတွေ အရောင်းအဝယ်ကောင်းခဲ့ပေမယ့် အခုနှစ်ကတော့ ပြီးခဲ့တဲ့နှစ်ထက် အရောင်းအဝယ် အေးနေပါတယ်"ဟု သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဆောက်လုပ်ရေး သဲ၊ ကျောက် ကုန်ကြမ်းများကို တရားဝင်ခွင့်ပြုချက်များနှင့်အညီ စက်လှေများဖြင့် မြစ်ချောင်းများထဲမှ စုပ်ယူရကြောင်း၊ သတ်မှတ်ထားသည့် နေရာများတွင်သာ လုပ်ကိုင်ရပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင်လည်း လုပ်ကိုင်ရကြောင်း၊ ဈေးကွက်ထဲတွင် သဲကုန်ကြမ်းမှာ ပြတ်လပ်သွားသည်ဟု မရှိသော်လည်း ကျောက်ကုန်ကြမ်းမှာ သုံးစွဲသူများသည့် လများတွင် ပြတ်လပ်မှုကြုံရသည်များရှိကြောင်း ၎င်းက ဆက်ပြောသည်။

ရေးမြို့နယ်တွင် သဲ၊ ကျောက် တူးဖော်သည့်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်ရက်လျှင် စက်လှေ ၁၀ စင်းခန့်ဖြင့် မြစ်ချောင်းများအတွင်းမှ သဲနှင့် ကျောက်များကို စုပ်ယူနေကြပြီး တစ်ရက်လျှင် သဲကျင်းရေ ၅၀ ခန့်နှင့် ကျောက်ကျင်းရေ ၂၅ ကျင်းခန့် ရရှိကြောင်း၊ သဲနှင့်ကျောက်များမှာ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများသည့် ပွင့်လင်းရာသီ တပေါင်း၊ တန်းခူးလများတွင် အရောင်းအဝယ်ကောင်းတတ်ပြီး ထိုအချိန်မျိုးတွင် သဲတစ်ကျင်းလျှင် ငွေကျပ် ၉၀၀၀ ခန့်နှင့် ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၃၃၀၀၀ ခန့်အထိ ရရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ဒေသခံတောင်သူများအား ခေတ်မီစိုက်နည်းစနစ် စံပြကွက်ပြသ

တာချီလိတ် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများ၏ စပါးတစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိရန်၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်သုံးစွဲလာနိုင်စေရန်၊ လုပ်သားရှားပါးသည့် ပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ၊ မိရိုးဖလာစိုက်ပျိုးနေသည့် စိုက်နည်းစနစ်များအစား ခေတ်မီတိုးတက်လာသည့် စိုက်နည်းစနစ်များကို သိရှိလိုက်နာ ကျင့်သုံးစိုက်ပျိုးလာစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စံပြကွက်များသို့ တောင်သူများအား ခေါ်ယူပြသသည့် ကွင်းပြပွဲ(Field Day)ကို မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာ၌ စက်တင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းခင်ဇော်လတ်က အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် SRI စပါးစိုက်စနစ် စံပြကွက်၊ RS to CS မျိုးသန့်ပွားစံပြကွက်၊ တိုက်ရိုက်မျိုးစေ့ချ(Seeder)စံပြကွက်များကို တောင်သူများအား ပြသပြီး စိုက်နည်းစနစ် စမ်းသပ်ကွက်များအလိုက် စိုက်ပျိုးနည်းစနစ်များ၊ အပင်ပြုစုထိန်းသိမ်းနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းပြသခဲ့ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က ရှမ်းဘာသာဖြင့် ဒေသခံ ရှမ်းတိုင်းရင်းသား တောင်သူများအား ပြန်လည်ရှင်းပြပြီး တောင်သူများအနေဖြင့် အထွက်နှုန်းတိုးတက်ကောင်းမွန်သည့် မျိုးနှင့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး တိုက်တွန်းပြောကြားသည်။

ဝေယံလင်း(ပြန်/ဆက်)

လုပ်ကိုင်သူနည်းပါးလာသော ထန်းတက်နှင့် ထန်းလျက်ချက်လုပ်ငန်းများ

ပခုက္ကူခရိုင် ရေစကြိုမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင်တည်ရှိပြီး ထန်းလျက်ထွက်သော ဒေသဖြစ်သည်။ လက်ရှိ ဈေးကွက်အတွင်း ထန်းလျက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ မှ ၁၈၀၀ ခန့်အထိရှိသည်ဟု သိရသည်။ ထန်းလျက်ဈေးကွက်တွင် ထိုသို့ ထန်းလျက်ဈေးကောင်းနေသော်လည်း ထန်းတက်သူများအနေဖြင့် အမြတ်အစွန်းနည်းခြင်းကြောင့် လုပ်ကိုင်သူဦးရေ နည်းပါးလာလျက်ရှိသည်ဟု သိရသည်။

ထန်းတက်ရန် ထန်းတစ်ပင်လျှင် ဝါးလုံးနှစ်လုံးဖြင့် ယင်းဆွဲလုပ်ရသည်။ ထိုဝါးများကို လှေကားထစ်များ တပ်ဆင်ထားရသည်။ ဝါးတစ်လုံးလျှင် ငွေကျပ် ၇၀၀ ဈေးဖြင့် ဝယ်ယူရပြီး လှေကားထစ်တစ်ခုလျှင် ငွေကျပ် ၁၀၀ ပေး၍ဝယ်ရသည်ဟု သိရသည်။ ထန်းပင်အနိမ့်အမြင့်အလိုက် လှေကားထစ် ၁၃ ထစ်မှ အထစ် ၂၀ ကျော်အထိကို တက်မည့်အပင်တိုင်းတွင် တပ်ဆင်ထားရသည်။ ထန်းရည်ခံရန် ထန်းတစ်ပင်တွင် အိုးငါးလုံး ချိတ်ဆွဲထားရပြီး ထိုအိုးများဆွဲထားရန် အိုးတစ်အိုးလျှင် ငွေကျပ် ၄၀၀ နှင့် အိုးဆွဲကြိုးတစ်ချောင်းလျှင် ငွေကျပ် ၁၀၀ ပေးဝယ်ရကြောင်း သိရသည်။ ထန်းတစ်ပင်မှ ထန်းရည်ရရှိရန် ဝါးများ၊ လှေကားထစ်နှင့် အိုးများအတွက် ငွေကျပ် ၅၄၀၀ ခန့် ရင်းနှီးရပြီး ရသောထန်းရည်ကို ထန်းလျက်ပြန်ချက်လျှင် တစ်နှစ်အတွက် ထင်းဖိုးမှာ ငွေကျပ်သုံးသိန်းကျော် ကုန်ကျသည်ဟု သိရသည်။

ထန်းတက်သမား ငှားရမ်းခမှာ တစ်လအတွက် စရိတ်ငြိမ်း ငွေကျပ် ခုနစ်သောင်း၊ ရှစ်သောင်းပေးရပြီး ထန်းတက်ရခြင်းမှာ ပင်ပန်းသောအလုပ်ဖြစ်သောကြောင့် အလုပ်သမားငှားရမ်းရာတွင်လည်း အလုပ်သမားရှားပါးသည်။

တပေါင်းလမှစတင်၍ တော်သလင်းလကုန်အထိ ထန်းရာသီအတွင်း ထန်းလှီးခြင်း၊ ထန်းလျက်ချက်ခြင်းများကို ခုနစ်လခန့် ပြုလုပ်ကြရသောကြောင့် ထန်းအပင် ၁၀၀ အတွက် ခုနစ်လစာ ကုန်ကျစရိတ်မှာ ထန်းတက်သမားလခ ငွေကျပ် ၅၆၀၀၀၀၊ ဝါးများ၊ လှေကားထစ်နှင့် အိုးများအတွက် တစ်ပင်လျှင် ငွေကျပ် ၅၄၀၀ ဖြင့် အပင် ၁၀၀ အတွက် ငွေကျပ် ၅၄၀၀၀၀ ခန့်စုစုပေါင်း ငွေကျပ် ၁၁ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ထိုသို့ ကုန်ကျစရိတ်များသော်လည်း ပြန်ရသည့်အမြတ် နည်းပါးခြင်း၊ လူပင်ပန်းခြင်းတို့ကြောင့် ထန်းတက်သူ၊ ထန်းလျက်လုပ်ငန်းလုပ်သူ နည်းလာခြင်းဖြစ်ကြောင်း သိရသည်။ ဖူလုံကျေးရွာမှ ထန်းတက်သူတစ်ဦးက "ကျွန်တော်တို့ ဖူလုံသူကြီးတောရိုးမှာဆိုရင် အရင်ကထန်းတက်သမား ၃၀ လောက်ရှိတာ၊ အခု ၁၀ ဦးတောင် ပြည့်အောင်မတက်တော့ဘူး"ဟု ပြောသည်။

ပေကုန်းကျေးရွာမှ ထန်းတက်သမားဟောင်းတစ်ဦးကလည်း "ထန်းလျက်က ဈေးကောင်းပေမယ့်လည်း ထင်းဖိုးနဲ့ဆိုရင် အမြတ်နည်းတဲ့အပြင် တစ်မိသားစုလုံး ပင်ပန်းရတယ်။ အဲဒီတော့ မမြတ်တာချင်းအတူတူ ထန်းတွေကို မတက်တော့ဘူး။ မိသားစုလည်းမပင်ပန်းတော့ဘူး။ တခြားဝင်ငွေရတဲ့အလုပ်လေးတွေ ပြောင်းလုပ်ကြတာပေါ့။ ဒါကြောင့်လည်း ထန်းတက်တဲ့သူရှားလာတာပါ" ဟု ပြောသည်။

ထန်းအပင် ၁၀၀ ကျော်ပိုင်သူ ဦးကျော်ရွှေကလည်း "ထန်းတွေကို သစ်သားအဖြစ်နဲ့ လှဲရောင်းပစ်ဖို့စဉ်းစားနေတယ်။ ထန်းတက်ရတာလည်း ပင်ပန်းလွန်းလို့ နောက်နှစ်တွေ မတက်ဖြစ်လောက်တော့ဘူး။ အမြတ်လည်းအင်မတန်နည်းပါတယ်"ဟုဆိုသည်။

ရေစကြိုမြို့သည် ယခင်က မြန်မာတစ်နိုင်ငံလုံးတွင် ထန်းလျက်အများဆုံးထွက်သည့်မြို့ဖြစ်ခဲ့သည်။ ယခုအချိန်တွင်မူ အစဉ်အလာအရ ထန်းတက်ခဲ့သူ အများစုအနေဖြင့် အမြတ်နည်း လူပင်ပန်းသည့် ထန်းတက်ခြင်းလုပ်ငန်းကို မလုပ်ကြတော့ဘဲ အခြား နီးစပ်ရာစီးပွားရေးလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်လာကြသည်ဟု ထန်းတက်လုပ်ငန်းလုပ်ကိုင်ကြသူအချို့က ပြောသည်။ ထန်းတက်သူ၊ ထန်းလျက်ချက်သူ ရှားပါးလာသောကြောင့် ထန်းလျက်ကိုအသုံးပြုသော မုန့်လုပ်ငန်းများတွင်လည်း ထန်းလျက်အစား သကြားကို အစားထိုးအသုံးပြုမှု များပြားလာသည်။

အိမွန်ဆွေ(ရေစကြို)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၀ သို့ တီဗွီနှင့် ရုပ်/သံဖမ်းစက်များ လှူဒါန်းထောက်ပံ့

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာ - တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၈၀ အတွက် LED TV နှင့် Sky Net ရုပ်/သံဖမ်းစက်များကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် Yunnan International Non-Government Organization Society (YINGOS) မှ စက်တင်ဘာ ၁၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် ဖိုးခေါင်လမ်းထောင့်ရှိ မြင်သာမြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် YINGOS မှ မြန်မာနိုင်ငံကိုယ်စားလှယ်တစ်ဦးက "ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဘုန်းတော်ကြီးသင်နဲ့ သီလရှင်သင်ပညာရေးကျောင်းတွေမှာသုံးတဲ့ အသုံးအဆောင်ပစ္စည်းတွေ ပြုပြင်ပြောင်းလဲရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ကိုရင်၊ သီလရှင်နဲ့ မိဘမဲ့ ကလေးတွေရဲ့လူမှုဘဝနေထိုင်မှုကို မြှင့်တင်ပေးတာလည်းဖြစ်သလို ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာနိုင်ငံကို တစ်ဖက်တစ်လမ်းက ကူညီမှုတစ်ခုလို့ပြောရမှာပါ"ဟု ပြောကြားသည်။

တီဗွီနှင့် ရုပ်သံဖမ်းစက်များကို ယူနန်ပြည်နယ် YINGOS နှင့် Yangon Noble Language Center တို့မှ ပူးပေါင်းလှူဒါန်းခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ၈၀ သို့ တစ်ကျောင်းလျှင် ၄၃ လက်မ LED TV နှင့် ရုပ်/သံဖမ်းစက် တစ်လုံးစီ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယခု လှူဒါန်းမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကလည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၀၀ သို့ အလားတူ LED TV နှင့် ရုပ်သံဖမ်းစက်များ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံ၍လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ပရဟိတဂေဟာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်မြောက် လှူဒါန်းပွဲတွင် မြင်သာဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ပရဟိတဂေဟာကျောင်းအုပ် ဆရာတော်ထံသို့ လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် YINGOS အဖွဲ့နှင့် Yangon Noble Language Center မှ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်းလိုက်သော LED TV နှင့် ရုပ်/သံ ဖမ်းစက်များကို ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်နှင့် သီလရှင်ကျောင်းပေါင်း ၈၀ အတွက် လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်အလိုက်လှူဒါန်းမှုမှာ မင်္ဂလာဒုံမြို့နယ်မှ ၂၁ ကျောင်း၊ အင်းစိန်မြို့နယ်မှ နှစ်ကျောင်း၊ မှော်ဘီမြို့နယ်မှ ရှစ်ကျောင်း၊ တိုက်ကြီးမြို့နယ်မှ လေးကျောင်း၊ လှည်းကူးမြို့နယ် မှ ၁၇ ကျောင်း၊ ရွှေပြည်သာမြို့နယ်မှ ၁၁ ကျောင်း၊ ထန်းတပင်မြို့နယ်မှ နှစ်ကျောင်းတို့ဖြစ်ကာ အဆိုပါကျောင်းများသို့ ဆက်လက်ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် ပညာရေးကျောင်းပေါင်း ၂၂၈ ကျောင်းရှိပြီး အရှေ့ပိုင်းခရိုင်တွင် ၆၈ ကျောင်း၊ အနောက်ပိုင်းခရိုင်တွင် ၂၄ ကျောင်း၊ တောင်ပိုင်းခရိုင်တွင် ကျောင်း ၅၀၊ မြောက်ပိုင်းခရိုင်တွင် ၈၆ ကျောင်းဖြစ်ရာ လှူဒါန်းရန် ကျန်ရှိနေသေးသော တောင်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဆက်လက်လှူဒါန်းရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် ပညာရေးကျောင်းများတွင် ပညာဆည်းပူးနေသော ကလေးငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် အစိုးရအခြေခံပညာကျောင်းများသို့ တက်ရောက်နိုင်ခြင်းမရှိသော မိဘမဲ့နှင့် ချို့တဲ့ ကလေးငယ်များဖြစ်ကာ ကျောင်းသား ကျောင်းသူ ကလေးငယ်များအပြင် ကိုရင်ငယ်များ၊ သီလရှင်ငယ်များပါ အတန်းပညာများတက်ရောက်သင်ယူခွင့်ရသော ကျောင်းများဖြစ်သည်။ ထိုကျောင်းများတွင် သင်ကြားပေးနေသောဆရာ ဆရာမများသည် လခမယူဘဲ အလှူရှင်များ၏ လှူဒါန်းငွေဖြင့်သာ ရပ်တည်နေကြရသော ကျောင်းများဖြစ်သည်။

ထိုကျောင်းများတွင် အတန်းပညာအပြင် အခြားအသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဘာသာစကားသင်တန်း၊ လက်မှုပညာသင်တန်းစသော သင်တန်းများ၊ စိတ်ပိုင်းဆိုင်ရာခံယူချက်ကောင်းမွန်စေသည့် ယဉ်ကျေးလိမ္မာသင်တန်းများကိုလည်း တွဲဖက်ကာ မည်သည့်အခကြေးငွေမျှမယူဘဲ ဘက်စုံသင်ကြားပေးနေသော ကျောင်းများဖြစ်ကြောင်းနှင့် ကျောင်းအိပ်ကျောင်းစားနေထိုင်ကြသည့် ကျောင်းသား ကျောင်းသူများလည်း ရှိနေကြကြောင်း ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မော်၏ ပြောကြားချက်အရ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ပြည်နယ်ဝန်ကြီး ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ပံ့ပိုးပစ္စည်းပေးအပ်

ဘောလခဲ စက်တင်ဘာ ၂၀

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံးကျေးရွာ မိုးနှမ်းအပြီး ယာသီးထပ်အဖြစ် ပဲတီစိမ်းဧက ၁၀၀ အတွက် ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုကအမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူး ညွှန်ကြားရေးမှူးဦးမျိုးခန့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က ပံ့ပိုးပစ္စည်းများပေးအပ်ပြီး တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

မြို့နယ်စီမံကိန်းရေးဆွဲခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရေတာရှည် စက်တင်ဘာ ၂၀

ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(UNDP)မှ ကြီးမှူးပြုလုပ်သော ပြည်သူများပါဝင်သည့် မြို့နယ်စီမံကိန်းရေးဆွဲခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က တောင်ငူခရိုင် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် UNDP မှ Deputy Country Director Ms. Dawn Del Rio တို့က စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ မြို့နယ်အဆင့်၊ ကျေးလက်အဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် တောင်သူများ၏ စိုက်ပျိုးသီးနှံများ ခိုင်မာသောဈေးကွက်ရရှိနိုင်ရေးအပြင် လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ ရယူဆောင်ရွက်သည့်အခါ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးလှပြီး ပြည်ပအကူအညီဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရမှ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ ပြည်သူများသို့ အသိပေးခြင်းနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆွေးနွေးပွဲတွင် ပြောကြားသွားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအဆင့် ရွေးချယ်ထားသူများတက်ရောက် ဆွေးနွေးခဲ့ကြသည်။

ကိုလွင်(ဆွာ)

လယ်သမားများအဆင်ပြေစေရန် လယ်ယာသုံးစက်များ အငှားဝန်ဆောင်မှုပေးလျက်ရှိ

မကွေး စက်တင်ဘာ ၂၀

လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားရှားပါးလာသည့် အခြေအနေအရ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုရန်ခေတ်က မဖြစ်မနေတောင်းဆိုလာနေပြီး မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း တောင်သူလယ်သမားများ အဆင်ပြေစေရေးအတွက် လယ်ယာသုံးစက်ကိရိယာအငှားဝန်ဆောင်မှုများကို နှုန်းထားသက်သာစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တစ်ဧကနှုန်းပြောရရင် ထွန်စက်ကြီးမှာ ထွန်မောင်း ငွေကျပ် ၆၅၀၀၊ ထယ်ဆိုရင် ငွေကျပ် ၁၃၀၀၀၊ ခါးစက်ထွန် ငွေကျပ် ၁၃၀၀၀၊ ကောက်စိုက်စက် ငွေကျပ် ၂၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့စက် ငွေကျပ် ၃၅၀၀၀ နှုန်းထားတွေနဲ့ အငှားဝန်ဆောင်မှု တွေ ပေးနေပါတယ်" ဟု မကွေးတိုင်း စက်မှုလယ်ယာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဇော်က ပြောသည်။

ဌာနအနေဖြင့် နယူးဟော်လန်ထွန်စက် မြင်းကောင်ရေ ၉၀ အား အစီး ၂၀၊ မြင်းကောင်ရေ ၇၅ ကောင်အား ၁၅ စီး၊ ဆိုနာလီကာထွန်စက် မြင်းကောင်ရေ ၉၀ အား ၁၈ စီး၊ မြင်းကောင်ရေ ၇၅ ကောင်အား အစီး ၂၀၊ ကူဘိုတာ(၄၇) ၁၀ စီး၊ ကူဘိုတာ(၁၅) ငါးစီး၊ အင်ဒိုဖန်း မြင်းကောင်ရေ ၅၂ ကောင်အား နှစ်စီး၊ စုစုပေါင်း ထွန်စက်အစီးရေ ၉၀ ကို မြို့နယ်စခန်းများသို့ ခွဲဝေပေးထားပြီး ကူဘိုတာ DC-17G ရိတ်သိမ်းခြွေလှေ့စက် ၁၂ စီး၊ တရုတ်ခြောက်တန်းသွား ကောက်စိုက်စက် ခုနစ်စီးဖြင့်လည်း ဝန်ဆောင်မှုပေးနေကြောင်း ၎င်းကဆိုသည်။

ဌာန၏ စာရင်းကောက်ယူမှုများအရ တိုင်းဒေသကြီးအတွင်း တောင်သူများလက်ဝယ်တွင်လည်း ထွန်စက်ကြီး အစီးရေ ၄၀၈၀၊ လက်တွန်းထွန်စက် ၁၉၀၂၉ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၇၇ စီးနှင့် ကောက်စိုက်စက်ကိုးစီးကို ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်သူများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်များတွင် အသုံးပြုသည့်အပြင် အခကြေးငွေဖြင့် ငှားရမ်းမှုများလည်း လုပ်ဆောင်နေကြကြောင်း၊ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ လိုအပ်ချက်ရှိပါက မြို့နယ်များရှိ လယ်ယာဝန်ဆောင်မှုအသင်းများသို့ ချိတ်ဆက်ငှားရမ်းနိုင်ပြီး အခြားဒေသများမှ အစုအဖွဲ့လိုက် လာရောက်ငှားရမ်းနေမှုများလည်းရှိကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဇေယျတု(မကွေး)

နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

နမ့်ခမ်း စက်တင်ဘာ ၂၀

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်း မြို့ပေါ်ကျောင်းများရှိ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအတွက် မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနနှင့် နမ့်ခမ်းမြို့နယ် ဦးစီးမှူးရုံးတို့က ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က နမ့်ခမ်းမြို့ အထက(၁)ကျောင်း သီရိရွှေရည်ခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နမ့်ခမ်းမြို့ပေါ်ရှိ အထက်တန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်းတို့မှ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအတွက် ကွင်းဆင်းပြုလုပ်ပေးထားခြင်းဖြစ်ရာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၄၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မူဆယ်ခရိုင်ဦးစီးမှူး ဦးစောနိုင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများရှိ ကျောင်းအုပ်ကြီးများထံသို့ ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

ဉာဏ်မင်း(နမ့်ခမ်း)

တရားရေးနှင့် JICA တို့ပူးပေါင်း၍ ဆွေးနွေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၂၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ပူးပေါင်း၍ Seminars on how to handle new types of evidence ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကို ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ JICA မှ Chief Advisor Mr. Kazyrnori Nose နှင့် တာဝန်ရှိသူများ၊ လေ့ကျင့်ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားရေးဦးစီးမှူးနှင့် ခရိုင်/မြို့နယ်ရှိ တရားရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန့်စင် (ပဲခူး)

ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ယနေ့ရေကမ္ဘာ

မောင်ပါဝါ

စက်တင်ဘာ ၁၆ ရက်မှ အဆက်

(က) **မိုးရေကို မှီခိုအားထားရသော စနစ်** (Rain-fed system)။ သီးနှံအားလုံး ရေလိုအပ်ချက်သည် ရွာသွန်းမိုးရေ အားလုံးစိုက်ကွင်းများပေါ်သို့ ကျရောက်ခြင်းမှရရှိသည်။ ယင်းနောက် သီးနှံများသည် ရွာသွန်းမိုးရေမှ စိုက်ကွင်းအတွင်း တင်ရှိ စိမ့်ဝင်ရေ၏ မြေကြီးအစိုဓာတ် (Soil moisture retained) ကို စုပ်ယူခြင်း သို့မဟုတ် မြေကြီးထုရှိ ရေမျက်နှာပြင်မြင့်တက်မှု အခြေအနေ (High water table) မှ အပေါ်သို့ ပန်းထွက်မှု (Capillary action) ဖြင့် ရေရှိသည်။ သီးနှံထုတ်လုပ်နိုင်စွမ်းအား (Crop productivity) တစ်နည်းအားဖြင့် တစ်ဟက်တာ (Hectare) (၂ ဒသမ ၄၇ ဧက) သီးနှံထွက်ရှိမှုသည် မိုးရွာသွန်းမှု၏ ထိန်းချုပ်ခြင်းအောက်တွင် စိုက်ပျိုးရေးစနစ်တစ်ခုလုံးအား ထိရောက်အကျိုးရှိသည့် ပြောင်းလဲမှုကို ဖြစ်စေသည်။

(ခ) **ဆည်ရေသွင်းစိုက်ပျိုးရေစနစ်** (Irrigation system)။ ယင်းစနစ်သည် တစ်နည်းအားဖြင့် ရေကို အသုံးချရန် ထုတ်ယူလျှော့ချခြင်း (Withdraw)၊ ဖြန့်ဝေပေးခြင်း (Distribution/ delivery) နှင့် အသုံးချခြင်း (Application) တို့ပင်ဖြစ်သည်။ အမှန်စင်စစ်မှာမူ ရေသွင်းစိုက်ပျိုးစနစ် (Irrigated agriculture) သည် မိုးရေမှီခိုအားထားရသောစနစ် (Rain-fed) နှင့် ဆည်ရေပေးစနစ် (Irrigation) နှစ်မျိုးဟု ဖွင့်ဆိုနိုင်သည်။ လက်တွေ့တွင်မူ မိုးရေမှီခိုအားထားရသော စိုက်ပျိုးရေးစနစ်အား နောက်ပိုင်းရေလိုအပ်ချက်ကို ဆည်ရေဖြင့် ဖြည့်တင်းပေးရသည့်စနစ်အဖြစ်လည်း ရှိနေသည်။ ယေဘုယျအားဖြင့် သီးနှံကုန်ထုတ်စွမ်းအားသည် ဆည်ရေသွင်းစိုက်ပျိုးရေးအထောက်အကူပြုမှုအတွက် လုံလောက်သော သီးနှံလိုအပ်ရေကို ရရှိနိုင်သဖြင့် မိုးရေမှီခိုအားထားရသော စိုက်ပျိုးရေးကုန်ထုတ်စွမ်းအားနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားကြောင်း တွေ့ရှိကြရမည်ဖြစ်သည်။

သို့ဖြစ်၍ မိုးရေမှီခိုအားထားရသောစနစ်နှင့် ဆည်ရေသွင်းစိုက်ပျိုးစနစ်တို့တွင် မိုးရွာသွန်းမှုမှ တိုက်ရိုက်ရရှိရေကို အစိမ်းရောင်ရေ (Green water) ဟုခေါ်ဆိုပြီး ဆည်ရေသောက်စနစ်အတွင်း ရေသွင်းစိုက်ပျိုးရေကို အပြာရောင်ရေ (Blue water) ဟု သတ်မှတ်စဉ်းစားကြသည်။ ထင်သာမြင်သာ ဥပမာကို ဖော်ပြရလျှင် လယ်သမားတစ်ဦးသည် မိမိလယ်မြေအတွင်း ရေထိန်းမြေသားကန်ငယ် (Small retention pond) တူးဖော်ထားရှိပြီး မိုးရေထိန်းချုပ်ထားရှိချိန်တွင် ယင်းရေသည် အပြာရောင်ရေ (Blue water) ဖြစ်၍ နောက်ပိုင်းဆက်စပ်ဖြစ်ထွန်းမှုများအရ အချိန်တိုအတွင်း တဖြည်းဖြည်းမြေကြီးအတွင်းသို့ စိမ့်ဝင်သွားခြင်းကြောင့် တစ်ဖန် အစိမ်းရောင်ရေ (Green water) ပြန်လည်ပြောင်းလဲသွားသည်။ အဆိုပါရေသည်ပင် မြေကြီးအတွင်း စိမ့်ဝင်ပြီးနောက် သဘာဝစိမ့်စမ်းရေ (Aquifers)အဖြစ် ဖြည့်တင်းချိန်တွင် အပြာရောင်ရေ (Blue water) အဖြစ် ပြောင်းလဲဦးမည်ဖြစ်သည်။ သို့ဖြစ်၍ လယ်ကွင်းအဆင့် (Farm scale) စိုက်ပျိုးရေးစီမံခန့်ခွဲမှုပန်းတိုင်သည် အောက်ပိုင်းဒေသများသို့ စီးဆင်းသွားမှု၊ မြေအောက်ရေအဖြစ် စီးဆင်းစိမ့်ဝင်သွားမှု သို့မဟုတ် အခြားတစ်ဖက်တွင်အငွေ့ပျံတက်မှုကြောင့် ရေဆုံးရှုံးမှုများကို လျှော့နည်းသက်သာစေရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

စားနပ်ရိက္ခာအတွက်ရေ (Water for Food)

စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုနှင့် သားငါးထုတ်လုပ်မှုတို့တွင် ရေလိုအပ်ချက်သည် အဓိကအခန်းကဏ္ဍမှ မရှိမဖြစ်ပါဝင်လျက်ရှိသည်ကို ရှေ့ပိုင်းတွင် ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ ရှင်းလင်းခြင်းမပြုတော့ပါ။ ကမ္ဘာ့အရှေ့ခြမ်းဒေသကြီးများဖြစ်ကြသည့် အာရှ၊ ဩစတြေးလျ၊ အာဖရိကနှင့် ဥရောပတိုက်ကြီးများတွင် စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်ထုတ်ယူသုံးစွဲမှု အခြေအနေကို ပုံ(၁၂)ဖြင့် ဖော်ပြပါသည်။



ပုံ(၁၂) ကမ္ဘာ့အရှေ့ခြမ်းဒေသအသီးသီး၏ စိုက်ပျိုးရေး ရေသုံးစွဲမှု

ယင်းအပြင် ကမ္ဘာကြီးတစ်ခုလုံး၏ စိုက်ပျိုးသီးနှံဧရိယာ (Cropland) ၏ ငါးပုံတစ်ပုံ (၁/၅) သည် မိုးရေ (အစိမ်းရောင်ရေ)ကို အားထားရနိုင်ခြင်းမရှိပါ။ သို့ဖြစ်၍ လယ်သမားများသည် အပြာရောင်ရေဖြစ်သည့် မြေပြင်ပေါ်ရှိ ရရှိနိုင်မည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ မြေ အောက်ရေ၊ သဘာဝစိမ့်စမ်းများ ရေထွက်များမှရေကို မှီခိုအားထားကြရသည့် အခြေအနေများအား ရှေ့ပိုင်းတွင်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ကမ္ဘာ့ဒေသအသီးသီးတွင် ဆည်ရေသွင်းစိုက်ပျိုးမှုအခြေအနေကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အခြေခံသော စာရင်းဇယားများဖြင့် ခြုံငုံလေ့လာနိုင်ကြရန် ပုံ(၁၃)ဖြင့် ဖော်ပြထားသည်။



ပုံ(၁၃) ကမ္ဘာ့ဒေသအသီးသီး၏ ဆည်ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေ

မြန်မာနိုင်ငံ ရေအရင်းအမြစ်စီမံခန့်ခွဲမှု

(Water Resources Management in Myanmar)

ရှေ့ပိုင်းတွင် အဓိကသော့ချက်ကျသော နိုင်ငံတကာ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှု အခြေခံ သဘောထားခံယူချက်များ (Concepts) နှင့် ဆက်စပ်အကြောင်းအရာများကို ခြုံငုံ၍ ဖော်ပြခဲ့ပြီး ဖြစ်သည်။ အလျဉ်းသင့်၍လည်း မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ် စီမံခန့်ခွဲမှု (WRM in Myanmar) တစေ့တစောင်းကို ခြုံငုံစုစည်းဖော်ပြသွားလိုသည်။

မြန်မာနိုင်ငံ၏ ပင်မသွေးကြောမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်သည် အလျား ၂၁၆၀ ကီလိုမီတာရှည်လျား၍ နိုင်ငံမြောက်ဖျားအစွန်မှ မြစ်ဖျားခံပြီး တောင်ပိုင်းဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ ဧရာဝတီမြစ်ကြီးအတွင်း ယင်း၏ မြောက်ပိုင်းရှိ အဓိက မြစ်လက်တက်၊ ချောင်းကြီး ၁၂ ခု (မြစ်သာ၊ ဥရု၊ စမုံ၊ ပန်းလောင်၊ ဇော်ဂျီ၊ မြစ်ငယ်၊ ချောင်းမကြီး၊ ရွှေလီ၊ တာပိန်၊ မူး၊ မိုးကောင်း၊ မလိခ)နှင့် အလယ်ပိုင်း ဒေသရှိ အဓိက မြစ်လက်တက်၊ ချောင်းကြီးရှစ်ခု (မုန်း၊ မန်း၊ စလင်း၊ ယင်း၊ ပင်း၊ ယော၊ မင်းတုန်း၊ နဝင်း) တို့ အသီးသီးစီးဝင်ကြသည်။ အဆိုပါမြစ်ချောင်းကြီး ၂၀ ၏ စုစုပေါင်းရေဆင်းဧရိယာမှာ ၂၀၈၅၃၂ စတုရန်းကီလိုမီတာနှင့် နှစ်စဉ်ပျမ်းမျှ စီးဆင်းရေမှာ ၁၉၃၇၇၅ သန်းကုဗမီတာ ဖြစ်ကြသည်။

မြန်မာနိုင်ငံရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဆက်စပ်သည့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း စီးဆင်းလျက်ရှိကြသော အဓိက မြစ်၊ ချောင်းများ၏ မြစ်ဝှမ်းဒေသများ (Drainage areas) ကို ပိုင်းခြားထားသော ဒေသကြီးရှစ်ခုနှင့် ယင်းဒေသကြီးများ အလိုက် အဓိကရေစီးရေလာအချက်အလက်များကို ဇယား (င) ဖြင့် ဖော်ပြထားသည်။ (UNECAFE, Bangkok, Dec. 1956), (Myanmar WR, ID, Nov. 1990; Economic and Social Commission for Asia and The Pacific, UN, New York, 1995)

မြန်မာနိုင်ငံမြစ်ချောင်းများ၏ ပုံမှန်နှစ်ပျမ်းမျှစီးဆင်းရေ **ဇယား (င)**

စဉ်	အကြောင်းအရာ	ရေစီး ဆင်းဒေသကြီး	ရေဆင်းဧရိယာ စတုရန်းကီလိုမီတာ (× ၁၀³)	ရေဆင်းဧရိယာ စတုရန်း (မိုင်)	ပုံမှန်နှစ်စီးဝင်ရေ သန်းကုဗမီတာ	ပုံမှန်နှစ်စီးဝင်ရေ သန်းဧကပေ
(က)	ဧရာဝတီမြစ်					
၁	ချင်းတွင်းနှင့်ဧရာဝတီ ပေါင်းဆုံရာအထိ	၁	၁၁၅.၃	၄၄.၅	၁၄၁၂၉၃	၁၁၄.၅၀
၂	ဧရာဝတီစတင်ရာမှ ချင်းတွင်းနှင့်ပေါင်းဆုံအထိ	၂	၁၉၃.၃	၇၄.၆	၂၂၇.၉၂၀	၁၈၄.၇၀
၃	ဧရာဝတီ-ချင်းတွင်း ပေါင်းဆုံမှ ပင်လယ်မြစ်ဝထိ	၃	၉၅.၆	၃၆.၉	၈၅၈၀၀	၆၉.၅၃
	(က) ပေါင်း		၄၀၄.၂	၁၅၆.၀	၄၅၅၀၁၃	၃၆၈.၇၃
(ခ)	အခြားမြစ်များ					
၄	ပခူး၊ စစ်တောင်း၊ ဘီးလင်း နှင့်အခြားမြစ်များ	၄	၄၈.၁	၁၈.၆	၈၁၁၄၈	၆၅.၇၆
၅	ရခိုင်ပြည်နယ်မြစ်များ	၅	၅၈.၃	၂၂.၅	၁၃၉၂၄၅	၁၁၂.၈၄
၆	တနင်္သာရီမြစ်ချောင်းများ	၆	၄၀.၆	၁၅.၇	၁၃၀၉၂၇	၁၀၆.၁၀
၇	သံလွင်မြစ် (မြန်မာနယ်နိမိတ် အဝင်)မှ မုတ္တမပင်လယ်ဝထိ	၇	၁၂၆.၈	၄၁.၀	၂၅၇၉၁၈	၂၀၉.၀၁
၈	မဲခေါင်မြစ် (မြန်မာနယ်နိမိတ်အတွင်း)	၈	၂၈.၆	၁၁.၀	၁၇၆၃၄	၁၄.၂၉
	(ခ)ပေါင်း	(၄မှ၈ထိ)	၃၀၂.၄	၁၀၈.၈	၆၂၆၈၇၂	၅၀၈.၀၀
	(က) + (ခ) စုစုပေါင်း		၇၀.၆၆	၂၆၄.၈	၁၀၈၁၈၈၅	၈၇၆.၇၃

ဖော်ပြဇယားပါကိန်းဂဏန်းအချက်အလက်များသည် UNECAFE (1956) မှ "WR Development in Burma (Myanmar), India and Pakistan" နှင့် "Assessment of WR and Water Demand by User Sectors in Myanmar, UN (1995)" တို့မှ အတည်ပြု ထုတ်ပြန်ထားချက်များဖြစ်သည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်း ပြဿနာတစ်ခုချင်းစီ (Case Study) အဖြစ် လေ့လာမှုများ လုပ်ကိုင်နိုင်ဖွယ်ရှိသည်မှအပ တာဝန်ရှိအဖွဲ့အစည်းများက ညှိနှိုင်းပေါင်းစပ်လျက် မြန်မာနိုင်ငံတစ်နိုင်ငံလုံး လွှမ်းခြုံသော WRM ဆိုင်ရာ မှီငြမ်းကိုးကားနိုင်သည့် အထောက်အထားသစ်များ မရှိသေးဟု ယူဆပါသည်။ ဆောင်ရွက်ကောင်းဆောင်ရွက်မည်ဖြစ်ခဲ့ပါကလည်း စာရေးသူအလှမ်းဝေး၊ ကင်းကွာနေ၍ ဖြစ်နိုင်သည်ကိုလည်း ခံယူထားပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုအရ မိုးရွာသွန်းမှု ပုံသဏ္ဌာန် (Rainfall Pattern) သည် ခန့်မှန်းရခက်သော ပြောင်းလဲမှုများဖြစ်ပေါ်လာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမြစ်၊ ချောင်းများမှ မြေပြင်ပေါ်ကျရောက်စီးဆင်းရေ၊ မြေအောက်ရေဆိုင်ရာ နှစ်ရှည်အချက်အလက်ရယူစုဆောင်းခြင်း၊ စူးစမ်းလေ့လာခြင်းများနှင့် ခွဲခြားစိတ်ဖြာသုံးသပ်ခြင်းများ (Long term data collection, investigation and analyses) ပြုလုပ်ရန် လိုအပ်နေသည်ဟု သုံးသပ်ပါသည်။ စင်ကာပူအခြေစိုက် Institute of Southeast Asian Studies မှ ပြုစုသည့် Water Issues in SE Asia (2013) တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စအဝဝအတွက်ဒေသတွင်း အခြေအနေများနှင့် ဆက်စပ်လျက်လက်ရှိသွားရာလမ်းကြောင်း (Present Trends) နှင့် အနာဂတ်လုပ်ငန်းညွှန်ကြားချက်များ (Future Directions) တို့ ဖော်ပြချက်တွင် မြန်မာနိုင်ငံပါဝင်ခဲ့ခြင်းမရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။ စုံစေ့စွာဖော်ပြနိုင်ခြင်းမရှိသော အချက်အလက် အနည်းအကျဉ်းကိုသာ ဖော်ပြထားသည်။

အရှေ့တောင်အာရှဒေသတွင်း ရေအရင်းအမြစ်

ယနေ့ကမ္ဘာ့နိုင်ငံအတော်များများသည် ရေသုံးစွဲမှု (Water consumption) တွင် အများအားဖြင့် ရရှိနိုင်စွမ်းရှိသည့် အရင်းအမြစ် (Source of supply) ထက်ပိုမိုသုံးစွဲကြခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံအတော်များများသည်လည်း မိမိတို့ပတ်ဝန်းကျင်ခလေ့ထုံးတမ်းစဉ်လာအရ ရေသုံးစွဲသူများအကြား ညှိနှိုင်းပူးပေါင်းလုပ်ဆောင်လျက်ရှိကြသည်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများတွင် ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးတည်လျှောက်လှမ်းချက်ကို ဇယား (စ) ဖြင့် ဖော်ပြထားသည်။ (ASEAN Secretariat, Oct. 2005, 2009; Fourth ASEAN State of Environment Report, 2009)

(ဆက်လက်ဖော်ပြပါမည်)

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

မချမ်းဘော့ စက်တင်ဘာ ၂၀

ကချင်ပြည်နယ် မချမ်းဘော့မြို့၌ ကျောင်းသား ကျောင်းသူလူငယ်များ လူကုန်ကူးခံရမှုမရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးများသိရှိစေရန်အတွက် လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အထကကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုရဲမှူးထွန်းလွင်က လူကုန်ကူးခံရသူတို့၏ ဖြစ်စဉ် သာဓကများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် Projector ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးလှမြင့်က ကျောင်းသား ကျောင်းသူများကို မူးယစ်ဆေးဝါးသုံးစွဲခြင်းမပြုလုပ်ရန် သြဝါဒအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မချမ်းဘော့(ပြန်/ဆက်)

တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ဆေးဆိုင်များကို ရှောင်တခင်စစ်ဆေး

သံတွဲ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် သံတွဲမြို့ပေါ်ရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးများနှင့် တားမြစ်ထားသောဆေးဝါးများ ရောင်းချမှုမရှိစေရန်အတွက် သံတွဲခရိုင် ရဲတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး၊ မြို့နယ်ရဲမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလဒုတိယပတ်က သံတွဲမြို့ပေါ်ရှိဆေးဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

"မြို့ပေါ်မှာရှိတဲ့ ဆေးဆိုင်တွေမှာ တရားမဝင်ရောင်းတဲ့ ဆေးဝါးတွေ၊ သက်တမ်းလွန်ဆေးတွေနဲ့ တားမြစ်ဆေးတွေ ရောင်းချမှုရှိ/မရှိကို ဌာနဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းပြီးစစ်ဆေးတာပါ။ မသိနားမလည်တဲ့ပြည်သူတွေ ဆေးဆိုင်ကဝယ်ယူတဲ့အခါမှာ အာနိသင်ပြည့်ဝတဲ့ဆေးဝါးနဲ့ သက်တမ်းလွန်ဆေးဝါးဆိုပြီး ခွဲခြားမသိတဲ့အတွက် ဘေးထွက်ဆိုးကျိုးတွေ မခံစားရအောင် ဝင်ရောက်စစ်ဆေးတာပါ"ဟု ခရိုင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အတွင်းရေးမှူး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက ပြောသည်။

စစ်ဆေးရေးအဖွဲ့တွင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်နှင့်တပ်ဖွဲ့ဝင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခိုင်ခိုင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်ဝင်းဝင်းလှိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ခဲ့ပြီး စစ်ဆေးရေးအဖွဲ့ဝင်များသည် သံတွဲမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် ဘုရင့်နောင်လမ်းမကြီးရှိ ဈေးဆိုင်များကိုလည်း ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့သည်။ သံတွဲမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် ဆေးဝါးအရောင်းဆိုင်များ၊ ဈေးများနှင့် လူသုံးပစ္စည်းအရောင်းဆိုင်များသို့ အခါအားလျော်စွာ လိုက်လံစစ်ဆေးပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၆၄)

သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာ ကျန်းမာရေးဆိုင်ရာပညာပေးဟောပြော

မိုးကုတ် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအသင်း (မန္တလေး)တို့ ပူးပေါင်းစီစဉ်သည့် "သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာ" ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ဆိုင်ရာ စစ်ဆေးခြင်း (Cervical Screening) ကို မိုးကုတ်မြို့ ပြည်သူ့ဆေးရုံကြီးဟောပြောခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာခင်မောင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာမလေးတင့်က သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ရာတက်ရောက်သူများက သိရှိလိုသော မေးခွန်းများ မေးမြန်းမှုကို သားဖွားမီးယပ်ဆရာဝန်ကြီးက ပြန်လည်ဖြေကြားသည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ဆေးစစ်ရန် ဆန္ဒပြုသူဒေသခံအမျိုးသမီး ၅၀ တို့အား သားဖွားမီးယပ်ဆရာဝန်ကြီးခြောက်ဦးတို့က ကင်ဆာရောဂါရှိ မရှိ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

တောင်ငူမြို့ဘာသာပေါင်းစုံ ဗောဓိသာရသုသာန်လမ်းကို မြို့လူထုအားဖြင့် ကွန်ကရစ်လမ်းခင်း

တောင်ငူ စက်တင်ဘာ ၂၀

တောင်ငူမြို့၌ ဘာသာပေါင်းစုံမှ လူများဆုံးပါးသည့်အခါ သင်္ဂြိုဟ်သည့် သင်္ချိုင်းအသီးသီးရှိရာ ဗောဓိသာရသုသာန်သည် မြို့ပေါ်ရပ်ကွက်တို့၌ နေထိုင်ကြသည့် လူမျိုးဘာသာစုံ နောက်ဆုံးခရီးအဖြစ် ပို့ဆောင်ရာ သင်္ချိုင်းဖြစ်သည်။

ဗောဓိသာရသုသာန်သို့သွားရာ လမ်းသည် ချိုင့်ခွက်များကြောင့် လမ်းပျက်စီးနေကာ လမ်းဘေးတွင် နှစ်ကေခန့်ရှိ တစ်မြို့လုံးက စွန့်ပစ်အမှိုက်များ စွန့်ပစ်ရာနေရာဖြစ်ရာ အနံ့ဆိုးများ ထွက်ခြင်းကြောင့် အသုဘပို့ဆောင်သူများ အနေဖြင့် ဆိုးရွားသည့်အနံ့များ ရှူရှိုက်နေကြရသည်။

ထိုပြဿနာများကို ဖြေရှင်းရန် တောင်ငူမြို့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်သော အကျိုးဆောင်များက သုသာန်လမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် မီးလင်းရေးကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကော်မတီက စွန့်ပစ်အမှိုက်များကိုစက်ယန္တရားများဖြင့် ရှင်းလင်းခဲ့ပြီး လမ်းနယ်နိမိတ်သတ်မှတ်ကာ ခြံစည်းရိုးသံဆန်ခါကာရံ၍ ကွန်ကရစ်လမ်းခင်းခြင်းကို စက်တင်ဘာလ ပထမပတ်က စတင်ခင်းကျင်းကြသည်။

အဆိုပါ သုသာန်လမ်းကို အကျယ် ၁၆ပေ၊ အမြင့် ၈လက်မ၊ အရှည်ပေ ၃၀၀၀ခန့် ကွန်ကရစ်လမ်းခင်းကျင်းသွားမည်ဖြစ်ပြီး ယခုအခါလုပ်ငန်း၏ ၃၅ ရာခိုင်နှုန်းခန့်သာ ပြီးစီးလျက်ရှိသည်။

လမ်းကုသိုလ်ယူလိုသူများအနေဖြင့် ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်ဦး (စည်ပင်သာယာရေးကော်မတီ) ဖုန်း-၀၉-၇၈၂၅၅၅၄၁၄၊ ကိုဇင် (ပွိုင့်ဆိုင်ကယ်ရောင်းဝယ်ရေး) ဖုန်း-၀၉-၇၈၈၇၇၇၈၈၀၊ ကိုအောင်မင်း (ဘာသာပေါင်းစုံ) ဖုန်း-၀၉-၅၁၉၇၉၂၂ တို့သို့ ဆက်သွယ်လှူဒါန်းမှုပြုလုပ်နိုင်ကြောင်း သိရသည်။

သူရ(တောင်ငူ)

လယ်ယာမြေများအား တောင်သူများသို့ပေးအပ်

လဟယ် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏မူဝေခြင်း အစီအစဉ်ဖြင့် ဖော်ထုတ်ပြီးသော လယ်ယာမြေများအား တောင်သူများသို့ ပေးအပ်ပွဲကို ဂဟုန်းအုပ်စု စံပြကျေးရွာ၌ စက်တင်ဘာလဒုတိယပတ်က ကျင်းပခဲ့ရာ နာဂဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူတို့က ဖော်ထုတ်ပြီးသော လယ်ယာမြေများအား ဒေသခံတောင်သူများထံသို့ အသီးသီးပေးအပ်ခဲ့သည်။ ယင်းလယ်ယာမြေများသည် လဟယ်မြို့နယ် ဂဟုန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ၁၁ ဒသမ ၈၁ ဧကကို ဖော်ထုတ်ပေးခဲ့ပြီး ဂဟုန်းကျေးရွာ အိမ်ခြေ သုံးအိမ်၊ စံပြကျေးရွာရှိ အိမ်ခြေ ၁၈ အိမ် စုစုပေါင်း အိမ်ခြေ ၂၁ အိမ်အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူဒါန်း

မန္တလေး စက်တင်ဘာ ၂၀

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုတင်ဂုဏ်ပြုသောအားဖြင့် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူးဒုရဲမှူး လှမြင့်ဦးစီး၍ အမှတ် (၄) တပ်ဖွဲ့စု၊ မန္တလေး အမှတ် (၅) တပ်ဖွဲ့စုတံတားဦးနှင့် တပ်ဖွဲ့စိတ်မင်းကွန်းတို့မှ ရဲတပ်ဖွဲ့ဝင် ၁၈ ဦးတို့သည် စက်တင်ဘာ ၁၈ ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုအတွက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ဌာနတာဝန်ခံဆရာမကြီး ဒေါက်တာခင်မြမွန်က ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး တာဝန်ခံဆရာမကြီးက တပ်ဖွဲ့စုအားဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၃၇၉ခုနှစ်(၂၀၁၇)ခုနှစ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်ပွဲတော်ကြီးတွင် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လိုသူများက အိတ်ဖွင့်တင်ဒါလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း ကြေညာလိုက်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖြင့် အဆိုပြုရန်လုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်
(၁)	ကုမ္ပဏီအပါအဝင်စားသောက်ကုန်၊အလှကုန်၊အိမ်အသုံးအဆောင်နှင့်စားသောက်ဆိုင်ခန်းလုပ်ငန်း
(၂)	ယာဉ်ရပ်နားစခန်းနေရာလုပ်ငန်း
(၃)	ပုံကျဈေးကောက်လုပ်ငန်း
(၄)	အရောင်းပြခန်းကြော်ငြာလုပ်ငန်း(LED)ဘုတ်အပါအဝင်
(၅)	ချားရဟတ်နှင့် ၁၂ ပွဲဈေးဆိုင်လုပ်ငန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၉-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၉-၂၀၁၇ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံ၊စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အတွင်းရေးမှူး တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး၊ ဘဏ္ဍာရေးကော်မတီ(ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး)တောင်ကြီးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

ဘဏ္ဍာရေးကော်မတီ
၂၀၁၇ ခုနှစ်၊ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လက်ထောက် ညွှန်ကြားရေးမှူး(၂)ရုံးမှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကြီးအုံကြီးဝတမံ အဝင်လမ်းဖြစ်သော ၃ဒသမ၅မိုင်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ နှင့် သံချောင်းလုံးများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါလျှောက်လွှာ - လက်ထောက်ညွှန်ကြားရေးမှူး(၂) ရောင်းချမည့်နေရာရုံး၊ တည်ဆောက်ရေး(၃)၊ မင်းဘူးမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်သည့်ရက်** - ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)
(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီ
(င) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂) ရုံး၊ တည်ဆောက်ရေး(၃)၊ မင်းဘူးမြို့

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၆၅-၂၁၂၇၈သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပင့်လျှောက်အပ်ပါသည်

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သောကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ (၅၅)ကြိမ်မြောက် ခန္ဓာဝန်ချတော်မူသည့် အထိမ်းအမှတ် ဉာဏ်တော်ပူဇော်ပွဲနှင့် စုပေါင်းမဟာဘုံကထိန် သင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၉ ရက်(၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်)(တနင်္လာနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နှစ်စဉ်ပင့်ဖိတ်မြဲဖြစ်သော မိုးကုတ်ဓမ္မကထိကသံဃာတော်အရှင်သူမြတ်များသည် ပင့်လျှောက်လွှာများရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ချီးမြှင့်တော်မူပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည် အရှင်သူမြတ်တို့ဘုရား...

မိုးကုတ်အဖွဲ့ချုပ်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ အထက နဝမတန်းမှ မသီရိထွန်း ၅/ဘတလ(နိုင်)၁၃၃၃၈၆၏ ဖခင်အမည်မှန်မှာ ဦးအေးဇော် ၅/ကနန(နိုင်)၀၃၆၀၇၃ ဖြစ်ပါကြောင်း။

ဦးအေးဇော်

ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)ကျပ်ချောင်း တက္ကသိုလ်ဝင်တန်းမှ မဝါဝါလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုဋ္ဌေး ၇/အဖန(နိုင်)၁၂၉၅၀၇ ဖြစ်ပါသည်။

ဦးကိုဋ္ဌေး

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ်(၁၂၃/၁၆)မနီလာစုထွေး၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်း ၆/မအရ(နိုင်)၀၁၆၉၈၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ်(၃၅/၁၅) မဆက်ဆက်မိုး၏ ဖခင်အမည်မှန်မှာ ဦးအုံးသွင်၁၀/ခဆန(နိုင်)၀၀၈၇၀၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ)ခရိုက်ဒူး နဝမတန်း(ခ)မှ ကျောင်းဝင်အမှတ်(၀၅၃/၁၆)မသန္တာအောင်၏ ဖခင်အမည်မှန်မှာ ဦးအုံးသွင်၁၀/ခဆန(နိုင်)၀၀၈၇၀၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး ဆဋ္ဌမတန်း(ခ)မှ မအိအိထွေး ကျောင်းဝင်အမှတ် ၂၉၈၈ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကောင်း ၁၀/ခဆန (နိုင်)၀၈၆၇၇၂ ဖြစ်ပါကြောင်း။

ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်)

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ

ပန်းတနော်နွယ်ဖွားများ၊ အသင်းသူ/သားများနှင့် ကလျာဏမိတ်ဆွေများအားလုံးတို့အား ကြွရောက်ချီးမြှင့်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁-၁၀-၂၀၁၇) (တနင်္ဂနွေနေ့) ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၁)ရက်။
ကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ
ကျင်းပမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဇေရန်ပိုင် အနောက်ရပ်ကွက်၊ စကားဝိုင်းလမ်း၊ သာသနာ့အလင်းရောင်ခန်းမ(အလုံ-ဖေထီလီကွေ့အနီး)

(၂၀၁၆-၂၀၁၇) ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရသူများ (၂၇-၉-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ နာယကကြီး ဦးစိန်ရွက် (၀၁-၅၁၀၁၅၆)၊ နာယကကြီး ဦးစိန်လှိုင် (၀၉-၇၃၁၂၀၆၇၃)၊ ဥက္ကဋ္ဌ ဦးသန်းစိုး (၀၉-၅၀၈၈၈၅၆)၊ အတွင်းရေးမှူး ဦးကျော်နိုင် (၀၉-၂၆၂၆၄၀၄၀၉) တို့ထံ သတင်းပေးပို့ပါရန် ပန်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ်(၂၃/၁၅) မောင်စိုင်းထက်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကောင်း ၁၀/ခဆန(နိုင်)၀၈၆၇၇၂ ဖြစ်ပါကြောင်း။

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး အဋ္ဌမတန်း(က)မှ မသက်မွန်ထွေး ကျောင်းဝင်အမှတ် ၂၃၁၇၏ ဖခင်အမည်မှန်မှာ ဦးအုံးရှိန် ၁၀/ခဆန(နိုင်)၀၂၆၇၉၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး တက္ကသိုလ်ဝင်တန်း(ခ)မှ မဖြူနှင်းပွင့် ကျောင်းဝင်အမှတ် ၀၄၂/၁၆ ၏ ဖခင်အမည်မှန်မှာ ဦးအုံးရှိန် ၁၀/ခဆန(နိုင်)၀၂၆၇၉၅ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ) ခရိုက်ဒူး တက္ကသိုလ်ဝင်တန်း(က)မှ မအိသန္တာဖြိုး ကျောင်းဝင်အမှတ် ၀၂၀/၁၆၏ မိခင်အမည်မှန်မှာ ဒေါ်ရွှေဝါ ၁၀/ခဆန(နိုင်) ၁၀၉၈၅၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် အထက(ခွဲ)၊ ကွဲသောင် ပဥ္စမတန်းမှ မောင်စိုးပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၁၄/ဟသတ(နိုင်)၂၉၂၇၇၆ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊အကွက်အမှတ် ၄၀၊ ကံလှပန်းဘဲတန်းရပ်၊ ဦးပိုင်အမှတ် ၅၈၊ ဧရိယာ ၀ဒသမ၂၂၀ဧကရှိ မြေသည် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်၊ ၅၄ V ၁၉၉၅-၁၉၉၆အရ နှစ်(၃၀)ဂရန် ရရှိပြီးဖြစ်ကြောင်း၊ ၎င်းဂရန်စာချုပ်မူရင်းသည် ပျက်စီးပျောက်ဆုံးသွား၍ မြေငှားဂရန်စာချုပ်မိတ္တူထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဤဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဟင်္သာတမြို့

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း
စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။
ဗုဒ္ဓဘုရားဟောဖော်ကြားသည့် – လေးပါးသြသဓဆေးမည်စွာ

ဦးဘညိန်–သား
စတုမဓု
ကျော်ဆေးတိုက်မှထုတ်လုပ်သည်။
TMR-003261
ဆိုင် – ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း–၂၄၀၉၆၆ (လိုင်းခွဲ)၄၁၅
ပင်ရင်း – ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း–၀၁ ၅၄၉၁၁၆

➤ အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
➤ အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့ ။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

မိခင်အမည်မှန်

ကော့ကရိတ်မြို့နယ် အထက(ခွဲ) တောင်ကမ္ဘရိက်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မလှစန်းတင့်၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ချိုအေး ၁၀/ကမရ(နိုင်)၁၁၀၂၀၅ ဖြစ်ပါကြောင်း။

ဒေါ်ခိုင်ချိုအေး

အမည်မှန်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထက(ကမာစဲ) တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးမျိုးအောင်၏ သားအမည်မှန်မှာ မောင်ချစ်ဆန်းငြိမ်းဖြစ်ပါကြောင်း။

မောင်ချစ်ဆန်းငြိမ်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2273 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/5541 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၊ (၁၀)ရပ်ကွက် ဇေယျာ(၉)လမ်း၊တိုက်အမှတ် (၃၇၀)၊ ဒုတိယထပ် (တတိယလွှာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၉ပေ× ၅၄ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဒေါ်စောစန္ဒာ (၁၃/လရန (နိုင်)၀၀၄၈၁၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် (၂၈-၉-၂၀၁၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L,	LL.B, D.B.L, D.I.L, D.M.L,
